**လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၅၃.၃၈၈ သန်းဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၅၂.၉၁၇ သန်း ဖြစ်ရာ တစ်နှစ်အတွင်း လူဦးရေ ၀.၄၇ သန်း တိုးတက်ခဲ့ပါသည်။ အမျိုးသားဦးရေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂၅.၆၅ သန်းဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၅.၄၅ သန်း ဖြစ်ရာ ၀.၂၀ သန်း၊ အမျိုးသမီးဦးရေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂၇.၇၄ သန်း ဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၇.၄၇ သန်း ဖြစ်ရာ ၀.၂၇ သန်း အသီးသီးတိုးတက်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လူဦးရေ တိုးတက်မှုနှုန်းမှာ ၀.၈၉ ရာခိုင်နှုန်း ဖြစ်ပါ သည်။

**လူဦးရေသိပ်သည်းမှု။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တစ်စတုရန်းကီလိုမီတာလျှင် ၇၈.၉ ဦး ဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တစ်စတုရန်းကီလိုမီတာလျှင် ၇၈.၂ ဦး ဖြစ်ပါ သည်။

**မြို့ပြလူဦးရေ။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၅.၅၆၀ သန်း ရှိရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၅.၇၆၃ သန်း ဖြစ်ပါသည်။

**ကျေးလက်လူဦးရေ။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃၇.၃၅၇ သန်း ရှိရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၃၇.၆၂၅ သန်း ဖြစ်ပါသည်။

**အာဆီယံဒေသတွင်းနိုင်ငံများနှင့် လူဦးရေအရွယ်အစားနှိုင်းယှဉ်ချက်။** ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ၏လူဦးရေသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခန့်မှန်းလူဦးရေ ၆၄၂.၇ သန်းတွင် ၈.၃ ရာခိုင်နှုန်း ပါဝင်နေပြီး၊ အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံ(အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ စင်ကာပူ၊ ဘရူနိုင်း)တို့တွင် အဆင့် (၅) နေရာ၌ ရှိ၍ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းတို့၏နောက်တွင် ရပ်တည်နေပါသည်။

**လုပ်သားအင်အား။** ၂၀၁၇ ခုနှစ်လုပ်သားအင်အားစစ်တမ်းအစီရင်ခံစာအရ အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိသူ ဦးရေ ၃၆.၃၉၄ သန်းတွင် လုပ်သားအင်အား အနေဖြင့် ၂၂.၃၈၉ သန်း ရှိပြီး အမျိုးသား ၁၂.၉၅၅ သန်းနှင့် အမျိုးသမီး ၉.၄၃၄ သန်း ပါဝင်ပါသည်။ လုပ်သားအင်အား ပါဝင်မှုနှုန်းမှာ ၆၁.၅ ရာခိုင်နှုန်းဖြစ်ပြီး၊ အမျိုးသား ၇၈.၀ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၄၇.၇ ရာခိုင်နှုန်း ရှိပါ သည်။


**အလုပ်လက်ရှိ။** အလုပ်လက်ရှိဦးရေမှာ ၂၁.၉၁၂ သန်း ရှိပြီး၊ အမျိုးသား ၁၂.၇၅၇ သန်းနှင့် အမျိုးသမီး ၉.၁၅၅ သန်းတို့ အလုပ်လုပ်ကိုင်လျက်ရှိပါသည်။

**အလုပ်လက်မဲ့။** အလုပ်လက်မဲ့ဦးရေမှာ ၀.၄၇၇ သန်းရှိပြီး၊ အမျိုးသား ၀.၁၉၇ သန်း နှင့် အမျိုးသမီး ၀.၂၈၀ သန်းတို့ ပါဝင်ပါသည်။ အလုပ်လက်မဲ့နှုန်းမှာ ၂.၁ ရာခိုင်နှုန်းဖြစ်၍ အမျိုးသား ၁.၅ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၃.၀ ရာခိုင်နှုန်းရှိပါသည်။

**အလုပ်ရရှိမှု။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း အလုပ်ရရှိသူဦးရေ ၀.၁၂၁ သန်းရှိပြီး၊ အစိုးရမှ ၀.၀၀၈ သန်းနှင့် ပုဂ္ဂလိကမှ ၀.၁၁၃ သန်းတို့ကို အလုပ်ရရှိ စေခဲ့ပါသည်။

**အခြေခံအဆောက်အအုံဆိုင်ရာ အသုံးပြုနိုင်မှု။** စီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း ဆောင်ရွက်ခဲ့သည့် အခြေခံအဆောက်အအုံဆိုင်ရာများဖြစ်သည့် လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်မှု၊ ဆက်သွယ်ရေးနှင့် မိုဘိုင်းဖုန်းအသုံးပြုနိုင်မှုနှင့် ခရီးသွားလုပ်ငန်း စသည်တို့အား တင်ပြအပ်ပါသည်။

**ပုံ(၂-၁၅) လျှပ်စစ်ဓာတ်အား တပ်ဆင်အင်အား**





နိုင်ငံပိုင် လျှပ်စစ်ဓာတ်အား တပ်ဆင်ထားသည့်အင်အားအနေဖြင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် တပ်ဆင်ထားသည့် အင်အား ၅,၆၈၃ မဂ္ဂါဝပ်ရှိပြီး စီမံကိန်းရည်မှန်းချက်အပေါ် ၉၁.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ယခင်နှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် တပ်ဆင်ထားသည့် အင်အား ၅,၄၃၇ မဂ္ဂါဝပ်ရှိသဖြင့် နှိုင်းယှဉ်ကြည့်ပါက တပ်ဆင်ထားသည့် အင်အား ၂၄၆ မဂ္ဂါဝပ် တိုးတက်တပ်ဆင်နိုင်ပါသည်။

ဓာတ်မြစ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

**လျှပ်စစ်ဓာတ်အားသုံးစွဲမှု။** ပြည်တွင်းလျှပ်စစ် ဓာတ်အားသုံးစွဲမှုသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ကီလိုဝပ်နာရီ ၁၀,၆၅၅.၆ သန်း ရှိပါသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်နှင့် နှိုင်းယှဉ်လျှင် ကီလိုဝပ်နာရီ ၈၃၉.၀ သန်း တိုးတက်ခဲ့ပါသည်။ လျှပ်စစ်မီး ရရှိသော ကျေးရွာများမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ၃၂,၄၃၃ ရွာ မီးလင်းပြီးဖြစ်၍ ၅၁၂ ရွာ ထပ်မံမီးလင်းခဲ့ပါသည်။

ပုံ (၂-၁၆) လျှပ်စစ်ဓာတ်အားသုံးစွဲမှု




မကွေးတိုင်းဒေသကြီး မြစ်သာရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ စက်စွမ်းအားပြည့် ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခြင်း၊ ရန်ကုန် တိုင်းဒေသကြီး လှော်ကားစွန့်ပစ် အပူသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို အဆင့်မြှင့်တင် လည်ပတ်နိုင်ခြင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ် အားပေးစက်ရုံ အဆင့်မြှင့်တင်၍ ပြန်လည် လည် ပတ်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး သာကေတ ဓာတ်အားပေး စက်ရုံစတင် လည်ပတ်နိုင်ခြင်းတို့ ကြောင့် လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ် နိုင်ခဲ့ပြီး ပြည်သူများ ပိုမိုသုံးစွဲနိုင်ခဲ့ပါသည်။

ဓာတ်မြစ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ


**ဆက်သွယ်ရေးနှင့်မိုဘိုင်းဖုန်းအသုံးပြုနိုင်မှု။** တပ်ဆင်ပြီး အော်တိုတယ်လီဖုန်းလိုင်းများမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် လိုင်းပေါင်း ၅၁၆,၈၃၁ ဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် လိုင်းပေါင်း ၅၂၀,၃၇၂ ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ မတ်လကုန်အထိ မိုဘိုင်းဖုန်း အသုံးပြုနိုင်မှုမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူးမြန်မာလီမိတက်နှင့် တယ်လီနော မြန်မာလီမိတက်တို့မှ စုစုပေါင်းအရေအတွက် ၅၆,၂၁၀,၅၀၈ ဖြစ်ပါသည်။

**အင်တာနက်အသုံးပြုမှု။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်ကုန်တွင် အင်တာနက် အသုံးပြုမှု လိုင်းပေါင်းမှာ MPT Satellite Terminal, B2B Internet Line, ADSL Line၊ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူး မြန်မာလီမိတက်နှင့် တယ်လီနော မြန်မာလီမိတက်တို့မှ စုစုပေါင်း တပ်ဆင်ပြီး အင်တာနက်လိုင်း အရေအတွက်မှာ လိုင်းပေါင်း ၅၆,၂၃၁,၄၄၄ လိုင်း အသုံးပြုလျက် ရှိပါသည်။ စာတိုက်လုပ်ငန်းတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် အစိုးရစာတိုက်ပေါင်း ၁,၃၈၁ ခု ဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ၁,၃၈၂ ဖြစ်ပါသည်။

**ကျန်းမာရေးကဏ္ဍ။** ကျန်းမာရေးကဏ္ဍအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်သူ့ဆေးရုံ ၁,၂၂၂ ရုံ ဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁,၂၁၅ ရုံ ဖြစ်ရာ ပြည်သူ့ဆေးရုံ ၇ ရုံ တိုးချဲ့ဖွင့်လှစ် နိုင်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင် ခုတင် ၅၅,၀၂၂ လုံး ဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၅၄,၈၄၄ လုံး ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆရာဝန် ၄၁,၇၅၆ ဦး ၊ သူနာပြု

၃၆,၈၂၆ ဦး နှင့် သားဖွားဆရာမ ၁၄,၂၉၂ ဦး ဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆရာဝန် ၄၀,၂၆၀ ဦး၊ သူနာပြု ၃၆,၃၅၁ ဦး နှင့် သားဖွားဆရာမ ၁၃,၇၈၇ ဦး ဖြစ်ပါသည်။


### ပုံ (၂-၁၇) ဆရာဝန်ဦးရေ




ဓာတ်မြစ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်စေရန်အတွက်လည်းကောင်း၊ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပေးရာတွင် ထိရောက် ထက်မြက်၍ အရည်အသွေးပြည့်ဝသော ဆရာဝန်များ ပေါ်ထွန်းလာစေရန်အတွက် နှစ်အလိုက် ဆရာဝန်ဦးရေ တိုးမြှင့်ခန့်ထားပေးခဲ့ပါသည်။


### ပုံ (၂-၁၈) သူနာပြုဦးရေ




ဓာတ်မြစ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

အရည်အသွေး ပြည့်ဝသောကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံတစ်ဝှမ်း လွှမ်းခြုံနိုင်စေရန်အတွက် ကျေးလက်ဒေသမှ အစပြု၍ မြို့ပြဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်မှုရှိစေရန် နှစ်အလိုက် သူနာပြုများအား တိုးမြှင့်ခန့်ထားခဲ့ပါသည်။

ပုံ (၂-၁၉) သားဖွားဆရာမဦးရေ





ဓာတ်မြစ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက် ကျန်းမာရေး ဌာနခွဲတို့ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး သားဖွား ဆရာမများ တိုးမြှင့်ခန့်ထား နိုင်ခဲ့သည့် အတွက် သားဖွား ဆရာမဦးရေ တိုးတက်ခဲ့ ပါ သည်။

ပညာရေးကဏ္ဍ။ အခြေခံပညာရေးနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်ကဏ္ဍအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၄၆,၄၉၄ ကျောင်း ဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၄၆,၀၀၇ ကျောင်း ဖြစ်ရာ ၄၈၇ ကျောင်း တိုးတက်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျောင်းသား ဦးရေထောင်ပေါင်း ၈,၉၇၆ ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျောင်းသားဦးရေ ထောင်ပေါင်း ၈,၉၀၇ ဖြစ်ရာ ကျောင်းသား ဦးရေ ထောင်ပေါင်း ၆၉ ဦး တိုးတက်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆရာ/ ဆရာမ ၃၉၇,၂၈၇ ဦး ဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃၇၁,၁၅၇ ဦး ဖြစ်ရာ ၂၆,၁၃၀ ဦး တိုးတက်လာပါသည်။ အဆင့်မြင့်ပညာရေးအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျောင်း ၁၇၇ ကျောင်း၊ ကျောင်းသား ၇၆၆,၀၂၆ ဦးနှင့် ဆရာ/ ဆရာမ ၂၇,၆၅၃ ဦး ဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျောင်း ၁၇၆ ကျောင်း၊ ကျောင်းသား ၈၃၅,၃၆၂ ဦး နှင့် ဆရာ/ ဆရာမ ၂၆,၆၂၅ ဦးဖြစ်ရာ ကျောင်း ၁ ကျောင်းနှင့် ဆရာ/ ဆရာမ ၁,၀၂၈ ဦး အသီးသီးတိုးတက်ခဲ့ပြီး၊ ကျောင်းသား ၆၉,၃၃၆ ဦးလျော့နည်းခဲ့ပါသည်။


ပုံ (၂-၂၀) အခြေခံပညာကျောင်းများအခြေအနေ




ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

မူလတန်းလွန် ကျောင်းများကို အလယ်တန်း ကျောင်းများအဖြစ် အဆင့်မြှင့်တင်ခြင်းကြောင့် မူလတန်းကျောင်း အရေအတွက် လျော့နည်းသွားခြင်း ဖြစ်ပါသည်။ ကျောင်းနေအရွယ် ကလေးအားလုံး ပညာရေးအဆင့်တိုင်းတွင် လက်လှမ်းမီနိုင်ရေးအတွက် ကျောင်းများ တိုးချဲ့ ဖွင့်လှစ်ခြင်းကြောင့် အခြေခံပညာကျောင်းများ အရေအတွက် တိုးတက်ခဲ့ခြင်းဖြစ်ပါသည်။


ပုံ(၂-၂၁)အခြေခံပညာကျောင်းဆရာများအခြေအနေ




ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

ကျောင်းသား၊ ဆရာ အချိုးမျှတရေးအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်းဆင်းနှင့် ပညာရေးတက္ကသိုလ်ဆင်း ဆရာ/ ဆရာမများနှင့် နေ့စားဆရာ/ ဆရာမများ ဖြည့်ဆည်းပေးခဲ့သဖြင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပြ ဆရာဦးရေ တိုးတက်ခဲ့ခြင်း ဖြစ်ပါသည်။


ပုံ (၂-၂၂) အခြေခံပညာကျောင်းသားများအခြေအနေ




ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

အခမဲ့ ပညာရေးစနစ် ဖော်ဆောင်မှုနှင့် အတူ ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခြင်းနှင့် ကျောင်းပြင်ပ ပညာရေးဖော်ဆောင်မှုများကြောင့် စုစုပေါင်း ကျောင်းသားဦးရေ တိုးတက်ခဲ့ခြင်း ဖြစ်ပါသည်။

ပုံ(၂-၂၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များအခြေအနေ




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ


ကသာ ပညာရေးကောလိပ်၊ ဟားခါး ပညာရေးကောလိပ်၊ ဟားခါး ကောလိပ်၊ ကျိုင်းတုံ ပညာရေးကောလိပ်တို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသားဦးရေ အနေဖြင့် အဝေးသင် ကျောင်းသားများ နှစ်အလိုက် ပညာသင် အရေအတွက် မတူညီခြင်းနှင့် ကျောင်းအပ် လက်ခံဆဲကာလ ဖြစ်သည့်အတွက် ကျောင်းသားဦးရေ လျော့နည်းရခြင်း ဖြစ်ပါသည်။

**နိုင်ငံရပ်ခြားခရီးသည်များ။** မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ကမ္ဘာလှည့်ခရီးသည် ၁,၈၄၉,၄၂၆ ဦး ဝင်ရောက်ခဲ့ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ၁,၇၇၈,၉၈၈ ဦး ဝင်ရောက်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈

ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ကမ္ဘာလှည့် ခရီးသည်ဝင်ရောက်မှု တိုးတက်ခဲ့သော်လည်း သုံးစွဲခဲ့သည့် နိုင်ငံခြားငွေမှာ ယခင်နှစ်အလားတူ ကာလထက် လျော့နည်းခဲ့ပါသည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစား အသီးသီးထံသို့ဝင်ငွေများ တိုက်ရိုက်၊ သွယ်ဝိုက်၊ တစ်ဆင့်ခံနည်းလမ်းများဖြင့် စီးဝင်ရောက်စေခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးမှု မရှိစေရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်သွားရန်လည်း စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**ပုံ (၂-၂၄) မြန်မာနိုင်ငံသို့လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်နှင့် သုံးစွဲခဲ့သည့်နိုင်ငံခြားငွေ**




ခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် အတူ သဘာဝပတ်ဝန်းကျင်များ ပျက်စီးမှု မရှိစေရေး ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လာရောက်လည်ပတ်သော ပြည်ပခရီးသည်များမှ ဒေသခံလူထုနှင့် ပိုမိုရင်းနှီးခင်မင်စွာ ဆက်ဆံနိုင်ရေး၊ အပြန်အလှန် နားလည်မှု ပိုမိုရရှိရေးနှင့် ရိုးရာဓလေ့ထုံးစံများကို သိရှိနားလည် လေးစားလိုက်နာရေး ဆောင်ရွက်နိုင်စေရန် လူထုအခြေပြု ခရီးသွားလုပ်ငန်းကို စနစ်တကျစီမံဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်သော စီးပွားရေးရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်ခြင်းနှင့် ကိန်းဂဏန်း စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်းပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဇာစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

ဇယား(၂-၅)

မြန်မာနိုင်ငံ၏ လူမှုရေးအခြေအနေ

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် |
|---|---|---|---|---|
| **လူမှုရေးဖွံ့ဖြိုးတိုးတက်မှု** | | | | |
| စုစုပေါင်း | ထောင်ပေါင်း | ၅၂,၄၅၀ | ၅၂,၉၁၇ | ၅၃,၃၈၈ |
| ကျား | ထောင်ပေါင်း | ၂၅,၂၅၆ | ၂၅,၄၅၁ | ၂၅,၆၄၈ |
| မ | ထောင်ပေါင်း | ၂၇,၁၉၄ | ၂၇,၄၆၆ | ၂၇,၇၄၀ |
| ကျား/မအချိုး | ရာခိုင်နှုန်း | ၉၃ | ၉၃ | ၉၂ |
| မြို့ပြ | ထောင်ပေါင်း | ၁၅,၃၆၄ | ၁၅,၅၆၀ | ၁၅,၇၆၃ |
| ကျေးလက် | ထောင်ပေါင်း | ၃၇,၀၈၆ | ၃၇,၃၅၇ | ၃၇,၆၂၅ |
| လူဦးရေတိုးနှုန်း | % | ၀.၈၈ | ၀.၈၉ | ၀.၈၉ |
| လူဦးရေသိပ်သည်းမှု (တစ်စတုရန်းကီလိုမီတာ) | ဦးရေ | ၇၇.၅ | ၇၈.၂ | ၇၈.၉ |
| **အခြေခံအဆောက်အအုံဆိုင်ရာသုံးစွဲမှု** | | | | |
| လျှပ်စစ်မီးရရှိသောကျေးရွာ | ဦးရေ | ၃၀,၃၃၀ | ၃၁,၇၂၈ | ၃၂,၄၃၃ |
| **ထုတ်လုပ်မှု** | | | | |
| ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု | ကီလိုဝပ်နာရီ (သန်း) | ၈,၅၆၀.၈ | ၉,၈၁၆.၆ | ၁၀,၆၅၅.၆ |
| ရေနံစိမ်းထုတ်လုပ်မှု | အမေရိကန်စည်(ထောင်) | ၂,၇၇၅.၇၇၀ | ၂,၅၆၃.၂၇၆ | ၂,၄၄၁.၆၉၁ |
| သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု | ကုဗပေ(သန်း) | ၃၂၈,၁၀၁ | ၃၂၀,၅၃၂ | ၃၃၀,၁၃၇ |
| **ဆက်သွယ်ရေး** | | | | |
| အော်တိုတယ်လီဖုန်းလိုင်းများ | လိုင်း | ၅၂၁,၆၂၆ | ၅၁၆,၈၃၁ | ၅၂၀,၃၇၂ |
| မိုဘိုင်းဖုန်းလိုင်း | လိုင်း | ၄၉,၄၁၄,၆၇၁ | ၄၄,၄၁၈,၀၉၇ | ၅၆,၂၁၀,၅၀၈ |
| အင်တာနက်/အီးမေးလ်လိုင်း | လိုင်း | ၃၉,၁၃၃,၇၄၇ | ၄၄,၄၃၉,၃၉၁ | ၅၆,၂၁၃,၄၄၄ |
| စာတိုက် | ခုရေ | ၁,၃၇၈ | ၁,၃၈၁ | ၁,၃၈၂ |

ဇယား(၂-၅) အဆုံး

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် |
|---|---|---|---|---|
| **ကျန်းမာရေး** | | | | |
| ပြည်သူ့ဆေးရုံများ | ဦးရေ | ၁,၁၉၁* | ၁,၂၁၅* | ၁,၂၂၂* |
| ခုတင်(နိုင်ငံပိုင်) | ဦးရေ | ၅၄,၇၀၃* | ၅၄,၈၄၄* | ၅၅,၀၂၂* |
| ဆရာဝန် | ဦးရေ | ၃၅,၁၇၁* | ၄၀,၂၆၀* | ၄၁,၇၅၆* |
| သူနာပြု | ဦးရေ | ၃၄,၂၀၉* | ၃၆,၃၅၁* | ၃၆,၈၂၆* |
| သားဖွားဆရာမ | ဦးရေ | ၁၁,၃၇၆* | ၁၃,၇၈၇* | ၁၄,၂၉၂* |
| **ပညာရေး(အခြေခံ)** | | | | |
| **အစိုးရ** | | | | |
| ကျောင်း | ဦးရေ | ၄၅,၄၈၆* | ၄၆,၀၀၇* | ၄၆,၄၉၄* |
| ကျောင်းသား | ဦးရေ(ထောင်) | ၈,၆၈၅* | ၈,၉၀၇ * | ၈,၉၇၆ * |
| ဆရာ/ဆရာမ | ဦးရေ | ၃၇၀,၃၅၇* | ၃၇၁,၁၅၇ * | ၃၉၇,၂၈၇ * |
| ပုဂ္ဂလိက | | | | |
| ကျောင်း | ဦးရေ | ၄၃၈* | ၅၈၅* | ၇၃၀* |
| ကျောင်းသား | ဦးရေ | ၁၀၈,၃၇၅* | ၁၄၀,၈၆၀* | ၁၇၉,၃၉၉* |
| ဆရာ/ဆရာမ | ဦးရေ | ၇,၃၅၈* | ၈,၃၄၃* | ၁၀,၃၉၈ * |
| **ပညာရေး(အဆင့်မြင့်)** | | | | |
| **အစိုးရ** | | | | |
| ကျောင်း | ဦးရေ | ၁၇၃* | ၁၇၆* | ၁၇၇* |
| ကျောင်းသား | ဦးရေ | ၉၁၉,၄၄၉* | ၈၃၅,၃၆၂* | ၇၆၆,၀၂၆* |
| ဆရာ/ဆရာမ | ဦးရေ | ၂၆,၆၄၀* | ၂၆,၆၂၅* | ၂၇,၆၅၃* |
| **နိုင်ငံရပ်ခြားခရီးသည်များ** | | | | |
| ကမ္ဘာလှည့်ခရီးသည်များ | ဦးရေ | ၂,၀၉၀,၁၃၄ | ၁,၇၇၈,၉၈၈ | ၁,၈၄၉,၄၂၆ |

* ဒုတိယ(၆) လပတ်ကုန်အထိ စာရင်းများ ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ဖြစ်ပေါ်ခဲ့သည့် တိုးတက်မှုနှုန်းနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုရှိခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ်အတွင်း အကောင်အထည်ဖော်နိုင်မှုအနေဖြင့် ၅၈ ရာခိုင်နှုန်းနှင့် ၇၅ ရာခိုင်နှုန်းကြား အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

## အခန်း(၃)

## ကဏ္ဍစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေနှင့် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ


**ကဏ္ဍစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ**

**လယ်ယာကဏ္ဍ။** လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးသည် အဓိကကျသည့် အခန်းမှ ပါဝင်ပါသည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့် နေထိုင်သည့် ကျေးလက်ပြည်သူများ ဝင်ငွေရရှိရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရန် လိုအပ်ပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁၄,၇၅၁,၃၀၄.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၄.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၁) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ၏ ဒုတိယ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁၀,၆၈၇,၅၃၂.၀ သန်းရရှိခဲ့သဖြင့် တစ်နှစ်လုံးအတွက် စီမံကိန်းရည်မှန်းချက်အပေါ် ၇၂.၅ ရာခိုင်နှုန်း

အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူ ကာလအပေါ် **ပုံမှန်ဈေးနှုန်းများ**အရ ၀.၁ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်း ကျဆင်းမှုဖြစ်ပေါ်ခဲ့သဖြင့် မတ်ပဲ စိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ် စိုက်ပျိုးထုတ်လုပ်မှုအောက် ဧက ၅ သိန်းခန့် လျော့နည်းခဲ့ပါသည်။ လျော့နည်းခဲ့သည့် မတ်ပဲစိုက်ဧရိယာများတွင် အခြားသီးနှံများဖြစ်သည့် ပဲတီစိမ်း၊ စားတော်ပဲ၊ ကုလားပဲ၊ အစရှိသည့် ပဲမျိုးစုံသီးနှံများ၊ မြေပဲ၊ နှမ်းအစရှိသည့် ဆီထွက် သီးနှံများနှင့် အခြား နှံစားသီးနှံများ၊ အစားထိုးစိုက်ပျိုးခဲ့ပါသည်။

တောင်သူများ စိုက်ပျိုးထုတ်လုပ်ရာ၌ အထွက်တိုးစေရန် အခြေခံလိုအပ်ချက်ဖြစ်သည့် ရေမြေဒေသနှင့် ကိုက်ညီသော အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသော သီးနှံမျိုးကောင်းမျိုးစေ့များ ထုတ်လုပ်လျက်ရှိရာ မျိုးသန့်မျိုးစေ့ထုတ်လုပ်သူများ အသင်း (SGA) မှ စပါး (RS-CS) ဧက ၂,၄၈၆ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ဆီအုန်းခြံ ၇ ခြံ ၌ ဆီအုန်းစံပြကွက် ၈၇ ဧက၊ ဆီအုန်း သုတေသန စမ်းသပ်ကွက် ၁၂၄.၇၃ ဧက၊ စုစုပေါင်း ၂၁၁.၇၃ ဧက ဆောင်ရွက်ခဲ့ပါသည်။

သုတေသန စမ်းသပ်ကွက်များ ဆောင်ရွက်ခြင်းအနေဖြင့် စပါးသီးနှံသုတေသန စမ်းသပ်ကွက်ကိုလည်းကောင်း၊ မျိုးမွေးမြူခြင်း၊ ရွေးချယ်ခြင်း၊ စိုက်စနစ်စမ်းသပ်ခြင်း၊ ဘိုင်အို Soil စမ်းသပ်ကွက်ကိုလည်းကောင်း၊ စပါးသိုလှောင်ချိန် ကြွက်ကြောင့် အလေအလွင့်ဆုံးရှုံးမှုမရှိစေရေး သုတေသန ပြုလုပ်ခြင်း၊ စနစ်တကျ ကြွက်ကာကွယ် နှိမ်နင်းခြင်းဆိုင်ရာ စမ်းသပ်ကွက်ကိုလည်းကောင်း၊ ဆီထွက်သီးနှံဆိုင်ရာ စမ်းသပ်ကွက်ကိုလည်းကောင်း၊ အစေ့ထုတ်ပြောင်းသီးနှံဆိုင်ရာ စမ်းသပ်ကွက်ကို လည်းကောင်း ပြုလုပ်နိုင်ခဲ့ပါသည်။


သီးနှံများစိုက်ပျိုး ထုတ်လုပ်နိုင်ရန် လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေများကို စိုက်ပျိုး ထုတ်လုပ်သူတောင်သူများသို့ ထုတ်ချေးသည့်သီးနှံများအနက် စပါးသီးနှံကိုတစ်ဧကလျှင် ငွေကျပ် ၁၅၀,၀၀၀ နှုန်းဖြင့် တိုးမြှင့်သတ်မှတ်ပြီး၊ အတိုးနှုန်းအနည်းငယ်ဖြင့် သီးနှံ အမျိုးအစားအလိုက် လည်းကောင်း၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် တောင်သူများအသုံးပြုရန် လိုအပ်သည့်စက်ကိရိယာများကို အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်ရန် ဖွံ့ဖြိုးရေးချေးငွေအဖြစ်လည်းကောင်း၊ အထူးစီမံချက် ချေးငွေများအဖြစ်လည်းကောင်း နှစ်တိုချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကျပ် ၂၉၁,၀၀၄.၆၅၀ သန်းထုတ်ချေးပေးခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လယ်ယာကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။

## ပုံ (၃-၃)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

အစီရင်ခံသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် တွင် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေ တို့တွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ်ထက် တိုးတက်မှုနှုန်း လျော့နည်းခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပြည်ပဝယ်လိုအားအပေါ် မှီခိုသည့် သီးနှံအချို့ စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ မောင်တောဒေသနယ်မြေအတွင်း တည်ငြိမ်မှု ပျက်ပြားခဲ့ခြင်းကြောင့်လည်းကောင်း သီးနှံများ၏ စိုက်ဧကနှင့် အထွက်များ လျော့နည်းခဲ့ပါသည်။

**သားငါးကဏ္ဍ**။ စားနပ်ရိက္ခာဖူလုံရေး၊ ပြည်သူများ အာဟာရပြည့်ဝရေးနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဦးတည်လျက် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၆,၉၇၀,၉၀၄.၆ သန်းအကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၃.၄ ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းခဲ့ပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ (၆) လပတ်အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၃-၄) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၅) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သားငါးကဏ္ဍ၏ဒုတိယ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၄,၀၀၀,၅၉၁.၇ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၇.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၇.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ရေချို၊ ရေငန်ငါးဖမ်းဆီးထုတ်လုပ်မှုများ စနစ်တကျရှိစေရေး၊ လယ်ယာ၊ သားငါးထုတ်ကုန်များ တိုးမြင့်ထုတ်လုပ်နိုင်ရေးတို့အတွက် စိုက်ပျိုးမွေးမြူရေး အထူးဇုန်များ တည်ထောင်ရေး၊ တောင်သူလယ်သမား အစုအဖွဲ့များ၊ မွေးမြူသူအစုအဖွဲ့များ၊ ရေရယူအသုံးချသူ အစုအဖွဲ့များနှင့် သမဝါယမအသင်းများ ဖွဲ့စည်းတည်ထောင်ပြီး မြေယာများကို စနစ်တကျ ဖော်ထုတ်အသုံးချခြင်းနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ (Land Consolidation and Land Use Management) ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါသည်။

မွေးမြူရေးဇုန်များတွင် ဥစားကြက်၊ အသားစားကြက်၊ နို့စားနွား၊ အသားစားနွား၊ ဆိတ်၊ ဝက်နှင့် ဘဲမွေးမြူရေးလုပ်ငန်းများ တိုးတက်လာခြင်း၊ မွေးမြူထားရှိသည့် တိရစ္ဆာန်များအား ကျန်းမာရေး စောင့်ရှောက်ပေးနိုင်ခြင်း၊ မွေးမြူရေးစရိတ်ချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့ခြင်းများ ဆောင်ရွက်ခဲ့ ပါသည်။ ပွင့်လင်းရာသီတွင်အင်းများ၊ ချောင်းများမှ ငါးဖမ်းဆီးရရှိမှု များပြားခဲ့သည့်အပြင် ရေချို ရေငန်ငါး၊ ပုစွန် ထုတ်လုပ်မှုများ တိုးတက်လာပါသည်။

ဒုတိယ (၆)လပတ်အတွင်း အသားထုတ်လုပ်မှုစုစုပေါင်း ပိဿာ ၉၇၁.၉ သန်း၊ ဥထုတ်လုပ်မှု စုစုပေါင်း လုံးရေ ၆,၂၅၄.၂သန်း၊ ငါး၊ ပုစွန်ထုတ်လုပ်မှု စုစုပေါင်း ပိဿာ ၂,၀၆၄.၃ သန်းနှင့် ပုလဲ ထုတ်လုပ်မှု မိုမီထောင်ပေါင်း ၃၁၅.၅ ထုတ်လုပ်နိုင်ခဲ့ပါသည်။ အစီရင်ခံသည့် ကာလအတွင်း ပြည်ပသို့ တိရစ္ဆာန်ထွက်ပစ္စည်း ၂၂,၀၃၀ တန်နှင့် ဆိတ်အရှင် ၇၆,၆၈၇ ကောင်နှင့် ရေထွက်ပစ္စည်း မက်ထရစ်တန် ၃၅၇,၉၀၇.၃၂ သန်း တင်ပို့ခဲ့ပါသည်။ သားငါးထွက်ပစ္စည်း တင်ပို့မှုတန်ဖိုးမှာ စုစုပေါင်း အမေရိကန် ဒေါ်လာ ၄၆၈.၇၅၁ သန်း ဖြစ်ပါသည်။

မူးယစ်ဆေးဝါး ပပျောက်ရေး စီမံကိန်းဒေသရှိမြို့နယ် ၅၀ တွင် ကျပ် ၁၈ သန်း တန်ဘိုးရှိ ဒေသကြက် ၃၀၀၀ ကောင် ဖြန့်ဖြူးပေးခြင်း၊ တိရစ္ဆာန် ကျန်းမာရေး ဝန်ဆောင်မှုပေးခြင်း၊ မွေးမြူရေး အသိပညာပေး ဟောပြောပွဲပြုလုပ်ခြင်း၊ မွေးမြူရေးအထောက်အကူပြုသင်တန်း ဖွင့်လှစ် သင်ကြားပေး ခြင်း၊ မွေးမြူရေးလက်ကမ်းစာစောင် ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျေးလက်ဒေသ တိုင်းရင်းကြက် မွေးမြူမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်တွင် စံပြတိုင်းရင်းကြက် မျိုးထိန်းမျိုးပွားခြံမှ မျိုးကောင်းမျိုးသန့်ကြက်များ ဖြန့်ဖြူးပေးလျက်ရှိပါသည်။ မျိုးထိန်းမျိုးပွားခြံအဖြစ် မွေးမြူလျှက်ရှိသော ရွာသာကြီးဘဲမွေးမြူရေးခြံမှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဘဲမျိုးကောင်းမျိုးသန့်များဖြန့်ဖြူးဆောင်ရွက်လျှက်ရှိပါသည်။

ကျွဲ၊ နွားရောဂါကာကွယ်ဆေး(၄)မျိုး၊ ဝက်ကာကွယ်ဆေး(၂)မျိုး၊ ကြက်ကာကွယ်ဆေး (၁)မျိုးကို ဆေးအဆ ထောင်ပေါင်း ၁၂,၁၀၉.၈၈၀ ထုတ်လုပ်နိုင်ပြီး၊ တစ်နှစ်လုံးလျာထားချက်၏ ၄၆.၈၃ ရာခိုင်နှုန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များတွင် တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ် ထိုးနှံခြင်း ကြိမ်ရေထောင်ပေါင်း ၁၄,၉၀၀ ဆောင်ရွက်နိုင်ခဲ့ပြီး ကျွဲ၊ နွား၊ ဝက်၊ ကြက်နှင့်အခြား ကုသမှုလုပ်ငန်းကို ကောင်ရေထောင်ပေါင်း ၂,၂၅၃ ဆောင်ရွက်နိုင်ခဲ့ပါသည်။ မျိုးရည်ခဲချောင်း ထုတ်လုပ်မှုအနေဖြင့် နို့စား နွားမျိုး ၁၂,၄၇၉ ချောင်း၊ ခိုင်းနွားမျိုး ၁၄,၄၁၅ ချောင်း၊ အသားစားနွားမျိုး ၃,၃၇၆ ချောင်း ထုတ်လုပ်ခဲ့ ပါသည်။ နိုက်ထြိုဂျင် အရည်ထုတ်လုပ်မှု ၁၅,၉၉၁ လီတာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဖြူးခဲ့ ပါသည်။ မြန်မာတစ်နိုင်ငံလုံးရှိ တိရစ္ဆာန်ကောင်ရေစာရင်း မှန်ကန်မှုရှိစေရေးအတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရန် လိုအပ်သော တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းပုံစံနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုမည့် ရုံးသုံး စက်ပစ္စည်း ၄ မျိုးတို့အား ဝယ်ယူဖြည့်တင်းပေးနိုင်ခဲ့ပါသည်။

ပုဂ္ဂလိကပျားအုံများ ပျားစာရာသီအလိုက် ရွှေ့ပြောင်းမွေးမြူခြင်းဖြင့် ဝတ်မှုန်ကူး ဝန်ဆောင်မှုကို စိုက်ပျိုးသီးနှံဧကပေါင်း ၇၉၉,၂၀၂ ဧက၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပျားမွေးမြူခြင်းကို စိတ်ဝင်စားကြသော နယ်မြေခံပြည်သူများနှင့် ပုဂ္ဂလိကမွေးမြူသူ ၁,၆၇၃ ဦး ကို ပျားမွေးမြူရေးဆိုင်ရာ လေ့ကျင့်ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။

ငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရန် ငါးသားပေါက် ကောင်ရေ ၁,၅၃၆.၇ သိန်း ထုတ်လုပ်၍ ငါးမျိုးကောင်ရေ ၁,၄၇၃.၈ သိန်း ဖြန့်ဖြူးရောင်းချပေးခြင်း၊ သဘာဝမြစ်ချောင်းအင်းအိုင်များအတွင်းသို့ ငါးမျိုးကောင်ရေ ၆၂.၉ သိန်း မျိုးစိုက်ထည့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ဈေးကွက် လိုအပ်ချက်အရ ကုမ္ပဏီများမှ ငါး/ပုစွန်မျိုးစိတ်များ၊ အစာများတင်သွင်း ခွင့်ပြုလျက်ရှိရာ Penaeusvannamei သားပေါက်ကောင်ရေ ၆၁.၅၈ သန်း၊ P.monodon သားပေါက်ကောင်ရေ ၅.၅၅ သန်း အားတင်သွင်းခဲ့ပြီး၊ M.rosenbergii သားပေါက်ကောင်ရေ ၁၉.၀၀၈ သန်း၊ ငါးသားပေါက် ၀.၉၉၅ သန်း၊ လက်မနီ ရေချိုကျောက်ပုစွန် ၀.၅၂၂သန်း၊ ရေချိုပုစွန်သားပေါက် ၀.၀၉ သန်းတို့အား ပြည်ပမှ တင်သွင်းခဲ့ ပါသည်။ EU ဈေးကွက်သို့ မွေးမြူရေးငါး၊ ပုစွန်၊ ကဏန်းပျော့တို့ တင်ပို့နိုင်ရေးအတွက် NRMP Plan ကို EU တင်ပို့မည့် မွေးမြူရေးကန် ဟက်တာ ၂,၉၇၃.၉၃ တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နမူနာ ကောက်ယူစစ်ဆေးခြင်းကို ဆောင်ရွက်လျှက်ရှိရာ နမူနာ ၁၈၆ ခု ကောက်ယူ၍ ဓါတ်ခွဲခန်းသို့ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ငါးသယ်ရေယာဉ်များဖြင့် ရေထွက်ပစ္စည်းများ ပြည်ပ တင်ပို့ ခြင်းအတွက် သတ်မှတ်အခွန်အခများ ပေးဆောင်၍ တရားဝင်တင်ပို့နိုင်ရန်နှင့် တရားဝင် ငါးဖမ်းဆီး ခြင်းမှ ရရှိသည့် ရေထွက်ပစ္စည်းများဖြစ်ကြောင်း အသိအမှတ်ပြု လက်မှတ် ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျှက်ရှိပါသည်။


အရည်အသွေးကောင်းမွန်သည့် ငါး/ပုစွန်များ ရရှိနိုင်ရေးအတွက် ပြည်ပမှ ငါးပုစွန်မျိုးများ တင်သွင်းခြင်း၊ ငါးပုစွန်အစာ ကုန်ကြမ်းများ၊ ငါးသားပေါက်များ၊ အလှမွေး ငါးများ၊ ငါး/ပုစွန်အားဖြည့် ဆေးဝါးများနှင့် ငါးပုစွန်အစာတောင့်များကို တင်သွင်းခြင်းများကို သတ်မှတ်ချက်များနှင့်အညီ တင်သွင်း ခွင့်ပြုလျက်ရှိပါသည်။ တင်သွင်းလာသည့် မွေးမြူရေးအစာများနှင့် ငါးပုစွန်အစာတောင့်များကို ငါး လုပ်ငန်းဦးစီးဌာန လက်အောက်ရှိ အဏုစိပ် သရုပ်ခွဲခြင်းဆိုင်ရာ ဓာတ်ခွဲခန်းများ ဌာနစိတ်တွင် အရည်အသွေးစစ်ဆေးပေးခြင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် သားငါးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကိုပုံပြဂရပ်ဖြင့် ဖော်ပြ အပ်ပါသည်-

## ပုံ(၃-၆)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် တစ်နှစ်လုံး စီမံကိန်းရည်မှန်းချက်အပေါ် ၆၀.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ပြီး၊ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၄.၅ ရာခိုင်နှုန်း တိုးတက်ပါသည်။ အဓိကအားဖြင့် ပုဂ္ဂလိကကဏ္ဍမှ စီးပွားဖြစ်မွေးမြူသူများမှ မွေးမြူထုတ်လုပ်မှု များလာခြင်းကြောင့် အသားထုတ်လုပ်မှု၊ ကျွဲနို့နွားနို့နှင့် ကျွဲနွားထွက် ပစ္စည်းများ ထုတ်လုပ်မှုများတိုးလာခြင်း နှင့် မွေးမြူရေးငါး၊ ပုစွန် ထုတ်လုပ်မှု တိုးလာခြင်း တို့ကြောင့်ဖြစ်ပါ သည်။

ဧရာဝတီတိုင်းဒေသကြီး အနေဖြင့် တစ်နှစ်လုံး စီမံကိန်းရည်မှန်းချက်အပေါ် ၅၆.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ပြီး၊ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၈.၂ ရာခိုင်နှုန်း တိုးတက်ပါသည်။ အသားကဏ္ဍတွင် ထုတ်လုပ်မှု များလျော့နည်းခဲ့သော်လည်း ငါးကဏ္ဍတွင် အင်းများ၊ ချောင်းများမှ ငါးအမိများလာခြင်း၊ ဘုံငါးဖမ်းကွက်များမှ ငါးကြီးငါးကောင်းများ ဖမ်းဆည်းရရှိမှု များလာခြင်း နှင့် ရေငန်ငါး ဖမ်းဆီးရရှိမှု ပိုမိုလာခြင်းကြောင့် ငါး၊ ပုစွန် ထုတ်လုပ်မှုများ တိုးတက်လာခြင်းတို့ကြောင့် ယခင်နှစ် အလားတူ ကာလထက် တိုးတက်လာခြင်းဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း၊ တောင်ပိုင်း)၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ တွင် မွေးမြူရေး ဇုန်(၂၇)ဇုန် မှ တိရစ္ဆာန် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန် မွေးမြူ ဆောင်ရွက်ခဲ့ပါသည်။


**သစ်တောကဏ္ဍ**။ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေသော သစ်တော သယံဇာတ အရင်းအမြစ်များနှင့် သဘာဝဂေဟစနစ်များ ရေရှည်တည်တံ့ရေး၊ ရာသီဥတု ညီညွတ်မျှတရေးတို့ကို ရရှိစေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဖော်ဆောင်သွားနိုင်ရန်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟန်ချက်ညီစေရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၇၂,၆၇၄.၅ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၃၄.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။


**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၇) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၈) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သစ်တောကဏ္ဍ၏ ဒုတိယ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅၉,၉၈၆.၄ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၈၂.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၅၉.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

သစ်တောများ ကာကွယ် ထိန်းသိမ်းနိုင်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းမှ သစ်ထုတ်လုပ်မှုကို (၁)နှစ် ရပ်ဆိုင်းခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းမှ သစ်ထုတ်လုပ်မှုကို ပြန်လည်ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။ နိုင်ငံပိုင်အခန်းမှ ကျွန်းနှင့်သစ်မာ ထုတ်လုပ်မှုကို ဒုတိယ(၆)လပတ်တွင် ဆောင်ရွက်နိုင်ခဲ့သော်လည်း ရည်မှန်းချက်ပြည့်မီရန် ထုတ်လုပ်နိုင်မှုမရှိသည်ကို တွေ့ရှိရပါသည်။ ကျွန်းနှင့်သစ်မာထုတ်လုပ်မှုသည် ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်

နိုင်မှုမရှိသော်လည်း ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်တွင် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် တိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်အခန်းမှ ကျွန်း ၁၄,၆၅၅ ကုဗတန်နှင့် သစ်မာ ၃၂၁,၆၈၆ ကုဗတန် ထုတ်လုပ်နိုင်ခဲ့ပြီး ပုဂ္ဂလိကပိုင်အခန်းမှ ကျွန်း၊ သစ်မာ၊ ကျွန်းနှင့်သစ်မာတိုင်၊ ကျွန်းနှင့် သစ်မာချော နှင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများဖြစ်သည့် ထင်း၊ မီးသွေး၊ ဝါး နှင့် ကြိမ်အစရှိသည်တို့ကိုလည်း ဒေသတွင်း သုံးစွဲမှုအခြေအနေအရ ထုတ်လုပ်နိုင်ခဲ့ပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်ထုတ်ယူ သုံးစွဲနိုင်ရေးကို ရည်မှန်း၍ သဘာဝတောထိန်းသိမ်းခြင်း လုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အထိ ကျွန်းစိုရိုက်မှတ်ခြင်း ၁၁,၆၄၄ ပင်၊ သစ်မာ ပင်ထောင် ရိုက်မှတ်ခြင်း ၂၀၄,၁၃၈ ပင်၊ ဓမ္မတာမျိုးဆက်ခြင်း ၅၇,၂၂၀ ဧက၊ အုပ်မိုးကာဆိုင်းလှဲခြင်း ၇,၀၃၄ ဧက၊ ပေါင်းသင်ရှင်းလင်း ခြင်း ၂၉,၄၅၀ ဧက၊ ပင်ကျပ်နှုတ်ခြင်း ၂၈,၀၄၀ ဧက၊ နွယ်ဖြတ်ညှောင်ပတ်လှဲခြင်း ၁၂၄,၇၆၅ ဧက၊ သစ်တောလမ်းပြင်ဆင်ခြင်း ၁,၂၆၀ မိုင်၊ ကြိုးဝိုင်းနယ်နိမိတ် ပြင်ဆင်ခြင်း ၁,၆၃၅ မိုင်၊ အကွက် နယ်နိမိတ် ပြင်ဆင်ခြင်း ၁,၂၆၉ မိုင်၊ ကြိုးဝိုင်းတိုးချဲ့ဖွဲ့စည်းခြင်း ၂၂၄ စတုရန်းမိုင်၊ မီးကာကွယ်ခြင်း ၃၄,၅၉၀ ဧကနှင့် သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်း ၁၃,၇၁၀ ဧက တို့ကို ရာသီအလိုက် ဆောင်ရွက် နိုင်ခဲ့ပါသည်။ ထို့အပြင် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း လုပ်ငန်းများကို နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

သစ်တောစိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းများဖြစ်သည့် စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံး စိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ရေဝေရေလဲ စိုက်ခင်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မိုးရာသီကာလ အတွင်း ရည်မှန်းချက် ပြည့်မီစွာစိုက်ပျိုး တည်ထောင်ခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ပုဂ္ဂလိကလုပ်ငန်းရှင် များအား သစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုလျက်ရှိရာတွင်ပုဂ္ဂလိက ကျွန်းစိုက်ခင်း ၄,၆၄၇.၁၈ ဧကနှင့် ပုဂ္ဂလိက သစ်မာစိုက်ခင်း ၄,၅၅၃.၃၇ ဧက တို့ကိုလည်း စိုက်ပျိုးတည်ထောင်ရန် ခွင့်ပြုနိုင်ခဲ့ ပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိရာ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း ၄၁,၀၀၀ ဧက၊ ထင်းအစား အခြားလောင်စာ တိုးမြှင့်အသုံးချရေး ဆောင်ရွက်ခြင်းတွင် စွမ်းအားမြင့်မီးဖိုဖြန့်ဖြူးခြင်း ၈,၃၉၃ လုံး၊ လောင်စာတုံးသုံးစွဲခြင်း ၁,၆၂၃,၇၇၂ တုံး နှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းသုံးစွဲခြင်း ၆၉,၃၃၅ တန်တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ရေရရှိရေး လုပ်ငန်းတွင် ရေကန်ငယ် ၆ ကန်၊ ကျောက်စီနုန်းထိန်းတမံငယ် ၂ ခု၊ မြေအောက် ရေတွင်း ၃ တွင်း၊ တိမ်ကောရေကန်ပြန်လည်တူးဖော်ခြင်း ၂ ကန်နှင့် တစ်ဖက်ရပ်ဆည် ၃ ခု တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ ရေးဆွဲခြင်း၊ အစိမ်းရောင်စီးပွားရေးမူဝါဒနှင့် မဟာဗျူဟာမူဘောင် ရေးဆွဲခြင်း၊ ရေအားလျှပ်စစ်ကဏ္ဍ နှင့် ပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာလမ်းညွှန်ချက်(မူကြမ်း)ရေးဆွဲခြင်း၊ အမျိုးသားအဆင့် ရာသီဥတု


ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် စီမံချက်များ ရေးဆွဲခြင်း၊ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် စီမံချက်များရေးဆွဲခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍဆိုင်ရာ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း လမ်းညွှန်ချက် (မူကြမ်း) ရေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ထို့အပြင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာ များစိစစ်သုံးသပ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် လိုက်နာဆောင်ရွက်ခြင်းဆိုင်ရာ လမ်းညွှန်ချက် (မူကြမ်း) ရေးဆွဲခြင်းများကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းလုပ်ကိုင်သူများအတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ရေးဆွဲပြဋ္ဌာန်းရန် ဆောင်ရွက်လျက်ရှိပါသည်။

**ပုံ(၃-၉)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သစ်တောကဏ္ဍ အနေဖြင့် ဒုတိယ(၆)လပတ် အတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီ နယ်မြေတို့တွင် အလားတူကာလ ထက်တိုးတက်ခဲ့ပါသည်။

သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအနေဖြင့် သစ်တောသယံဇာတ ရေရှည်တည်တံ့စေရန် ရည်ရွယ်ပြီး သစ်တောများ ပြန်လည်ပြုစုထိန်းသိမ်းရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိသကဲ့သို့ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရာတွင် လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ကြီးကြပ် ဆောင်ရွက်လျက်ရှိပါသည်။

**စွမ်းအင်ကဏ္ဍ။** စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်း ပေးနိုင်ရန်နှင့် စွမ်းအင်သုံးစွဲရာတွင်လည်း ပိုမိုထိရောက်မှုရှိပြီး Energy Efficiency မြင့်မားလာရန် ဆောင်ရွက်လျက် ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃၀၄၄၁၄၅.၇ သန်းဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၃.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်-

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၃-၁၀)အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၁၁) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စွမ်းအင်ကဏ္ဍ၏ ဒုတိယ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၈၅၄,၅၁၅.၅ သန်း ဖြစ်ပေါ်ခဲ့သဖြင့် တစ်နှစ်လုံး ရည်မှန်းချက်အပေါ် ၆၀.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁၁.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း သဘာဝဓာတ်ငွေ့များကို ပြည်ပသို့ စာချုပ်ပါအတိုင်း ပြန်လည်တိုးမြှင့်ပို့လွှတ်နိုင်သဖြင့် ထုတ်လုပ်မှုတိုးတက်ခဲ့ပြီး၊ ပုဂ္ဂလိကရေနံစိမ်း ထုတ်လုပ်မှုများလည်း တိုးတက်ခဲ့ပါသည်။

ကုန်းပိုင်းနှင့်ကမ်းလွန် လုပ်ကွက်များတွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ချုပ်ဆို၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ ကုန်းပိုင်းလုပ်ကွက်တွင် စုစုပေါင်းကုမ္ပဏီ ၃၁ ခု၊ ကမ်းလွန်လုပ်ကွက် စုစုပေါင်း ကုမ္ပဏီ ၃၀ ခု တို့ဖြင့် ဆောင်ရွက်

လျက်ရှိပါသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ၂၂ တွင်း တူးဖော်ရန် ရည်မှန်းခဲ့ရာ ဒုတိယ(၆)လပတ်အတွင်း ၁၀ တွင်း တူးဖော်ခဲ့ပါသည်။

ရေနံတွင်းများကို အထွက်တိုးရေး ဆောင်ရွက်မှုအနေဖြင့် တွင်းပြုပြင်ခြင်း၊ သဲကြောတိုးချဲ့ သေနတ်ဖောက်ခြင်း၊ ပေနက်သို့ တိုးချဲ့တူးဖော်ခြင်းတို့ကို စုစုပေါင်း ၂၆ တွင်းဆောင်ရွက်ခဲ့ပြီး ၁၂ တွင်း အောင်မြင်ခဲ့ပါသည်။ ၎င်းအထွက်တိုးရေး ဆောင်ရွက်ခဲ့သည့်တွင်းများမှ တစ်နေ့လျှင် ကနဦးရေနံ ထုတ်လုပ်မှုနှုန်း ၁၇ စည်နှင့် သဘာဝဓာတ်ငွေ့ ၅.၉၂၉၅ ကုဗသန်း တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။

ထိုင်းနိုင်ငံ PTT ကုမ္ပဏီသို့ ရတနာသဘာဝ ဓာတ်ငွေ့မြေ၊ ရဲတံခွန် သဘာဝဓာတ်ငွေ့မြေနှင့် ဇောတိကဓာတ်ငွေ့စီမံကိန်းမြေတို့မှ ကုဗပေ ၁၇၃,၄၆၇.၂၀၅ သန်း ရောင်းချခဲ့ပါသည်။ ရွှေသဘာဝ ဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကုဗပေ ၉၂,၂၁၆.၆၃၂၇ သန်း ရောင်းချခဲ့ပါသည်။ ရတနာ သဘာဝဓာတ်ငွေ့မြေ၊ ဇောတိက သဘာဝဓာတ်ငွေ့ ရေနံမြေနှင့် ရွှေသဘာဝ ဓာတ်ငွေ့ ရေနံမြေတို့မှ ပြည်တွင်းသုံးစွဲမှုအတွက် ကုဗပေ ၅၉,၄၂၆.၄၃၈၂ သန်း ပို့လွှတ်ခဲ့ ပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ဒုတိယ(၆)လပတ် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စွမ်းအင်ကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ (၃-၁၂)

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ထုတ်လုပ်မှုတိုးခဲ့ပြီး၊ ကျန် တိုင်းဒေသကြီး/ပြည်နယ်များတွင် ထုတ်လုပ်မှုများလျော့နည်းခဲ့ပါသည်။ မကွေးတိုင်းဒေသကြီးတွင် ပုဂ္ဂလိကရေနံစိမ်းထုတ်လုပ်မှု၊ ရခိုင်ပြည်နယ်တွင် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝ ဓာတ်ငွေ့ ထုတ်လုပ်မှု တိုးတက်ခဲ့ခြင်း ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ကမ်းလွန်သဘာဝ ဓာတ်ငွေ့များ ကို ဘူးသွင်းသဘာဝ ဓာတ်ငွေ့အဖြစ် ထုတ်လုပ်လာခြင်းကြောင့် တိုးတက်ခဲ့ခြင်းဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေနံတွင်းများ၏ ရေနံစိမ်းထွက်ရှိမှုများနည်းပါးလာခြင်း၊တနင်္သာရီ တိုင်းဒေသကြီးတွင် ရဲတံခွန် သဘာဝဓာတ်ငွေ့ရေနံမြေမှ ထွက်ရှိမှုများ ကျဆင်းသွားခြင်း၊ ပဲခူးတိုင်း ဒေသကြီးတွင် ရွှေတောင်မြို့နယ်မှ ရေနံနှင့်သဘာဝ ဓာတ်ငွေ့တွင်းများ အထွက်နှုန်း တဖြည်းဖြည်း ကျဆင်းလာခြင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ရေနံစိမ်းထွက်ရှိမှု လျော့နည်းလာခြင်းတို့ကြောင့် ဖော်ပြပါ တိုင်းဒေသကြီးများတွင် ထုတ်လုပ်မှုများ လျော့နည်း ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** သတ္တုနှင့် တွင်းထွက်ပစ္စည်းများ တူးဖော်ထုတ်လုပ်ရာတွင် သဘာဝ၏ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် သတ္တုသိုက်များ ပြုန်းတီးမှုမရှိရန် အလေးထားဆောင်ရွက် လျက်ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၇၂၃,၆၆၈.၁ သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၃-၁၃) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ (၃-၁၄) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ဒုတိယ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက် ဈေးနှုန်းများအရ** ကျပ် ၄၇၄,၃၅၆.၉ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၅.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၈.၃ ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

ဓာတ်သတ္တု လေလွင့်မှု နည်းပါးစေရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရန်တို့ အတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း၊ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် အညီ ကြပ်မတ်ဆောင်ရွက်ခြင်း၊ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေ ဇုံ(၁၀)ဇုံ အတွက် သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) ရေးဆွဲခြင်း၊ ကျောက်စိမ်းတူးဖော် ထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် နိုင်ငံတကာမှ အတွေ့အကြုံနှင့် နည်းပညာများရယူ၍

ဆောင်ရွက်ခြင်း၊ မိုးကုတ်ရတနာနယ်မြေတွင် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) များကို ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ဓာတ်သတ္တု တိုးချဲ့ရှာဖွေနိုင်ရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့နယ်ဝန်းကျင်၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ငဖဲမြို့နယ်နှင့် မင်းတုန်းမြို့နယ်ဝန်းကျင်ဒေသများ၊ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ် အရှေ့ခြမ်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလော-မြိတ်-တနင်္သာရီနှင့် ကျွန်းစုမြို့နယ်များ၊ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်နှင့် ရေဦးမြို့နယ်ဝန်းကျင်ဒေသများတွင် Mineral Database ကောက်ယူရေးနှင့် ဓာတ်သတ္တုဖြစ်ထွန်းမှု လေ့လာရေးလုပ်ငန်းများ၊ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဝါးဖြူတောင်ဝန်းကျင်ဒေသတွင် ဂရက်ဖိုက် ရှာဖွေရေးလုပ်ငန်းနှင့် စိန်လွန်တွင်းများတူးဖော်ခြင်းလုပ်ငန်း၊ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကျောက်တော်ရွာ ဝန်းကျင်ဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ သင်ပေါင်းကျေးရွာအုပ်စု၊ ခိုတောင်ချောင်း ဝန်းကျင်ဒေသနှင့်ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ မဲဇာတော-မလယ်ကျေးရွာ ဝန်းကျင်ဒေသတို့တွင် ကျောက်မီးသွေး ရှာဖွေ စမ်းသပ်တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။


ပြည်တွင်း၌ အရောင်းအဝယ်ဈေးကွက် ဖွံ့ဖြိုးစေရန် ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ ပြည်တွင်းရတနာပွဲများအဖြစ် ရန်ကုန်မြို့ Lotto Hotel & Resorts တွင် ပထမအကြိမ်၊ မြစ်ကြီးနားမြို့တွင် ဒုတိယအကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဓာတ်သတ္တု တူးဖော်ထုတ်လုပ်လျက် ရှိသော ကုမ္ပဏီများအား ဓာတ်သတ္တုခွန်နှင့် ခွဲဝေမှုအချိုးများကို လစဉ်တွက်ချက်၍ တောင်းခံခြင်း၊ အသေးစား ရွှေသတ္တုလုပ်ကွက်များအနေဖြင့် စာချုပ်မချုပ်မီ ကြိုတင်ပေးသွင်းစေခြင်း၊ အကြီးစား ရွှေလုပ်ကွက်များမှ ရွှေပေးသွင်းစေရေးတို့ကို တွန်းအားပေး ဆောင်ရွက်ခဲ့ပါသည်။ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ကျောက်မျက်ရတနာ အရောင်းအဝယ်ဈေးကွက်နှင့် လက်ဝတ်ရတနာဈေးကွက် တိုးတက်ဖွံ့ဖြိုး ဖြစ်ထွန်းစေရန် One Stop Service Centre များ ဖွင့်လှစ်ထားရှိပြီး ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) နှင့် ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)တို့တွင် ကျောက်မျက်ရတနာဈေး ဖွင့်လှစ်ပြီး ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာအဆင့်မီ ကျောက်မျက်ရတနာ အရောင်းအဝယ်ဈေးကွက်နှင့် ရွှေဈေးကွက်များ ဖွင့်လှစ် အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည် -

## ပုံ (၃-၁၅)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ယခင်နှစ်ထက် ထုတ်လုပ်မှု ပိုမိုခဲ့ပါသည်။

ကယားပြည်နယ် ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာ ထုတ်လုပ်မှု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျောက်မီးသွေး နှင့် ကြေးနီသတ္တုစင် ထုတ်လုပ်မှု၊ ကျောက်မာထုတ်လုပ်မှု၊ ပဲခူးတိုင်းဒေသကြီးတွင် ပုဂ္ဂလိက ကျောက်မာ၊ သဲနှင့် ကျောက်စရစ်ထုတ်လုပ်မှု၊ မကွေးတိုင်းဒေသကြီးတွင် ပုဂ္ဂလိက ကျောက်မာ၊ သဲ၊ မြစ်ကျောက်စရစ် ပိုမိုထုတ်လုပ်ခြင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ကျောက်မာ ထုတ်လုပ်မှု၊ ဆောက်လုပ်မှု လုပ်ငန်းသုံး ကျောက်အမျိုးမျိုး ထုတ်လုပ်မှု၊ မွန်ပြည်နယ်တွင် ခနောက်စိမ်းနှင့် ရောရာသတ္တုရိုင်း၊ လိပ်သဲကျောက်၊ ထုံးကျောက် ထုတ်လုပ်မှု၊ ပုဂ္ဂလိက ကျောက်အမျိုးမျိုး ထုတ်လုပ်မှု၊ ရခိုင်ပြည်နယ်တွင် ပုဂ္ဂလိက သဲ၊ ကျောက်စရစ်၊ လမ်းခင်းကျောက် ထုတ်လုပ်မှု၊ ရှမ်းပြည်နယ်တွင် ထုံးကျောက်၊ ဂေါ်ဒန်ကျောက်၊ ခဲနှင့်ရောရာသတ္တုရိုင်း၊ ခနောက်စိမ်းနှင့်ရောရာ သတ္တုရိုင်း၊ ကြေးနီရောရာသတ္တုရိုင်းနှင့် ပုဂ္ဂလိကကျောက်အမျိုးမျိုးတို့ ထုတ်လုပ်မှု၊ နေပြည်တော် ကောင်စီနယ်မြေတွင် ထုံးကျောက် ၊ ကျောက်အမျိုးမျိုး ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။


**စက်မှုလက်မှုကဏ္ဍ။** အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမှတဆင့် ပုဂ္ဂလိကအခန်း တိုးတက်ရေးနှင့် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက် ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂၁,၈၁၅,၅၂၆.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၁.၀ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။


**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ( ၃-၁၆) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၁၇) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စက်မှုလက်မှုကဏ္ဍ၏ ဒုတိယ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၅,၆၂၃,၃၅၀.၉ သန်း ရရှိခဲ့၍ တစ်နှစ်လုံးစီမံကိန်းရည်မှန်းချက်အပေါ် ၇၁.၆ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ယခင်နှစ်အလားတူ ကာလထက် ၁၀.၂ ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

နိုင်ငံပိုင်အခန်း ထုတ်လုပ်မှုတွင် စက်မှုဝန်ကြီးဌာနရှိ အမှတ်(၂)အကြီးစားစက်မှု လုပ်ငန်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း အောက်ရှိ ဆေးဝါးထုတ်လုပ်မှုတို့မှာ ယခင်နှစ် အလားတူကာလထက် တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ စားသောက်ကုန်လုပ်ငန်း၊ သားရေနှင့်ဘောလုံးစက်ရုံ၊ သတ္တုပစ္စည်းစက်ရုံ၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ရေကြောင်းပို့ဆောင်ရေးတို့၏ ထုတ်လုပ်မှုများမှာ ယခင်နှစ် အလားတူကာလထက် တိုးတက်ထုတ်လုပ် နိုင်ခဲ့ပါသည်။

နိုင်ငံပိုင်စက်ရုံများတွင် သုတေသနနှင့် ဆန်းသစ်တီထွင်မှုများပြုလုပ်ပြီး ထုတ်ကုန်များ၏ အရည်အသွေးတိုးတက်ကောင်းမွန်စေရေး စနစ်တကျ အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်အနေဖြင့် စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိသည့် စက်ရုံအလုပ်ရုံများအား ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များနှင့် ဖက်စပ်လုပ်ဆောင်ခြင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်ခြင်း၊ လွှဲပြောင်းလုပ်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

"စက်မှုထုတ်ကုန်များ အရည်အသွေး တိုးတက်မြင့်မားလာစေရန်နှင့် ဆန်းသစ် တီထွင်နိုင်ရန်အတွက် သုတေသနနှင့်နည်းပညာလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် စက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး" မူဝါဒနှင့်အညီ လယ်ယာသုံး စက်ကိရိယာ၊ ချည်မျှင်နှင့် အထည်၊ ဆေးဝါးဆိုင်ရာ စမ်းသပ်ထုတ်လုပ်မှု၊ သုတေသန ပြုလုပ်မှုများကို ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် စက်ရုံ၊ အလုပ်ရုံများ၌ စွမ်းအင်စီမံခန့်ခွဲမှုလုပ်ငန်းများ လက်တွေ့ကျင့်သုံးနိုင်စေရေးနှင့် ထုတ်လုပ်မှုဖြစ်စဉ်တွင် စွမ်းအင်ချွေတာနိုင်သည့် နည်းပညာပိုင်း တိုးတက်လာစေရန် "စက်မှုကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲမှုတိုးတက်ရေး စီမံကိန်း" (Improvement of Industrial Energy Efficiency in Myanmar - IEE Project) ကလည်းကောင်း၊ Food Processing နှင့် Hotel Sector ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ အရင်းအမြစ်များကို အကျိုးရှိစွာ သုံးစွဲနိုင်ရေးဆိုင်ရာ နည်းပညာများနှင့် သက်ဆိုင်သည့် Resource Efficient & Cleaner Production (RCEP) project ကိုလည်းကောင်း UNIDO နှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး**

နိုင်ငံတော်အစိုးရသည် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက် ပေးခြင်း၊ နည်းပညာပံ့ပိုးပေးခြင်း၊ ချေးငွေအစီအစဉ်များဖြင့် ကူညီပေးခြင်းများနှင့် အခက်အခဲများ ကူညီဖြေရှင်းပေးခြင်းတို့ဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိပါသည်။ စက်မှုဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ Training များနှင့် ဆွေးနွေးပွဲများ ကျင်းပ၍ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခဲ့ပါသည်။ အရည်အသွေး ကောင်းမွန်သော ဂျုံခေါက်ဆွဲ၊ အီတလီခေါက်ဆွဲ ထုတ်လုပ်သည့် နည်းပညာများကို စာတွေ့လက်တွေ့ ပံ့ပိုးခြင်း၊ မက္ကဒေးမီးယား ကိုင်းကူးဆက် စိုက်ပျိုးသည့်နည်းပညာနှင့် မက္ကဒေးမီးယား အစေ့မှ ဆီထုတ်ခြင်းအား စာတွေ့ လက်တွေ့ နည်းပညာပံ့ပိုးခြင်း၊ Agro-based Product များဖြစ်သော စပျစ်၊ ဂျင်း၊ ကော်ဖီနှင့် ဝဥတို့မှ Value-Added Product ပြုလုပ်သည့်နည်းပညာပံ့ပိုးခြင်း၊ စဉ့်ထည် ထုတ်လုပ်မှု စာတွေ့လက်တွေ့နည်း ပညာပံ့ပိုးပေးခြင်းနှင့် အေးငြိမ်းသီတာဆေးဝါးများထုတ်လုပ်မှု

အရည်အသွေး စမ်းသပ်စစ်ဆေးသည့် နည်းပညာပေး အပ်ခြင်းစသည့် Technology Transfer ၅ ကြိမ် ပြုလုပ်ခဲ့ပြီး MSME လုပ်ငန်းရှင် ၁၄၅ ဦး အား နည်းပညာ လွှဲပြောင်းပေးနိုင်ခဲ့ ပါသည်။

ချေးငွေရရှိရေး စီစဉ်ဆောင်ရွက်ပေးမှုအနေဖြင့် Credit Guarantee Insurance (CGI) စနစ် အသုံးပြု၍ ချေးငွေလျှောက်ထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ရာတွင် ၂၈-၂-၂၀၁၈ ရက်နေ့အထိ မြန်မာ့အာမခံလုပ်ငန်းနှင့် ဂျပန်နိုင်ငံ SUMITOMO MITSUI BANKING CORPO-RATION (SMBC) တို့သည် သမဝါယမဘဏ် (CB Bank)ဖြင့်ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ် နှင့် မွန်ပြည်နယ်တို့မှ လုပ်ငန်းရှင် များအား CGI စနစ်ဖြင့် ထုတ်ချေးနိုင်ရေးဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် Japan နိုင်ငံ၊ JICA ၏ Two Step Loan အစီအစဉ်ဖြင့် ပုဂ္ဂလိကဘဏ် ၆ ခု မှတဆင့် ထုတ်ချေး ပေးခဲ့ပြီး SMIDB မှတစ်ဆင့် SME လုပ်ငန်းရှင်များကိုလည်း ချေးငွေထုတ်ချေးပေးခဲ့ ပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်စာရင်းများအရ တိုင်းဒေသကြီး/ပြည်နယ် အလိုက် စက်မှုလက်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။

**ပုံ(၃-၁၈)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စက်မှုလက်မှုကဏ္ဍ၏ ထုတ်ကုန်များအနက် ဆန်၊ ဆီ၊ သကြား၊ ချက်နို့ဆီ၊ ဘိလပ်မြေ၊ ဖယောင်းတိုင်နှင့် ရေစုပ်စက် ထုတ်လုပ်မှုများသည် ယခင်နှစ် အလားတူကာလထက် တိုးတက်ခဲ့ပါသည်။ နိုင်ငံခြားတင်ပို့မှုများအနက် ချုပ်ပြီးထည်နှင့် အခြားစက်မှုကုန်ချော ပစ္စည်းများ တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

စက်မှုလက်မှုကဏ္ဍ၏ ပုဂ္ဂလိကပိုင်အခန်း ထုတ်လုပ်မှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ အများဆုံး ပါဝင်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၏ လယ်ယာထွက်သီးနှံ ကြိတ်ခွဲထုတ်လုပ်မှုတွင် ယခင်နှစ် အလားတူကာလထက် ပိုမိုတိုးတက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်ကုန်အထိ အကြီးစားလုပ်ငန်း ၇,၃၇၇ ခု၊ အလတ်စားလုပ်ငန်း ၁၀,၆၈၈ ခု၊ အသေးစားလုပ်ငန်း ၄၂,၀၃၉ ခု၊ စုစုပေါင်းလုပ်ငန်း ၆၀,၁၀၄ ခု တို့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့တွင် မှတ်ပုံတင်ထားရှိပြီး ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုဇုန်အသီးသီးတွင် အကြီးစားလုပ်ငန်း ၃,၀၁၉ ခု၊ အလတ်စားလုပ်ငန်း ၂,၁၉၁ ခု၊ အသေးစားလုပ်ငန်း ၁,၉၂၉ ခု၊ စုစုပေါင်းလုပ်ငန်း ၇,၁၃၉ ခုတို့ စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။ မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများအနေဖြင့် စားသောက်ရေးလုပ်ငန်း ၅၇.၀ ရာခိုင်နှုန်း ပါဝင်ပြီး အထွေထွေစက်မှုလက်မှု အလုပ်ရုံများနေဖြင့် ၂၈.၀ ရာခိုင်နှုန်း၊ နေထိုင်ရေးတွင် ၉.၀ ရာခိုင်နှုန်း၊ ဝတ်ဆင်ရေးတွင် ၆.၀ ရာခိုင်နှုန်း ခန့် စီ ပါဝင်ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားကို မြို့ကြီးများသာမက ကျေးလက်ဒေသများအထိ ဖြန့်ဖြူးပေးနိုင်ရန်နှင့် စီးပွားရေး အသွင်ဆောင်သော လျှပ်စစ်လုပ်ငန်းများ ဖြစ်ပေါ်နိုင်ရန်အတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၂၅၃,၄၇၀.၉ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၄.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ(၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၃-၁၉) အကောင်အထည်ဖေါ်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၀) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ဒုတိယ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၆၀၀,၆၂၈.၆ သန်း ရရှိခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၄၇.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၇.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်တွင် ကျေးရွာအလိုက် မီးလင်းမှုအနေဖြင့် နိုင်ငံပိုင်ဓာတ်အားလိုင်းအပြင် အခြားဒီဇယ်မီးစက်၊အသေးစား ရေအား၊ ဆိုလာ၊ ဇီဝဓာတ်ငွေ့ (Bio gas/ Bio mass)၊ လေအားတို့ဖြင့် စုစုပေါင်း ၃၂,၄၃၃ ရွာမီးလင်းခဲ့ပြီး နိုင်ငံ အတွင်း ကျေးရွာအလိုက် မီးလင်းမှုမှာ ၅၁ ရာခိုင်နှုန်းခန့် ရှိပါသည်။ ဒုတိယ(၆) လပတ် တွင် ၅၁၂ ရွာ ထပ်မံမီးလင်းရန် ဆောင်ရွက်ခဲ့ ပါသည်။

မကွေးတိုင်းဒေသကြီး မြစ်သာရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ စက်စွမ်းအားပြည့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး လှော်ကားစွန့်ပစ် အပူသုံးရေနွေးငွေ့ ဓာတ်အား

ပေးစက်ရုံကို အဆင့်မြှင့်တင် လည်ပတ်နိုင်ခြင်း၊ ရှမ်းပြည်နယ် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေး စက်ရုံအား အဆင့်မြှင့်တင်၍ပြန်လည် လည်ပတ်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး သာကေတ ဓာတ်အားပေးစက်ရုံစတင်လည်ပတ်နိုင်ခြင်းတို့ကြောင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်တွင် နိုင်ငံပိုင် အခန်း၌ အကြီးစား ရေအား လျှပ်စစ်ဓာတ်အား ပေးစက်ရုံ ၂၇ ရုံ ၊ အသေးစား ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၃၂ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ ၁ ရုံ၊ သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံ ၁၁ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များနှင့် ပုဂ္ဂလိကပိုင် သဘာဝ ဓာတ်ငွေ့နှင့် ရေနွေးငွေ့အား ဓာတ်အားပေးစက်ရုံ ၁၄ ရုံ တို့မှ စုစုပေါင်း ၅,၆၈၃ မဂ္ဂါဝပ် တပ်ဆင်ထားပြီး ကီလိုဝပ်နာရီ ၈,၃၈၃.၇ သန်း သုံးစွဲနိုင်ခဲ့ ပါသည်။ ဓာတ်အားဖြန့်ဖြူးမှုအတွက် လျှပ်စစ် ဓာတ်အားလိုင်း ၃,၀၂၈ မိုင် ထပ်မံတိုးချဲ့နိုင်ခဲ့သဖြင့် ၆၁,၁၈၈ မိုင် အထိ သွယ်တန်း နိုင်ခဲ့ပါ သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်တွင် ဆောင်ရွက်ဆဲ ရေအားလျှပ်စစ် စီမံကိန်းများဖြစ်သော အလယ်ပေါင်းလောင်း၊ ရွှေလီ(၃)၊ အထက်နမ့်ထွမ်၊ ဒီးဒုတ်၊ အထက်ရဲရွာ၊ သူငွေး၊ အထက်ကျိုင်းတောင်း၊ အထက်ဘီလူးချောင်းတို့ကို ဆက်လက် တည်ဆောက်လျက် ရှိ ပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ် တိုင်းဒေသကြီး/ပြည်နယ် အလိုက် လျှပ်စစ်ဓာတ်အား ကဏ္ဍ၏ ရည်မှန်းချက်အပေါ် အကောင်အထည် ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၃-၂၁)

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်

စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(ဖ) လပတ် တွင် ၅၀၀ ကေဗွီမဟာ ဓာတ်အားလိုင်း စီမံကိန်းကို ဆက်လက်တည်ဆောက် လျက်ရှိသည့်အပြင် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၁ လိုင်း၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂ လိုင်း ပြီးစီး၍ ကျန်အပိုင်းများအား ဆက်လက် တည်ဆောက် လျက် ရှိပါသည်။

ပင်မဓာတ်အားခွဲရုံများဖြစ်သော ၂၃၀ ကေဗွီပင်မဓာတ်အားခွဲရုံ (ကလေး၊ မြဝတီ၊ ဂန့်ဂေါ၊ ကျိုက်လတ်၊ နမ့်စန်၊ မိုင်းပျဉ်း၊ ကျိုင်းတုံ၊ ဗန်းမော်၊ နဘား၊ ရွှေဘို) တို့ကို ဆက်လက် ဆောင်ရွက်လျက်ရှိသည့်အပြင် ၆၆ ကေဗွီဓာတ်အားခွဲရုံ (မင်းကင်း၊ ရသေ့တောင်) တို့ ပြီးစီးပြီး ကော့ကရိတ်၊ မဒဲ၊ဖားကန့်၊ ငွေဆောင်၊ ငရုတ်ကောင်း(တောင်)၊ ကလေးဝ၊ သံဖြူဇရပ်၊ နမ့်ဖက်ကာ၊ ဘူးသီးတောင်၊ မောင်းတော၊ ငါန်းဇွန်း နှင့် မော်လိုက်၊ မတူပီ တို့ကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။


နိုင်ငံတော် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ် ဖြန့်ဖြူးနိုင်ရေး အစီအစဉ်များ၊ အမျိုးသားဝင်ငွေ တိုးတက်ရရှိရေး နှင့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားပျောက်ဆုံးမှု လျှော့ချရေး အစီအစဉ်များကို ဆက်လက် အကောင်အထည် ဖော်ဆောင်ရွက်လျက် ရှိပါသည်။ ၎င်းအပြင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ လျှပ်စစ်စွမ်းအင်ဆိုင်ရာမူဝါဒများကို အခြေခံကျင့်သုံး၍ ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်လာနိုင်ရန် လိုအပ်သော အခြေအနေများကို ပေါင်းစပ်ညှိနှိုင်းပြီး နိုင်ငံတော်၏ လျှပ်စစ်စွမ်းအား လိုအပ်ချက်များ ပြည့်ဝစေရန် အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက် အကောင်အထည်ဖော်လျက် ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** နိုင်ငံအတွင်းရှိ လမ်းများကို နိုင်ငံတကာအဆင့်မီ လမ်းမကြီးများအဖြစ် ပေါ်ပေါက်လာစေရေး၊ ပြည်သူတို့၏ လိုအပ်ချက်ဖြစ်သော မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင် ရေရှည်ထိန်းသိမ်းနိုင်မည့် မြို့ပြကွန်ယက်စနစ်အဖြစ် ဖြစ်ထွန်းလာစေရေးတို့ အတွက် စနစ်တကျ ဆောင်ရွက် လျက်ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ ဆောက်လုပ်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅,၉၁၇,၀၁၀.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၂ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၃-၂၂) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၃)တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဆောက်လုပ်မှုကဏ္ဍ၏ ဒုတိယ(၆)လပတ် ဆောက်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၄,၂၆၂,၈၄၀.၁ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၇၂.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၆.၈ ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ဆောက်လုပ်မှုကဏ္ဍအနေဖြင့် နိုင်ငံပိုင် အခန်းတွင် ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းဦးစီးဌာနအနေဖြင့် ဒုတိယ(၆)လပတ်တွင် တိုင်းဒေသကြီး/ပြည်နယ်များ ချိတ်ဆက်လျက်ရှိသည့် လမ်းများအား အဆင့်မြှင့်တင်ခြင်း များ ဆောင်ရွက်ခဲ့ပါသည်၊

(ခ) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယ(၆) လပတ်တွင် တိုင်းဒေသကြီး/ ပြည်နယ်များ၌ ကွန်ကရစ်လမ်း ၅၇ မိုင်၊ ကတ္တရာ လမ်း ၁၂၇ မိုင်၊ ကျောက်လမ်း ၁၀၇ မိုင်၊ ဂဝံလမ်း ၈၀ မိုင်၊ မြေလမ်း ၄၈ မိုင်၊ ကွန်ကရစ်တံတား ၁၂၄ စင်း၊ ဘေလီ/ကြိုးတံတား ၁၆ စင်း၊ ရေကျော်/အခြား ၅၅ စင်း နှင့် ရေပြွန်/Box culvert ၁၇၇ စင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဂ) နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယ(၆)လပတ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်း များ ဖောက်လုပ်ခဲ့ရာ ကွန်ကရစ်လမ်း၊ ကျောက်လမ်း နှင့် မြေလမ်းများကို တိုးချဲ့ ဖောက်လုပ်ခဲ့ပါသည်၊


(ဃ) ထို့အပြင် တံတားဦးစီးဌာနမှ ဒုတိယ(၆)လပတ်တွင် ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်းများ အနက် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန် တိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်းကောင်း၊ လုပ်ငန်း စီမံကိန်း သစ်များအနေဖြင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင်လည်းကောင်း တံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက် ခဲ့ပါသည်၊

(င) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် တန်ဖိုးသင့်အိမ်ရာစီမံကိန်း၊ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းရေး ဆွဲခြင်းကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ဝိုင်းမော်မြို့၊ ကယားပြည်နယ် ရှားတောမြို့၊ ချင်းပြည်နယ် ဟားခါးမြို့နှင့် ဘုံဖုံးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးဟုမ္မလင်းမြို့၊ တနင်္သာရီ တိုင်းဒေသကြီး ပလမြို့၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၊ မြစ်သားမြို့၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့၊ မွန်ပြည်နယ် ကျိုက်ထို မြို့၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ မြန်အောင်မြို့တို့တွင် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၁၉၃၀ ပြည့်နှစ် မြေအောက်ရေ ကြီးကြပ်မှု အက်ဥပဒေကို ပြန်လည်ပြင်ဆင် ရေးဆွဲလျက်ရှိပါသည်။ ထို့အပြင် အမျိုးသားအိမ်ရာဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း)နှင့် မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး စီမံကိန်း

ဥပဒေ(မူကြမ်း)တို့ကိုလည်း ရေးဆွဲလျက်ရှိပါသည်။ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေ(မူကြမ်း)အား အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောက်လုပ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

### ပုံ (၃-၂၄)
### ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက်ဖြင့် တံတားများတည်ဆောက်ခြင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ဖောက်လုပ်ခြင်းများ၊ မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်းများ ဖောက်လုပ်ခြင်း၊ တာတမံပြုပြင်ထိန်းသိမ်းခြင်း၊ ဆေးရုံ၊ ရုံး၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ လွှတ်တော်တည်ဆောက်ခြင်းစသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင် ရွက်လျက်ရှိပါသည်။

ဆောက်လုပ်မှုကဏ္ဍမှ ဒုတိယ(၆)လပတ်တွင် တိုင်းဒေသကြီး/ပြည်နယ်များ၏ လမ်း၊ တံတားများကို တည်ဆောက် အဆင့်မြှင့်တင်နိုင်ခြင်းကြောင့် မြို့ရွာများလမ်းပန်းဆက်သွယ်ရေး အဆင်ပြေ ချောမွေ့ခြင်းနှင့် ပြည်သူများခရီးသွားလာမှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စေခြင်း တို့ကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအရေးပါလှပါသည်။


**ပို့ဆောင်ရေးကဏ္ဍ**။ ပြည်သူများ အရည်အသွေးမြင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများရရှိစေရန် ရည်ရွယ်၍ ကုန်းလမ်း၊ ရေလမ်း၊ မီးရထားလမ်း၊ လေကြောင်းလမ်းများကို အဆင့်မြှင့်တင် ဆောင်ရွက် လျက်ရှိပါသည်။ ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးကျယ်ပြန့်လာသည်နှင့်အညီ ကုန်စည် ပို့ဆောင်မှုနှင့် ခရီးသွားလာမှုများ ပိုမိုအဆင်ပြေချောမွေ့စေရေးဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ၏ ဝန်ဆောင်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၉,၉၈၂,၉၉၄.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ** အရ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းထားပါသည်။


**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ (၃-၂၅) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၆) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပို့ဆောင်ရေးကဏ္ဍ၏ဒုတိယ(၆)လပတ် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅,၈၆၁,၉၄၅.၆ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၈.၇ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၈.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်ကုန်အထိ နိုင်ငံပိုင်အခန်းမှခရီးသည်ပို့ဆောင်မှုနှင့် ကုန်စည်ပို့ဆောင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုန်းလမ်းပို့ဆောင်ရေးမှ ခရီးသည်ဦးရေ ၆.၄ သန်း၊ ခရီးသည်မိုင် ၂၁၈.၀ သန်း၊ ကုန်တန်ချိန် ၀.၅ သန်း၊ ကုန်တန်မိုင် ၉၅.၆ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်၊

(ခ) မြန်မာ့မီးရထားမှ ခရီးသည်ဦးရေ ၂၄.၀ သန်း၊ ခရီးသည်မိုင် ၁၀၆၂.၀ သန်း၊ ကုန်တန်ချိန် ၁.၀ သန်း ၊ ကုန်တန်မိုင် ၂၃၉.၀ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်၊

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှခရီးသည်ဦးရေ ၄.၉ သန်း၊ခရီးသည်မိုင် ၂၀.၂ သန်း၊ ကုန်တန်ချိန် ၀.၄ သန်း၊ ကုန်တန်မိုင် ၃၂.၀ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်၊

(ဃ) မြန်မာအမျိုးသားလေကြောင်းမှ ပြည်တွင်းခရီးသည် ဦးရေ ၁.၀၂ သန်း၊ ပြည်တွင်း ခရီးသည်မိုင် ၁၉၂.၆ သန်း၊ ပြည်ပခရီးသည်ဦးရေ ၀.၃၁ သန်း၊ ပြည်ပ ခရီးသည်မိုင် ၁၄၁.၆ သန်း၊ ပြည်တွင်းကုန်တန်မိုင် ၀.၁၇သန်း၊ ပြည်ပကုန်တန်ချိန် ၀.၀၀၀၂ သန်း၊ ပြည်ပကုန်တန်မိုင် ၀.၂၃ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ဧရာဝတီမြစ် ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပြည်-နဝင်းရေလမ်းပိုင်း၊ နဝင်းရေလမ်း ကောင်းမွန်ရေးအတွက် ရေကာစွမ်းအားမြှင့်ခြင်းနှင့် Porcupine ရေကာ ၁,၀၈၀ ပေ ဆောင်ရွက်ခြင်း၊ စလေ-ပခန်းငယ် ရေလမ်းတွင် ကသာမြို့အဝင် ရေလမ်းကောင်းမွန်ရေးအတွက် သောင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ချင်းတွင်းမြစ်ရေလမ်း ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရေလမ်းကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မတ္တရာမြို့နယ်၊ ဆင်ကျွန်းရေလမ်းကြောင်း ပြောင်းလဲခြင်းလုပ်ငန်း၊ ပြည်ထောင်စုအစရေးပေါ်ရန်ပုံငွေဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ဖြစ်ပါ သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း ဝင်ရောက်ဆိုက်ကပ်ဆောင်ရွက်သည့် သင်္ဘောစီးရေ ၁,၁၄၀ စီးနှင့် ကုန်သေတ္တာအဝင် ၂၆၄,၄၉၇လုံး (၄,၀၄၃,၆၃၁ မက်ထရစ်တန်)၊ ကုန်သေတ္တာအထွက် ၂၅၇,၇၀၉လုံး (၂,၀၁၇,၆၈၈ မက်ထရစ်တန်) ဝန်ဆောင်မှု ပြုနိုင်ခဲ့ပါသည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ပြည်တွင်းပြည်ပမှ လုပ်ငန်းအပ်နှံလာသည့် ရေယာဉ်များအား တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း ရေယာဉ် ၉ စီး ပြင်ဆင်နိုင်ခဲ့ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဌာနပိုင် ရေယာဉ်/တွဲယာဉ်များအား ဈေးကွက်အခြေအနေအပေါ်မူတည်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းခြင်း၊ အကျိုးတူ ပူးပေါင်း ဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး အသုံးမပြုလိုတော့သည့် ရေယာဉ်များအား လေလံထုခွဲ ရောင်းချနိုင်ရေး ဆောင်ရွက်ဆဲဖြစ်ပါသည်။ ဌာနပိုင်လွန်းကျင်းများအနက် နယ်ဌာနခွဲများရှိ လွန်းကျင်းငယ်များအား စိတ်ပါဝင်စားသော ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း အဆင့်မြှင့်တင်၍ ဌာနဝင်ငွေရရှိရေး စီမံဆောင်ရွက်မည့်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းနေဆဲ ဖြစ်ပါသည်။

မြန်မာအမျိုးသားလေကြောင်းသည် အခြားဝင်ငွေရရှိရန် လေယာဉ်တင် စားသောက်ကုန်ပစ္စည်းများကို စင်ကာပူလေကြောင်းလိုင်း SATS Ltd., ကုမ္ပဏီနှင့်အကျိုးတူပူးပေါင်း ဆောင်ရွက်ရန် ကမ်းလှမ်းထားဆဲဖြစ်ပါသည်။ ခရီးသည်နှင့်ကုန်စည်များ လုံခြုံရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းစွာ ပျံသန်းနိုင်ရေးအတွက် လေယာဉ်မှူး၊ လေယာဉ်သား၊ အင်ဂျင်နီယာ၊ စက်မှုကျွမ်းကျင်ဝန်ထမ်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်း ဝန်ထမ်းများအား အပြည်ပြည်ဆိုင်ရာ လေကြောင်းအဖွဲ့အစည်းများ၏ သတ်မှတ်ချက်များအတိုင်း လေ့ကျင့်သင်တန်းပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် ကိုရီးယားနိုင်ငံအစိုးရနှင့် ပူးပေါင်း၍ မိုးလေဝသစခန်း ၂၀ တွင် အလိုအလျောက် မြေပြင်မိုးလေဝသ တိုင်းတာရေး တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလမှစ၍ နေရာရွေးချယ်ခြင်းဆိုင်ရာလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကိရိယာများ တပ်ဆင်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ အလိုအလျောက် မြေပြင်မိုးလေဝသတိုင်းတာရေးကိရိယာ ပြုပြင်ထိန်းသိမ်းနည်းနှင့် မှတ်တမ်းအချက်အလက် ရယူမှုဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးသည် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှု လွယ်ကူအဆင်ပြေ ချောမွေ့စေရေးအတွက် ရန်ကုန်-မြင်းခြံ၊ ရန်ကုန်-ပခုက္ကူ၊ မန္တလေး-မော်လမြိုင်၊ မန္တလေး-ရန်ကုန်၊ မန္တလေး-ဘားအံ၊ ရန်ကုန်-ရေဦး၊ ပြင်ဦးလွင်-ရန်ကုန်၊ မြဝတီ-မန္တလေး၊ မြဝတီ-ပုသိမ် စသည့် ခရီးစဉ်များ ပြေးဆွဲပေးခြင်း၊ အမြဲစိမ်းကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ City Bus များဖြင့် ရန်ကုန်မြို့တွင်း အများပိုင် သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းတွင် ယာဉ်လိုင်းအမှတ် ၆၅ ဖြင့် ရွှေပြည်သာ-ဗိုလ်တထောင် ခရီးစဉ်အား ပြေးဆွဲပေးခြင်း၊ စန်းရောင်နီကုန်းလမ်းပို့ဆောင်ရေး ကုမ္ပဏီလီမိတက် မှ City Bus များဖြင့် ရန်ကုန်မြို့တွင်းအများပိုင် သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းတွင် ယာဉ်လိုင်းအမှတ် ၂၃ ဖြင့် လှိုင်သာယာ-သခင်မြပန်းခြံခရီးစဉ်နှင့် ယာဉ်လိုင်းအမှတ် ၆ ဖြင့် ဒဂုံဇေရာ အဝေးပြေး တောင်ဒဂုံ ၁၀၆ ခရီးစဉ် တို့အား ပြေးဆွဲပေးခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပြည်တွင်းမှ ထုတ်လုပ်သောယာဉ်များ စုစုပေါင်း ၄,၄၈၃ စီးနှင့် ပြည်ပမှ တင်သွင်းလာသောယာဉ်များ စုစုပေါင်း ၃၆၁,၈၆၂ စီးတို့ မှတ်ပုံတင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ယာဉ်မောင်းလိုင်စင်များကိုလည်း လိုင်စင် အမျိုးအစားအလိုက် ထုတ်ပေးခဲ့ရာ စုစုပေါင်း ၅,၂၂၈,၁၂၀ ထုတ်ပေးနိုင်ခဲ့ပါသည်။ ယာဉ်အန္တရာယ် ကင်းရှင်းရေး၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် လမ်းအသုံးပြုသူများ လိုက်နာရမည့် စည်းကမ်းများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့မီးရထားသည်လမ်းပိုင်းအသီးသီး၌ နေ့စဉ်ပျမ်းမျှ အမြန်ရထား ၃၈ စင်း၊ စာပို့ရထား ၆၂ စင်း၊ လူစီးကုန်တင်ရထား ၅၀ စင်း၊ ခရီးတိုရထား ၂၂ စင်း၊ မြို့ပတ်ရထား ၂၂၀ စင်း၊ စုစုပေါင်း လူစီးရထား ၄၁၄ စင်း နှင့် ကုန်ရထား ၁၇ စင်းတို့ ပြေးဆွဲခဲ့ပါသည်။ မြန်မာ့မီးရထားတွင် စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိသည့် လူစီးရထား ၂၂ စင်း ပြေးဆွဲပေးလျက်ရှိပါသည်။

အချက်ပြနှင့် ဆက်သွယ်ရေးစနစ်များ ကောင်းမွန်စေရေးအတွက် ရန်ကုန်ယာဒ်ဝင်းနှင့် ပုဇွန်တောင်ယာဒ်ဝင်းများတွင် သံလမ်းအောက်မြေတူးခြင်း နှင့် ပိုက်ထည့်ခြင်းလုပ်ငန်း၊ Track Circuit Junction Box အခြေထိုင်ခြင်းနှင့် ကြိုးသွယ်ခြင်းလုပ်ငန်း၊ Point Machine နှင့် Junction Box ကြိုးသွယ်ခြင်းလုပ်ငန်း၊ Megger Test and Continuity Test ပြုလုပ်ခြင်း၊ Point များ လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း၊ အချက်ပြမီးတိုင်များ စိုက်ထူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။


တိုင်းဒေသကြီး/ပြည်နယ်အလိုက် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်ဒုတိယ(၆)လပတ် ပို့ဆောင်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ (၃-၂၇)

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

နိုင်ငံတစ်ဝှမ်း ခရီးသည်နှင့် ကုန်စည်များ အဆင်ပြေ လွယ်ကူချောမွေ့စွာ သွားလာ သယ်ယူ ပို့ဆောင်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ပို့ဆောင်ရေးကဏ္ဍ ဘက်ညီဖွံ့ဖြိုး တိုးတက်မှုအတွက် ပြည်သူ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။


**ဆက်သွယ်ရေးကဏ္ဍ**။ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန်၊ ဆက်သွယ်ရေးကွန်ရက်ကို လူနေဧရိယာ၏ ၈၅ ရာခိုင်နှုန်း လွှမ်းခြုံဖြန့်ကျက်နိုင်ရန်၊ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ခေတ်မီသည့် ဝန်ဆောင်မှု လုပ်ငန်းများအဖြစ် ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၇၆၀,၉၉၃.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ** အရ ၄.၆ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။


**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၂၈) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၉)တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်(ယာယီ)စာရင်းအရ **နှစ်အလိုက်ဈေးနှုန်းများ** ဖြင့် ကျပ် ၈၉၀,၂၄၅.၈ သန်းရရှိခဲ့၍ ရည်မှန်းချက်အပေါ် ၅၀.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ** အရ ယခင်နှစ် အလားတူကာလထက် ၁၀.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

အများပြည်သူ အကျိုးငှာ နေရာဒေသမရွေး အခြေခံ ဆက်သွယ်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းရေး အစီအစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ World Bank ၏ အကူအညီဖြင့် Telecom Sector Reform Project ကို ဆောင်ရွက်လျက်ရှိ ပါသည်။ထို့အပြင် ဆက်သွယ်ရေးကဏ္ဍနှင့် သက်ဆိုင်သည့် နည်းပညာစံချိန်စံညွှန်း ကိစ္စများ၊ လိုင်းနှုန်းစဉ် စီမံခန့်ခွဲခြင်းဆိုင်ရာကိစ္စများ၊ အသုံးပြုသူကို အကာအကွယ်ပေးခြင်းဆိုင်ရာကိစ္စများ၊ နိုင်ငံတော်အတွင်း ဆက်သွယ်ရေးကဏ္ဍ တိုးတက်စေရေးအတွက် မဟာဗျူဟာများ ချမှတ်ခြင်းကိစ္စများတွင် အကြံပေးနိုင်ရေးအတွက်

"အမျိုးသားဆက်သွယ်ရေးအကြံပေးကော်မတီ" ကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများ ကောက်ခံရရှိနိုင်ရေး အလေးထား ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေး ဦးတည်၍ အမျိုးသားရည်မှန်းချက်အဖြစ် ချမှတ်ခဲ့သော စီးပွားရေး မူဝါဒများတွင် အပါအဝင်ဖြစ်သော "Data ID Card System, Digital Government Strategy နှင့် e-Government System တို့ကိုထူထောင်သွားရန်"ဟူသည့် စီးပွားရေး မူဝါဒအား အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်သွားနိုင်ရေး ဦးတည်ရည်မှန်းချက်ထား၍ e-Government လုပ်ငန်းများအား သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်းများ** ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သမားရိုးကျ ငွေပို့လွှာလုပ်ငန်းများအပြင် IT နည်းပညာ အသုံးပြု ဆောင်ရွက်လျက်ရှိသည့် ပြင်ပငွေရေးကြေးရေး အဖွဲ့အစည်းများ ဖြစ်သော CB Bank (Easi Mobile) , FBP(My Kyat), OK$ , AGD Bank, Myanmar Citizen Bank (663), A Bank, 2c2p (@post) , Myanmar Mobile Money (MMM) စသည်တို့နှင့် ချိတ်ဆက်၍ Mobile Money လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆက်သွယ်ရေး ကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၃၀)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အထိ (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ) တာဝါတိုင် ဆောက်လုပ်ပြီးစီးမှု အခြေအနေမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၇,၂၁၂ တိုင်၊ အော်ရီဒူး မြန်မာ လီမိတက်က ၄,၇၉၉ တိုင် နှင့် တယ်လီနောမြန်မာလီမိတက်က ၆,၃၅၂ တိုင်၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်းက ၁,၀၅၆ တိုင်၊ Mytel ကုမ္ပဏီလီမိတက်က ၃၅၈ တိုင်၊ စုစုပေါင်း တာဝါတိုင် ၁၉,၇၇၇ တိုင် ဆောက်လုပ် ပြီးစီးခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် Telecom International Myanmar (Mytel) အော်ပရေတာ အသစ်တစ်ခုတိုးလာပြီး ပြည်တွင်းပြည်ပ အော်ပရေတာများကို ယှဉ်ပြိုင်လုပ်ကိုင်စေခြင်းဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး ဈေးနှုန်းချိုသာသော မိုဘိုင်းဆက်သွယ်ရေးနှင့် အင်တာနက် ဝန်ဆောင်မှု များကို ပြည်သူများ စိတ်ကြိုက်ရွေးချယ်သုံးစွဲနိုင်မည့်အပြင် နိုင်ငံတော်၏ဝင်ငွေများ တစ်ဖက်တစ်လမ်း မှ အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။


**ငွေရေးကြေးရေးကဏ္ဍ။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၂၂၈,၉၃၄.၈ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်း**များအရ ၁၁.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ်**

**ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်း အခြေအနေ**


ပုံ(၃-၃၁)အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၃၂)တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း**များဖြင့် ကျပ် ၁၇၂,၃၉၁.၀ သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ ၇၅.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ယခင်နှစ် အလားတူကာလထက် ၂၃.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပုဂ္ဂလိကဘဏ်ခွဲများသာမက ပြည်တွင်းငွေရေးကြေးရေး ကုမ္ပဏီများကိုလည်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) ပတ်အတွင်း ပြည်တွင်းကုမ္ပဏီ ၆ ခုအား လုပ်ငန်းလုပ်ကိုင်ခွင့်ပြုပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အစိုးရငွေတိုက်စာချုပ်များအား ထုတ်ဝေရောင်းချပေးလျက်ရှိရာ အဆိုပါငွေတိုက်စာချုပ်များမှ အတိုးရငွေများ ပါဝင်သော ရင်းနှီးမြှုပ်နှံမှုအပေါ် အတိုးရငွေ၊ ကော်မရှင်နှင့် ဆောင်ရွက်ခရငွေ စသည့် ဝင်ငွေများတိုးတက်ရရှိခဲ့ပါသည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် ပြည်တွင်းပြည်ပ အရင်းအနှီး ဈေးကွက်များတွင် နိုင်ငံခြားငွေ ရောင်းဝယ်ခြင်း (FX Dealing)၊ Money Market Transactions

များကို Online မှတဆင့် အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံသားပိုင်လုပ်ငန်းကုမ္ပဏီ၏ နိုင်ငံခြားငွေချေးယူခြင်းအား (Standby Letter of Credit (SBLC) စနစ်ဖြင့် နိုင်ငံခြားငွေ(Offshore Loan) ရယူခြင်း စသည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို လုပ်ဆောင်ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် မြန်မာ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် Bloomberg Terminal ဖြင့် Correspondent Bank များ၌ ၂၀၁၈ ခုနှစ် (ဇန်နဝါရီလ၊ဖေဖော်ဝါရီလ၊မတ်လ) များတွင် Time Deposit ထားရှိခဲ့ခြင်း နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Treasury Bill Auction တွင်လည်း ဝင်ရောက်ခဲ့သောကြောင့် အတိုး ရငွေများ တိုးတက်ရရှိခဲ့ပါသည်။

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် Domestic Banking ဆိုင်ရာ လုပ်ငန်း တစ်ခုဖြစ်သော Fixed Deposit Account (MMK-မြန်မာကျပ်ပုံသေအပ်ငွေ) လက်ခံဆောင်ရွက်ခြင်း နှင့် Savings Account (MMK-မြန်မာကျပ်ငွေစုဘဏ်အပ်ငွေ) လက်ခံဆောင်ရွက်ခြင်းတို့အား ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက် ပေးနိုင်ပြီ ဖြစ်ပါသည်။ ထို့ပြင် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ MPU Card ကို အသုံးပြုလျက်ရှိသော Customer များ၏ ငွေထုတ်လုပ်ငန်းများကို Mobile Banking System ဖြင့် ချိတ်ဆက်အသုံးပြုရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

သမဝါယမငွေစုငွေချေး အသင်းများသည် အသင်းသားများ၏ စုဆောင်းငွေများ၊ ပြည်ပ ချေးငွေများဖြင့် စိုက်ပျိုးရေးသမဝါယမအသင်းများ၊ မွေးမြူရေး သမဝါယမအသင်းများသို့ ချေးငွေများ တိုးချဲ့ထုတ်ချေးပေးခြင်း၊ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းသို့ ရင်းနှီးငွေများ ထုတ်ချေးပေးခြင်း တို့ကို ဆောင်ရွက်လျက် ရှိပါသည်။ အသင်းသားများ၏ ကုန်ထုတ်လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးစက်ကိရိယာများ၊ ရေလုပ်ငန်း သုံးပစ္စည်းများအား အရစ်ကျချေးငွေစနစ်ဖြင့် ရောင်းချလျက် ရှိပါသည်။


ပုဂ္ဂလိကပိုင်အခန်း၌ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး အတွက် ပုဂ္ဂလိကဘဏ်များ၏ ဘဏ်ခွဲများကို တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လအတွင်း ပုဂ္ဂလိကဘဏ်ခွဲပေါင်း ၇၇ ခု တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။ ပြည်တွင်းပုဂ္ဂလိကဘဏ်များအပြင် နိုင်ငံခြားဘဏ်ခွဲများကိုလည်း ပြည်တွင်းငွေကြေး ဝန်ဆောင်မှု လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ကုန်တွင် နိုင်ငံခြားဘဏ် ဘဏ်ခွဲပေါင်း ၁၃ ခုထိ ဖွင့်လှစ်၍ ဘဏ် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များတွင် ပြည်ပကုမ္ပဏီ ၂ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၁ ဖွဲ့၊ စုစုပေါင်း ၃ ဖွဲ့အား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ ခွင့်ပြုပေးနိုင်ခဲ့ပါသည်။

## ပုံ (၃-၃၃)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

**မန္တလေးတိုင်းဒေသကြီး**တွင် မြန်မာအရှေ့တိုင်းဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တို့၏ ဝန်ဆောင်မှုများ၊ ပုဂ္ဂလိက အာမခံကုမ္ပဏီဖြစ်သော Capital Life Insurance Co.Ltd အသစ်ဖွင့်လှစ်ခြင်းနှင့် I.K.B.Z Insurance Public Co.Ltd, ရောမြန်မာအာမခံလုပ်ငန်း အစရှိသော ပုဂ္ဂလိကအာမခံကုမ္ပဏီများ၏ ဝန်ဆောင်မှုများ တိုးတက် ခဲ့ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**တွင် ဒုတိယ(၆)လအတွင်း ပုဂ္ဂလိကဘဏ်ခွဲ ၁၄ ခု တိုးချဲ့ ဖွင့်လှစ်ထားသည့်အပြင် နိုင်ငံခြားဘဏ်ခွဲများလည်း ဖွင့်လှစ်ဆောင်ရွက်လျက် ရှိပါသည်။ထို့ပြင် ပုဂ္ဂလိကအသေးစားငွေစုငွေချေးအဖွဲ့များမှ အသေးစားချေးငွေလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက် ရှိပါသည်။

**ဧရာဝတီတိုင်းဒေသကြီး**တွင် အဓိကအားဖြင့် သမဝါယမငွေစုငွေချေးအသင်းများ၏ ငွေကြေးဝန်ဆောင်မှုများ သိသိသာသာမြင့်မားခဲ့ပါသည်။

**ကရင်ပြည်နယ်**တွင် ပြည်ပရောက်အလုပ်သမားများ၏ ငွေလွှဲပို့မှုများကြောင့် ပုဂ္ဂလိကဘဏ်များဖြစ်သော ရောဝတီဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ မြဝတီဘဏ်တို့၏ ဝန်ဆောင်မှုဆောင်ရွက်ခ ရငွေများ တိုးတက်ခဲ့ပါသည်။


**လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ။** နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်၊ ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းစေနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်၊ ပြည်သူလူထု တစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရန်၊ ပညာရည် အဆင့်အတန်းမြင့်မားရန်၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၉၂၈,၆၃၃.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၄.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ ပါသည်။


**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၃၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၃၅) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ ဒုတိယ(၆)လပတ် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၆၃၇,၅၂၀.၇သန်းရရှိခဲ့၍ ရည်မှန်းချက် ၏ ၅၅.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၃.၈ ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အောက်ပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) အခြေခံပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းများကို အဆင့်တိုးမြှင့် ဖွင့်လှစ်ခြင်း၊ ကျောင်းသား၊ ဆရာအချိုး မျှတရေးအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်းဆင်းဆရာများနှင့် ပညာရေးတက္ကသိုလ်ဆင်းဆရာများ၊ နေ့စားဆရာ၊ ဆရာမများကို မူလတန်းပြ ဆရာ၊ ဆရာမများအဖြစ် ခန့်ထားနိုင်ခဲ့ပါသည်၊

(ခ) ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းသား/ ကျောင်းသူများအား ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ် နှင့် ကျောင်းဝတ်စုံတို့ကို အခမဲ့ ဖြန့်ဝေခြင်း၊ ကျောင်းများ အဆင့်တိုးမြှင့် ဖွင့်လှစ်ခြင်း၊ သွားလာရ ခက်ခဲသော ဆရာ၊ ဆရာမများအား ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဂ) တိုင်းရင်းသားလူငယ်များနှင့် အမျိုးသမီးများတို့အား အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်၊

(ဃ) ကလေးသူငယ်များ စာဖတ်သည့် အလေ့အထရရှိရေးနှင့် စာဖတ်ခြင်းဖြင့် အသိပညာ ရရှိစေရန် ရည်ရွယ်၍ ကလေးစာပေပွဲတော်ကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်၊

(င) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် တီဘီရောဂါရှာဖွေကုသရေး လုပ်ငန်း၊ အနာကြီးရောဂါတိုက်ဖျက်ရေး လုပ်ငန်း၊ ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး လုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(စ) ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်စေရန်အတွက် တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် တိုင်းရင်းဆေးရုံတို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်နိုင်ခဲ့ပါသည်၊

(ဆ) လူမှုရေးထောက်ပံ့ငွေပေးရေး အစီအစဉ်အရ ကိုယ်ဝန်ဆောင် မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အထိ ကလေးသူငယ်များအား ငွေကြေး ထောက်ပံ့ပေးရေးနှင့် အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ပေးရေးကို ဆောင်ရွက်ခဲ့ပါသည်၊

(ဇ) ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး နှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်၊

(ဈ) အဓမ္မခိုင်းစေမှုပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲ၊ အမျိုးသားအဆင့်သုံးပွင့်ဆိုင် ဆွေးနွေးပွဲ၊ အခြားအလုပ်သမားရေးရာကိစ္စရပ်များနှင့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာ နိုင်ငံအဆင့်အစီအစဉ် (၂၀၁၈-၂၀၂၂) အတည်ပြုခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ည) မြန်မာသံတမန်ကောင်းများ လေ့ကျင့်မွေးထုတ် ပေးနိုင်ရန်နှင့် သံခင်းတမန်ခင်း နှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များ လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်၍ သံတမန်ရေးရာ သင်တန်းကျောင်း (Diplomatic Academy) ကို နိုင်ငံခြားရေးဝန်ကြီးဌာန လက်အောက်တွင် တည်ထောင်ဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့ပါသည်၊

(ဋ) အားကစားအဆင့်အတန်း မြင့်မားလာစေရန်အတွက် ပြည်တွင်း/ပြည်ပ အားကစားပြိုင်ပွဲများကို ကျင်းပခဲ့ပါသည်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် စီမံခန့်ခွဲရေးဆိုင်ရာဖွံ့ဖြိုး တိုးတက်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) နယ်နိမိတ် ထိစပ်နေသည့်နေရာများတွင် နယ်နိမိတ်မှတ်တိုင်များ၊ ရည်ညွှန်းမှတ်တိုင်များ စစ်ဆေးတိုင်းတာခြင်းနှင့် ထပ်တိုးနယ်နိမိတ်မှတ်တိုင်များ စိုက်ထူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါ သည်၊

(ခ) NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းခြင်း၊ NCA မူဘောင်ကို ပြင်ဆင်ရေးဆွဲခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ မကျင်းပရသေးသော ဒေသများတွင် ကျင်းပ၍ ပြည်သူများ၏ သဘောထားများကို ရယူခြင်းနှင့် NCA လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်၊

(ဂ) ကုလသမဂ္ဂမှ ထုတ်ပြန်ထားသည့် အမျိုးသားစာရင်းစနစ် (System of National Accounts SNA-2008) နှင့်အညီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကဏ္ဍအလိုက်စာရင်းများ ပြုစုဆောင်ရွက်နိုင်ခဲ့ပါသည်၊

(ဃ) ဒိန်းမတ်-မြန်မာ နှစ်နိုင်ငံအစီအစဉ် (၂၀၁၆-၂၀၂၀)၏ ငွေကြေးထောက်ပံ့မှုဖြင့် ထုတ်လုပ်မှုကဏ္ဍရှိ မြန်မာနိုင်ငံတစ်ပိုင်တစ်နိုင်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းစစ်တမ်းအား UNU-WIDER ၏ နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ပါသည်၊

(င) စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ အကောင်အထည်ဖော်ရေး နှစ်ရှည်စီမံကိန်း ရေးဆွဲနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်၊

(စ) စီမံကိန်းစိစစ်ရာတွင် လိုအပ်သော စီမံကိန်းစိစစ်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း လုပ်ငန်းလမ်းညွှန်ချက် ထုတ်ပြန်နိုင်ရေးကို ဆောင်ရွက်လျက် ရှိပါသည်။ ထို့အပြင် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများ၏ ဝန်ထမ်းအင်အားနှင့် လစာစရိတ်ပြောင်းလဲမှုအခြေအနေများကို စိစစ်ပြုစုတင်ပြခြင်းနှင့် ရပ်ဆိုင်းထားသော စက်ရုံ/အလုပ်ရုံများဆိုင်ရာ အကြံပြုချက်များ ပြုစုတင်ပြခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်၊

(ဆ) ပြည်သူ့ဘဏ္ဍာငွေများအား စီမံခန့်ခွဲရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းကို ပြင်ဆင် ထုတ်ပြန်ခဲ့ပါသည်၊

(ဇ) ၂၀၁၇ ခုနှစ် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ငွေသား စီမံချက် အစီရင်ခံစာတို့ကို ပြုစုတင်ပြနိုင်ခဲ့ ပါသည်၊

(ဈ) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁) တွင် အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်၊

(ည) Myanmar Automated Cargo Clearance System စနစ်အား ကျွမ်းကျင် ပိုင်နိုင်စွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ MACCS စနစ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချ ပေးခဲ့ပါသည်၊

(ဋ) အကောက်ခွန်တန်ဖိုး သတ်မှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူဆိုင်ရာ လုပ်ထုံးလုပ်နည်း စသည်တို့ ထုတ်ပြန်နိုင်ရန် ဆောင်ရွက် ခဲ့ပါသည်၊

(ဌ) ပင်စင်ရန်ပုံငွေထူထောင်၍ ထည့်ဝင်ကြေးစနစ်ဖြင့် ပင်စင်အကျိုးခံစားခွင့်ပြုသည့်စနစ် သို့ ပြောင်းလဲဆောင်ရွက် လျက်ရှိပါသည်၊

(ဍ) ဒုတိယ (၆) လပတ်အတွင်း Core Banking Software အတွက် 2nd Stage Bid အကဲဖြတ်ခြင်း၊ e-Remmittance System ကို ဘဏ်ခွဲ ၁၅ ခုတွင် အကောင်အထည် ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(ဎ) Domestic Banking ဆိုင်ရာ လုပ်ငန်းများအနက် အစိတ်အပိုင်းတစ်ခုဖြစ်သော Fixed Deposit Account (မြန်မာကျပ်ပုံသေအပ်ငွေ) နှင့် Savings Account (မြန်မာကျပ် စုငွေဘဏ်အပ်ငွေ) တို့အား ၁-၈-၂၀၁၇ ရက်နေ့မှစ၍ ဖွင့်လှစ်၍ ဝန်ဆောင်မှု ပေးနိုင်ခဲ့ ပါသည်၊

(ဏ) တောင်သူလယ်သမား အသက်အာမခံလုပ်ငန်းကို ၁-၁၀-၂၀၁၇ ရက်နေ့မှစ၍ စတင် ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(တ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ၊ သတင်းသိပိုင်ခွင့်ဥပဒေ၊ သတင်း မီဒီယာဥပဒေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် အဆောက်အအုံများ ကာကွယ်ထိန်းသိမ်း ရေး နည်းဥပဒေ၊မြန်မာနိုင်ငံပြတိုက်များဥပဒေနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ် ထိန်းသိမ်းရေးဥပဒေ၊ ၂၀၁၁ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေ၊ ပြည့်တန်ဆာ

ဆိုင်ရာဥပဒေ၊ သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေနှင့် ကျန်းမာရေးနှင့် အားကစား ဆိုင်ရာ ဥပဒေများ အတည်ပြု နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်၊

(ထ) တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင် အစုစပ်လုပ်ငန်း အက်ဥပဒေတို့ကို အတည်ပြု နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်၊

(ဒ) ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်း ဥပဒေ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေနှင့် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေများကို တင်ပြနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် စီးပွားရေးနှင့်ဆက်နွယ်ရာ စီမံခန့်ခွဲမှု အပိုင်းတွင် အောက်ပါ တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သည် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံး/ ကောင်စစ်ဝန်ချုပ်ရုံးများမှ မြန်မာနိုင်ငံကူးလက်မှတ် လာရောက်လျှောက်ထားသူ မြန်မာ နိုင်ငံကူး လက်မှတ်များ ထုတ်ပေးခဲ့ပါသည်၊

(ခ) တိုင်းဒေသကြီး/ပြည်နယ်အလိုက် မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြု ဆောင်ရွက် ပေးခြင်း စစ်ဆေးခများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် ပေးသွင်းနိုင်ခဲ့ပါသည်၊

(ဂ) Digital စနစ် ရုပ်ရှင်ပြသသည့်ရုံများ ပေါ်ထွန်းလာရေးအတွက် ရုပ်ရှင်ရုံများကို လိုင်စင်များ ခွင့်ပြုပေးနိုင်ခဲ့ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Multi Channel Playout System တွင် ရုပ်သံလိုင်းထည့်သွင်း ထုတ်လွှင့်ခြင်းလုပ်ငန်းများအဖြစ် ရုပ်သံလိုင်းများကို ခွဲဝေလုပ်ကိုင် ခွင့်ပေးခဲ့ပါသည်၊


(ဃ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် အစားအသောက်နမူနာ၊ ဆေးဝါးနမူနာ၊ အလှကုန်၊ လူသုံးကုန်၊ ဆေးပစ္စည်းနမူနာတို့အား ဓာတ်ခွဲ စစ်ဆေး ပေးနိုင်ခဲ့ပြီး တိုင်းရင်းဆေးဝါး မှတ်ပုံတင်အသစ် ထုတ်ပေးခြင်း ၊ သက်တမ်းတိုးခြင်း၊ ကျန်းမာရေး ထောက်ခံချက်နှင့် သွင်းကုန်ထောက်ခံချက် များ တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် တိုင်းဒေသကြီး/ ပြည်နယ်များ အလိုက် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင် အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည်-

## ပုံ (၃-၃၆)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး ပြည်နယ်များရှိ မြို့နယ်များတွင် ပညာရေးဌာန အနေဖြင့် မူလတန်းအဆင့် ဆရာ/ ဆရာမ များအား လစ်လပ်နေရာများတွင် ဖြည့်သွင်း ခန့်ထားခြင်း၊ တိုးချဲ့ခန့်ထားခြင်း၊ မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းဆင့် ဆရာ/ ဆရာမများအား ရာထူးတိုးမြှင့်ပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ခြင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း ဆရာဝန်၊ သူနာပြု စသည့် ကျန်းမာရေးဝန်ထမ်းများအား တိုးချဲ့ခန့်ထားခြင်းနှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီတို့တွင် ဝန်ထမ်းအသစ်များ တိုးမြှင့်ခန့်ထားခြင်းများ ရှိခဲ့ခြင်းကြောင့် ၃.၈ ရာခိုင်နှုန်း တိုးတက်ရခြင်းဖြစ်ပါသည်။

**အခြားဝန်ဆောင်မှုကဏ္ဍ။** အခြား ဝန်ဆောင်မှုလုပ်ငန်းများတွင် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေး ဝန်ဆောင်မှု၊ နေ့ကလေးထိန်းလုပ်ငန်း၊ ပုဂ္ဂလိကပိုင် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ခရီးသွား ဝန်ဆောင်မှုလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ အလှပြင်ဆိုင်၊ နိုင်ငံခြားဧည့်ကြိုစကားပြန် လုပ်ငန်းများ အပါအဝင် ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်လျက် ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် အခြားဝန်ဆောင်မှုကဏ္ဍ၏ ဝန်ဆောင်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၇၀၅,၂၄၄.၁ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၂.၀ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၃-၃၇) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၃၈) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်းများဖြင့်** ကျပ် ၁,၅၄၃,၄၃၆.၄ သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်အပေါ် ၅၇.၁ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်းများအရ** ၁၃.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

အခြားဝန်ဆောင်မှု ကဏ္ဍတွင် ပါဝင်သော ပုဂ္ဂလိကကျောင်း၊ ဘော်ဒါဆောင်လုပ်ငန်း ၊ ပုဂ္ဂလိက ဆေးရုံ၊ သွားစိုက်လုပ်ငန်း၊ ဆေးကုသခန်း၊ တိုင်းရင်းဆေးကုသခန်း၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်း နှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်း၊ အလှပြင်ဆိုင်လုပ်ငန်းများ ယခင်နှစ်ကထက် တိုးတက်ခဲ့ သည့်အပြင် ပြည်တွင်း/ပြည်ပ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်ခဲ့ပါသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ (၆)လပတ်တွင် ခရီးသည် ၁,၈၄၉,၄၂၆ ဦး ဝင်ရောက်ခဲ့ပြီး၊ ယခင်နှစ်ကထက် ခရီးသည် ၇၀,၄၃၈ ဦး တိုးတက်ခဲ့ပါသည်။ ကမ္ဘာလှည့်ခရီးသည်များ သုံးစွဲခဲ့သည့်ဝင်ငွေမှာ US$ ထောင်ပေါင်း ၁,၁၄၉,၀၄၂ ရရှိခဲ့ ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ပြည်တွင်းပုဂ္ဂလိကမှ လုပ်ကိုင်လျက်ရှိသော ခရီးလှည့်လည်ရေး ကုမ္ပဏီများအား စည်းမျဉ်း စည်းကမ်းများနှင့် လုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အခြားဝန်ဆောင်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၃-၃၉)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပြည်တွင်း/ပြည်ပ ခရီးသွားများ ဝင်ရောက်မှုအနေဖြင့် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေတို့တွင် ပြည်တွင်း/ပြည်ပ ခရီးသည်များ အများဆုံးဝင်ရောက်ခဲ့ပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ပြည်တွင်းခရီးသည်များ တိုးတက်ခဲ့ပြီး ပြည်ပ

ခရီးသွားများ ဝင်ရောက်မှု လျော့နည်းခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီးတွင် ပြည်တွင်း ခရီးသွား လျော့နည်းခဲ့ပြီး ပြည်ပခရီးသွားများ ယခင်နှစ်အလားတူကာလထက် တိုးတက်ခဲ့ ပါသည်။


ပြည်တွင်း/ပြည်ပ ခရီးသွားများသုံးစွဲမှုအနေဖြင့် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေတို့တွင် မြန်မာငွေ၊ နိုင်ငံခြားငွေဒေါ်လာ များ ပိုမိုရရှိခဲ့ပြီး ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နိုင်ငံခြားငွေဒေါ်လာ ပိုမိုရရှိခဲ့ ပါသည်။

**ကုန်သွယ်ရေးကဏ္ဍ။** နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများနှင့် အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေ လွယ်ကူချောမွေ့ စေရန်နှင့် ကုန်သွယ်မှု လုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများအပေါ် အခြေခံ၍ ကုန်သွယ်မှုလုပ်ငန်းစဉ်များကို ချိတ်ဆက် ဆောင်ရွက်လျက် ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးကို **နှစ်အလိုက် ဈေးနှုန်းများအရ** ကျပ် ၁၉,၁၆၃,၉၂၅.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၇.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ်**
**ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်း**

ပုံ(၃-၄၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၄၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ကုန်သွယ်ရေးကဏ္ဍ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် စာရင်းများအရ ကုန်သွယ်မှု တန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများဖြင့်** ကျပ် ၁၃,၅၁၇,၆၄၇.၀ သန်း ရရှိခဲ့၍ **စီမံကိန်းရည်မှန်းချက်၏** ၇၀.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ယခင်နှစ် အလားတူကာလထက် ၇.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပြည်ပကုန်သွယ်မှု။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် အကောင်အထည်ဖော်မှုတွင် ပြည်ပပို့ကုန် ကို အမေရိကန်ဒေါ်လာ ၇,၄၅၆.၉ သန်း၊ ပြည်ပသွင်းကုန် အမေရိကန်ဒေါ်လာ ၉,၅၅၈.၉ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇,၀၁၅.၈ သန်း ဆောင်ရွက် နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ပို့ကုန်များသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်တွင် စက်မှုကုန်ချောပစ္စည်းများ အမေရိကန်ဒေါ်လာ ၁,၇၄၀.၁ သန်း ၂၃.၃ ရာခိုင်နှုန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ ၁,၇၃၁.၄သန်း ၂၃.၂ ရာခိုင်နှုန်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၁,၅၈၂.၉ သန်း ၂၁.၂ ရာခိုင်နှုန်း၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၁,၁၁၃.၄ သန်း ၁၄.၉ ရာခိုင်နှုန်း၊ ရေထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၄၀၇.၆ သန်း ၅.၅ ရာခိုင်နှုန်း၊ သစ်တောထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၉၈.၉ သန်း ၁.၃ ရာခိုင်နှုန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၅၃.၀ သန်း ၀.၇ ရာခိုင်နှုန်း နှင့် အခြားပစ္စည်းများ အမေရိကန် ဒေါ်လာ ၇၂၉.၆ သန်း ၉.၉ ရာခိုင်နှုန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇,၄၅၆.၉ သန်း ပြည်ပသို့ တင်ပို့ နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ သွင်းကုန်များအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ရင်းနှီးကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၃,၂၆၂.၇ သန်း ၃၄.၁ ရာခိုင်နှုန်း၊ လုပ်ငန်းတွင်းသုံးကုန်ကြမ်းနှင့် အရန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၄,၁၇၃.၅ သန်း ၄၃.၇ ရာခိုင်နှုန်း၊ လူသုံးကုန်ပစ္စည်း အမေရိကန် ဒေါ်လာ ၂,၁၂၂.၇ သန်း ၂၂.၂ ရာခိုင်နှုန်း၊ စုစုပေါင်းအမေရိကန်ဒေါ်လာ ၉,၅၅၈.၉ သန်း တင်သွင်းခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အများဆုံး ကုန်သွယ်ဘက်နိုင်ငံများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စုစုပေါင်း ကုန်သွယ်မှုပမာဏ၏ ၃၈.၆ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံနှင့် ၁၄.၄ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံနှင့် ၅.၈ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံနှင့် ၃.၇ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံနှင့် ၃.၃ ရာခိုင်နှုန်း အသီးသီး ကုန်သွယ်နိုင်ခဲ့ပါသည်။

ပြည်ပပို့ကုန်အများဆုံး တင်ပို့သည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃,၅၄၃.၇ သန်း၊ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁,၃၁၂.၈ သန်း၊ ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅၀၃.၂ သန်း၊ ဂျာမနီနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၈၈.၄ သန်းနှင့် ဗြိတိန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၅၈.၄ သန်း ဖြစ်ပါသည်။ အများဆုံးတင်ပို့သော ကုန်စည်များမှာ သဘာဝဓာတ်ငွေ့၊ ချုပ်ပြီး အထည်၊ ဆန်၊ ကျောက်စိမ်း၊ သတ္တုနှင့်သတ္တုရိုင်း၊ ငါးနှင့် ပြောင်းတို့ ဖြစ်ကြပါသည်။

ပြည်ပသွင်းကုန်အများဆုံး တင်သွင်းသည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃,၀၂၉.၈ သန်း၊ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁,၁၃၃.၉ သန်း၊ ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၄၈၈.၉ သန်း၊ အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ၄၇၃.၉ သန်းနှင့် မလေးရှားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၄၃၀.၂ သန်း ဖြစ်ပါသည်။ အများဆုံး တင်သွင်းသော ကုန်စည်များမှာ ရေနံထွက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ် ပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့်သံမဏိ ပစ္စည်းများနှင့် ပလပ် စတစ်ကုန်ကြမ်းပစ္စည်းများ ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် ကာလအတွင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ လျင်မြန်စေရန် Fully Online Licensing System စနစ်တွင် လက်ရှိ Auto License ဖြင့် ထုတ်ပေးလျက်ရှိသည့် ကုန်ပစ္စည်းအမယ် ၈၁ မျိုးတွင် ပို့ကုန် ၃၂ မျိုးနှင့် သွင်းကုန် ၄၉ မျိုးထိ ထပ်မံတိုးမြှင့်ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် MGMA စနစ်နှင့် Fully Online စနစ်တို့

နည်းပညာပိုင်းအရ ချိတ်ဆက်၍ Fully Online Licensing စနစ်မှ CMP လိုင်စင်များအား စက်ရုံ ၄၆ ရုံ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ CMP စက်ရုံပေါင်း ၁၅၃ ရုံအထိ ချိတ်ဆက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကုန်သွယ်ရေးဇုန်များ/ စခန်းများတွင် Border Trade Online System-BTOS စနစ်ဖြင့် ပို့ကုန် သွင်းကုန်လိုင်စင် ထုတ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် BTOS စနစ်နှင့် Bot-trade စနစ်များ အသုံးပြုလျက်ရှိသော နေပြည်တော် (ရုံးချုပ်)၊ ပို့ကုန်သွင်းကုန် ရုံးများနှင့် နယ်စပ်စခန်းများတွင် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တူညီသည့် စခန်းCode သတ်မှတ်မှု ဖြစ်စေရေး၊ ဆက်စပ်ဌာနများနှင့် Electronic အချက်အလက်များ ချိတ်ဆက်ရာတွင် Standard ဖြစ်စေရေးတို့အတွက် စခန်း Code (Prefix) များအား (3 Digits) သို့ ပြောင်းလဲအသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

မူဝါဒဆိုင်ရာ ဖြေလျှော့ပြောင်းလဲမှုများအနေဖြင့် တရားမဝင် တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်နှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက်နိုင်ရန် ကျွဲ၊ နွားအရှင်များအား တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ နှင့်အညီ ပြည်ပသို့ တရားဝင် တင်ပို့ခွင့်ပြုခြင်း၊ ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများအား တင်ပို့/ တင်သွင်းခွင့်ပြုခြင်း၊ နိုင်ငံခြားဈေးကွက် အခွင့်အလမ်းများ ပိုမိုရရှိစေရန် မြန်မာနိုင်ငံသားနှင့် ပေါင်းစည်းဆောင်ရွက်သော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအား ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံ၍ ထုတ်လုပ်ရရှိသည့် အဆင့်မြင့်ကုန်ချောပစ္စည်းအုပ်စု ၂၂ မျိုးအား ပြည်ပသို့တင်ပို့ ခွင့်ပြုခြင်း၊ ပြည်တွင်းရှိ အခြေခံလူတန်းစားများအနေဖြင့် အရည်အသွေးကောင်းပြီး ဈေးနှုန်းသက်သာသော ပြည်ပစက်ဘီးအဟောင်းများကို အသုံးပြုနိုင်စေရန်ရည်ရွယ်ချက်ဖြင့် အသုံးပြုပြီးစက်ဘီး (Used Bicycle) များအား ၂၀၁၈ ခုနှစ်အတွက် တင်သွင်းခွင့်ပြုခြင်းတို့အား ဆောင်ရွက်ခဲ့ပါသည်။

ပြည်တွင်း ကုန်ထုတ်လုပ်တင်ပို့မှု လုပ်ငန်းများကို ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် လိုင်စင်လျှောက်ထားရန်မလိုသော ကုန်စည်များအဖြစ် ဖြေလျှော့ပြီး နိုင်ငံတော်လုံခြုံရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လူ၊ တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုကိုကာကွယ်ရန် မြန်မာနိုင်ငံ၏ HS Code 2017 Version အရ 10 digit ကုန်စည်လိုင်း စုစုပေါင်း ၃၃၄၅ လိုင်းကို ပို့ကုန် လိုင်စင်လျှောက်ထားရန်လိုသည့် စာရင်း (Negative List) အဖြစ် ထုတ်ပြန်ခဲ့ပါသည်။

အာဆီယံကုန်စည်ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ အကောင်အထည် ဖော်ဆောင်ရွက်မှုအနေဖြင့် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ (Non-Tariff Measures-NTMs) ဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပင်ရင်းဒေသစည်းမျဉ်းများ အပါအဝင် ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်များ ထင်သာမြင်သာရှိစေရန် ကုန်သွယ်မှု အချက်အလက်များ ဘဏ္ဍာတိုက် (National Trade Portal and Trade Repository Website) တည်ထောင်ရေးကို(United States Agency for International Development- USAID)၏ ကူညီထောက်ပံ့မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြစ်သော Trade Development Programme (TDP) စီမံကိန်းအကောင်အထည်ဖော်မှုကို ဥရောပသမဂ္ဂအဖွဲ့ (EU)နှင့် ဂျာမနီ သမ္မတ နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ အီလက်ထရောနစ်စနစ်ဖြင့် ကုန်သွယ်မှုပြုနိုင်ရေး လိုအပ်ချက်များကို အကဲဖြတ်နိုင်ရန်အတွက် UNCTAD ကိုယ်စားလှယ်အဖွဲ့နှင့် e-Trade Readiness Assessment ဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

ပို့ကုန်ထိန်းချုပ်ရေး (Export Control)နှင့် ပတ်သက်၍ ဥရောပသမဂ္ဂမှ အကူအညီပေးနေသည့် ဓာတု၊ ဇီဝ၊ ဓာတ်ရောင်ခြည်နှင့် အဏုမြူဆိုင်ရာ ဘေးအန္တရာယ် လျော့ပါးစေရေး စီမံကိန်း အမှတ်စဉ် (၄၇) (Chemical Biological Radiological and Nuclear Risk Mitigation Centers of Excellence (CBRN–CoE) Project 47) EU P2P export control programme for dual use goods ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ ပိုမိုကောင်းမွန်ထိရောက်သော ဥပဒေဖြစ်စေရန်အတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ၂၀၁၄ ၏ အားသာချက်၊ အားနည်းချက်များ အပေါ် အခြေခံ၍ ဥပဒေအစားထိုး ပြင်ဆင်ရေးလုပ်ငန်းကို ဆောင်ရွက်လျက် ရှိပါသည်။ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအသစ် (မူကြမ်း)ကို ပြည်သူများ သိရှိလေ့လာနိုင်ရန်နှင့် အကြံပြုချက်များ ပေးပို့နိုင်ရန် နိုင်ငံပိုင်သတင်းစာများမှတဆင့် ဖော်ပြကာ အကြံပြုစာများ တောင်းခံပြီး ဥပဒေ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

စားသုံးသူပြည်သူများမှ နစ်နာမှုများကို ဥပဒေပါပြဋ္ဌာန်းချက်များအရ လွတ်လပ်စွာ တိုင်ကြားနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်များတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာန Consumer Information Complaint Center (CICC) ရုံး ၄၈ ခုကို ဖွင့်လှစ်ခဲ့ပါသည်။ ထို့အပြင် တိုင်းဒေသကြီး/ ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ၁၅ ဖွဲ့ နှင့် ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ၅၈ ဖွဲ့ တို့ကိုလည်း ဖွဲ့စည်း ဆောင်ရွက် ခဲ့ပါသည်။

တောင်သူအသိပညာပေးလုပ်ငန်းအနေဖြင့် EU သို့ပဲပင်ပေါက် (Bean Sprouting) အတွက် မြန်မာပဲများတင်ပို့နိုင်ရန် ၂၀၁၈ ခုနှစ် ပဲတီစိမ်းစိုက်ပျိုးရာသီတွင် (GAP & GHP) နည်းစနစ်များ အတိုင်း စိုက်ပျိုးစေရန် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၇ မြို့နယ်တွင် သင်တန်းပို့ချပေးခဲ့ပါသည်။ ပဲတင်ပို့နိုင်ရန်အတွက် ၂၀၁၇ ခုနှစ်၊ ပဲရာသီတွင် ကုမ္ပဏီ ၇ ခု အား လည်းကောင်း၊ ၂၀၁၈ ခုနှစ် ပဲရာသီတွင် ကုမ္ပဏီ ၉ ခုအား လည်းကောင်း Processer စစ်ဆေးပေးခြင်းများဆောင်ရွက်ခဲ့ပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ စနစ်တကျထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှုဗဟိုဌာန ရုံးချုပ်ဌာနခွဲများအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် များရှိ ကုန်သွယ်မှုဗဟိုဌာနများ (Trade Centre)နှင့် ချိတ်ဆက် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။ ကုန်သွယ်မှုဗဟိုဌာနများကို ၂၀၁၄ ခုနှစ်မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖွင့်လှစ်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုဗဟိုဌာန စုစုပေါင်း ၁၂ ခု ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

အမျိုးသားပို့ကုန် မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် မြန်မာ့လက်မှု အနုပညာပစ္စည်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေး၊ ဒေသထွက်ကုန် များ ဈေးကွက်ရရှိနိုင်ရေး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေး၊ သိုးဆိတ်ထုတ်လုပ် တင်ပို့မှုမြှင့်တင်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဒေသထွက်ကုန်များ ဈေးကွက် ရရှိနိုင်ရေး၊ ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကုန်သွယ်မှု ကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြ အပ်ပါသည်-

**ပုံ(၃-၄၂)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ဒေသတွင်းထုတ်လုပ်မှုကဏ္ဍများ၏ ထုတ်လုပ်မှု တိုးလာခြင်းနှင့် ကုန်စည်စီးဆင်းမှု၊ ရောင်းဝယ်မှုများ ကောင်းလာသည့်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် စီမံကိန်းရည်မှန်းချက်အပေါ် ၆၆ ရာခိုင်နှုန်းဝန်းကျင်ခန့် အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာဈေးကွက်သို့ ကုန်သွယ်မှုတိုးချဲ့နိုင်ရေး အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ မဟာမဲခေါင်ဒေသ နိုင်ငံများ၊ အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသ စသည့်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

**ဝန်ကြီးဌာနအလိုက် လုပ်ငန်းစီမံကိန်းများဆောင်ရွက်နိုင်မှုအခြေအနေ**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုတွင် ပြည်ထောင်စုဝန်ကြီးဌာနများ အနက် လုပ်ငန်းစီမံကိန်းများ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုဝန်ကြီးဌာန ၇ ခု ရှိရာ လုပ်ငန်းစီမံကိန်းများအတွက် ကျပ် ၁,၂၈၆,၅၁၃.၈၆၅ သန်း လျာထားခဲ့ပါသည်။ ဒုတိယ (၆) လပတ် အတွင်း လုပ်ငန်းစီမံကိန်းများ၏ စုစုပေါင်းအသုံးစရိတ် ကျပ် ၇၃၅,၈၇၅.၂၆၀ သန်း သုံးစွဲနိုင်ခဲ့သော ကြောင့် လျာထားချက်အပေါ် ၅၇.၂၀ ရာခိုင်နှုန်း သုံးစွဲဆောင်ရွက်နိုင်ပြီး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း ဝန်ကြီးဌာနအလိုက် လုပ်ငန်းစီမံကိန်း ဆောင်ရွက်နိုင်မှုအခြေအနေကို ငွေကြေးထုတ်ယူသုံးစွဲမှုအလိုက် စိစစ်တင်ပြအပ်ပါသည်။

**(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံး ငွေရင်းအသုံးစရိတ် အပေါ် ကျပ် ၁၇၆,၅၅၉.၅၈၃ သန်း၊ ၄၈.၁၅ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ကျပ် ၅၄,၀၅၆.၉၇၈ သန်းနှင့် ၃၅.၃၅ ရာခိုင်နှုန်း၊ စက်မှုလယ်ယာဦးစီးဌာနမှ ၄,၄၀၀.၁၅၈ သန်းနှင့် ၁၄၇.၀၃ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ၁,၁၂၂.၂၀၄ သန်းနှင့် ၉၇.၁၆ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ကျပ် ၁၇,၂၄၆.၂၁၁ သန်းနှင့် ၂၁၃.၁၃ ရာခိုင်နှုန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျပ် ၉၉,၇၃၄.၀၃၂ သန်းနှင့် ၅၁.၄၆ ရာခိုင်နှုန်း အသီးသီး သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စီမံကိန်း ၂၇ ခုအတွက် ခွင့်ပြုငွေ အပေါ် ၃၅.၃၅ ရာခိုင်နှုန်း သုံးစွဲထားသော်လည်း ရွှေးမြစ်နှင့် ပြာမလော့မြစ်ကြား ရေငန်တား ဆောင်ရွက်ခြင်း လုပ်ငန်း၊ မကွေး၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီနှင့် ရခိုင်ပြည်နယ် အတွင်းရှိ တာတမံများ တောင့်တင်းခိုင်မာအောင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရေငန်တားတာတမံများ အခိုင်အမာ ပြုပြင်ခြင်းလုပ်ငန်း၊ မန်းချောင်းရေလှောင်တမံ၏ အကူရေပိုလွှဲ အကြီးစားပြုပြင်ခြင်းလုပ်ငန်း၊ ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းအတွင်း ရေကြီးနစ်မြုပ်မှု လျော့ပါးစေရေး အတွက် ဆောင်ရွက်သော လုပ်ငန်းများနှင့် ပျော့ရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းများအနေဖြင့် ရာနှုန်းပြည့် သုံးစွဲထားပြီး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ခ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ (၆) လပတ်အတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၂၆၆,၆၆၆.၂၉၁ သန်း၊ ၆၁.၄ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျပ် ၃,၂၃၂.၉၈၀ သန်းနှင့် ၇.၄ ရာခိုင်နှုန်း၊ မြန်မာ့မီးရထားမှ ကျပ် ၁၈၇,၁၇၂.၄၅၇ သန်းနှင့် ၈၃.၁ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကျပ် ၅,၂၉၃.၁၁၉ သန်း နှင့် ၃၈.၁ ရာခိုင်နှုန်း၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာ လုံခြုံရေးဦးစီးဌာနမှ ကျပ် ၈၇၇.၁၁၁ သန်းနှင့် ၁၀၄.၇ ရာခိုင်နှုန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကျပ် ၁၆,၀၈၂.၁၉၂ သန်းနှင့် ၃၁.၃ ရာခိုင်နှုန်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ကျပ် ၅၄,၀၀၈.၄၃၂ သန်း နှင့် ၅၄.၅ ရာခိုင်နှုန်းတို့ အသီးသီး သုံးစွဲခဲ့ပြီးဖြစ်ပါသည်။

မြန်မာ့မီးရထားမှ ဒုတိယ(၆)လပတ် အတွင်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေဖြင့် စက်ခေါင်းသစ် ဆောက်လုပ်ရေးစက်ရုံနှင့် လူစီးတွဲ၊ ကုန်တွဲသစ်ဆောက်လုပ်ရေး စက်ရုံတည်ဆောက်ခြင်း၊ အိန္ဒိယချေးငွေဖြင့် ဒီဇယ်စက်ခေါင်းများ၊ လူစီးတွဲများနှင့် စက်ပစ္စည်းများဝယ်ယူခြင်း၊ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း၊ Security Operation Center Project တို့တွင် ခွင့်ပြုငွေအပေါ် ရာနှုန်းပြည့်ကျော်လွန် သုံးစွဲထားပြီးဖြစ်ကြောင်းနှင့် လုပ်ငန်းလိုအပ်ချက်များအရ ဖြည့်စွက်ရန်ပုံငွေ ထပ်မံတောင်းခံသုံးစွဲမှုကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။အသုံးစရိတ်လျာထားချက်၏ ၁၀၀ ရာခိုင်နှုန်းကျော် သုံးစွဲပြီးစီမံကိန်း ၆ ခု၊ ၁၀၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းကြား သုံးစွဲပြီး စီမံကိန်း ၁၃ ခု၊ ၅၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းကြား သုံးစွဲပြီး စီမံကိန်း ၄ ခု၊ ၃၀ ရာခိုင်နှုန်းအောက်သာ သုံးစွဲနိုင်သော စီမံကိန်း ၉ ခုရှိကြောင်းတွေ့ရှိရပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေဖြင့် စက်ခေါင်း ၆ ခေါင်း (သို့မဟုတ်) လူစီးတွဲ ၃၀ တွဲ ဝယ်ယူခြင်း Yuan ၈၀ သန်း ဖြင့် ခွင့်ပြုငွေ ကျပ် ၁၄၄.၀၀၀ သန်းမှ စက်ခေါင်း ၆ ခေါင်း ဝယ်ယူခြင်း မပြုတော့ဘဲ လေအိတ်ဘိုဂီလူစီးတွဲသစ် (၂၈) တွဲ ပြောင်းလဲဝယ်ယူရန်အတွက် ညှိနှိုင်းကာလဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အသုံးမပြုတော့သဖြင့် ပြန်လည်အပ်နှံပြီး ဖြစ်ပါသည်။ ဂျပန်နိုင်ငံချေးငွေဖြင့် ဆောင်ရွက် မည့် Yangon Circular Railways Line Upgrading Project (Signal , Power Distribution and Level Crossing)လုပ်ငန်းတွင် CMC နှင့် စာချုပ်ချုပ်ဆိုပြီး တင်ဒါခေါ်ယူထားဆဲဖြစ်၍ ယခုဘဏ္ဍာရေးနှစ်တွင် အသုံးမပြုနိုင်သဖြင့် ပြန်လည်အပ်နှံရခြင်း ဖြစ်ပါသည်။ ဂျပန်နိုင်ငံချေးငွေဖြင့် ဆောင်ရွက်မည့် Yangon – Mandalay Railways Improvement Project Phase 1 (1) (Signal Communication) Power Distribution and Level Crossing လုပ်ငန်းတွင်

| | | ၂ | အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့် လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း ( AFoCo RETC )တည်ထောင်ခြင်း စီမံကိန်း * | ၂၉၀.၃၂၅ | ၃၄၀၀.၁၀၂ | ၁၁၇၁.၁၄ | ၂၀၁၄-၂၀၁၅ |
| | | ၃ | ရေသယံဇာတအရင်းအမြစ်များ ဘက်စုံစီမံအုပ်ချုပ်ခြင်းစွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် သင်တန်းပေးခြင်းစီမံကိန်း (IWRM) * | ၂၄.၂၉၄ | ၆၇.၁၄၂ | ၂၇၆.၃၇ | ၂၀၁၆-၂၀၁၇ |
| | | ၄ | ဟိမဝန္တာတောင်တန်းဒေသအတွင်းသစ်တောပြုန်းတီးမှုနှင့်သစ်တောအတန်း အစားကျဆင်းမှုမှကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းဆိုင်ရာဘက်စုံဖွံ့ဖြိုးတိုး တက်စေခြင်းနှင့်အတွေ့အကြုံများ အသုံးချတတ်စေခြင်းစီမံကိန်း(ICIMOD) | ၁၆၂.၈၁၁ | ၁၂၆.၄၆၈ | ၇၇.၆၈ | ၂၀၁၆-၂၀၁၇ |
| | | ၅ | မြန်မာနိုင်ငံ၏ REDD+ လုပ်ငန်းများဆောင်ရွက်ရာတွင် ဆက်စပ်ပတ်သက် သူများစွမ်းဆောင်ရည်မြင့်မားရေးစီမံကိန်း (KFS REDD+) | ၂၈၄.၈၉၄ | ၂၄၇.၅၀၄ | ၈၆.၈၈ | ၂၀၁၆-၂၀၁၇ |
| | | ၆ | တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ကာဗွန်တွက်ချက်ခြင်းနှင့် စောင့်ကြည့် လေ့လာရေးစနစ်အားအကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်း(FFPRI ) | ၃၅.၅၅၀ | ၂၀.၆၆၁ | ၅၈.၁၂ | ၂၀၁၆-၂၀၁၇ |
| | | ၇ | အပင်မျိုးစိတ်နှင့်သစ်တောမျိုးစုများထိန်းသိမ်းစောင့်ရှောက်ခြင်း ( KNA) | ၇.၁၁၀ | ၆.၉၆၀ | ၉၇.၈၉ | ၂၀၁၆-၂၀၁၇ |
| | | ၈ | ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် သဘာဝနယ်မြေများစီမံအုပ်ချုပ်မှုမြှင့်တင် ခြင်း စီမံကိန်း (NEA) | | ၁၆၁.၈၉၈ | | ၂၀၁၆-၂၀၁၇ |
| | ၂ | | **စီမံကိန်းသစ်များ** | | **၅၅.၁၉၉** | | |
| | | ၁ | လက်ထုတ်နှင့်ထက်လန်းကန် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခြင်းစီမံကိန်း ( JIFPRO ) | | ၅၅.၁၉၉ | | ၂၀၁၇-၂၀၁၈ |
| | | ၂ | မြန်မာကမ်းရိုးတန်းနေဒေသခံပြည်သူများအတွက် ရာသီဥတုပြောင်းလဲမှုနှင့် အညီ လိုက်လျောညီထွေစွာနေထိုင်နိုင်ရေးနှင့် ဒီရေတောများအား ပူးပေါင်း စီမံအုပ်ချုပ်မှုစနစ် မြှင့်မားလာစေရေးစီမံကိန်း | | | | ၂၀၁၈ ခုနှစ် |
| ၂ | | | **မြန်မာ့သစ်လုပ်ငန်း** | **၅၉.၂၅၀** | **၂၃.၁၅၃** | **၃၉.၀၈** | |
| | | ၁ | Sheffeld University နှင့် ပူးပေါင်းဆောင်ရွက်သည့် မြန်မာ့ဆင်သုတေသန လုပ်ငန်းစီမံကိန်း | ၅၉.၂၅၀ | ၂၃.၁၅၃ | ၃၉.၀၈ | ၂၀၁၇-၂၀၁၈ |
| | | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စုစုပေါင်း** | **၁၃၉၇.၄၈၄** | **၄၆၆၆.၂၉၀** | **၃၃၃.၉၁** | |

* ဖြည့်စွက်ခွင့်ပြုငွေများရရှိခဲ့၍ ရာနှုန်းပြည့်ထက် ကျော်လွန် သုံးစွဲခဲ့ခြင်းဖြစ်ပါသည်။

# ဇယား (၃-၄)

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ဒုတိယ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | | | လုပ်ငန်း စီမံ ကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| | | | | လျာထားချက် (BE) | (အောက်တိုဘာလမှ မတ်လ) | သုံးစွဲပြီး ရာခိုင်နှုန်း | |
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | **ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန** | **၈၇,၁၈၄.၅၄၈** | **၆၅,၁၀၈.၈၄၄** | **၇၄.၆၈** | |
| | | | **လုပ်ငန်းစီမံကိန်းများ** | **၈၇,၁၈၄.၅၄၈** | **၆၅,၁၀၈.၈၄၄** | **၇၄.၆၈** | |
| | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၈၇,၁၈၄.၅၄၈** | **၆၅,၁၀၈.၈၄၄** | **၇၄.၆၈** | |
| | | ၁ | အလယ်ပေါင်းလောင်း | ၁၀၉.၈၀၅ | ၆၉၀.၂၅၃ | ၆၂၈.၆၂ | ၂၀၁၄-၂၀၁၅ |
| | | ၂ | ရွှေလီ(၃) | ၅,၇၀၀.၀၀၀ | ၁၀,၀၇၆.၄၃၆ | ၁၇၆.၇၈ | ၂၀၁၀-၂၀၁၁ |
| | | ၃ | အထက်နမ့်ထွမ် | ၄,၀၉၉.၉၇၆ | ၆,၂၅၇.၉၄၇ | ၁၅၂.၆၃ | ၂၀၁၄-၂၀၁၅ |
| | | ၄ | ဒီးဒုတ် | ၄၉.၉၈၀ | ၄၉.၉၈၀ | ၁၀၀.၀၀ | ၂၀၁၅-၂၀၁၆ |
| | | ၅ | အထက်ရဲရွာ | ၃၈,၄၆၈.၅၀၀ | ၂၆,၁၇၆.၆၇၀ | ၆၈.၀၅ | ၂၀၁၀-၂၀၁၁ |
| | | ၆ | သူရွှေး | ၁၉,၆၂၆.၀၂၀ | ၉,၆၅၈.၃၀၄ | ၄၉.၂၁ | ၂၀၀၈-၂၀၀၉ |
| | | ၇ | အထက်ကျိုင်းတောင်း | ၄,၅၄၅.၀၀၀ | ၁၀,၆၁၅.၉၂၈ | ၂၃၃.၅၇ | ၂၀၀၈-၂၀၀၉ |
| | | ၈ | အထက်ဘီလူးချောင်း | ၁၂,၉၄၄.၀၀၀ | | | ၂၀၁၀-၂၀၁၁ |
| | | ၉ | စိုက်ပျိုးမြေထောက်ပံ့ကြေး(လျော်ကြေး)ပေးချေခြင်းများ (ပြီးစီးပြီးသော စီမံကိန်းများအတွက်) | ၁,၆၄၁.၂၆၇ | ၁,၅၈၃.၃၂၆ | ၉၆.၄၇ | |
| ၂ | | | **လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန** | **၂၄၄,၁၁၀.၁၀၃** | **၁၂၁,၆၉၀.၅၅၉** | **၄၉.၈၅** | |
| | | | **လုပ်ငန်းစီမံကိန်းများ** | **၂၄၄,၁၁၀.၁၀၃** | **၁၂၁,၆၉၀.၅၅၉** | **၄၉.၈၅** | |
| | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၂၄၃,၅၆၅.၁၀၃** | **၁၁၉,၄၄၇.၁၉၅** | **၄၉.၀၄** | |
| | | ၁ | **စက်မှုလက်မှုလုပ်ငန်းသစ်များအတွက်ဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်း** | **၂၀,၁၈၉.၇၈၇** | **၂၂,၈၉၃.၂၁၀** | **၁၁၃.၃၉** | |
| | | ၁ | ၆၆ကေဗွီ မိုးကောင်း-ဖားကန့် ဓာတ်အားလိုင်းစီမံကိန်း | ၁,၄၁၉.၄၇၃ | ၁၃၄၈.၃၄၀ | ၉၄.၉၉ | ၂,၀၁၄ |
| | | ၂ | ၆၆ ကေဗွီ မြဝတီ-ကော့ကရိတ် ဓာတ်အားလိုင်းနှင့်ခွဲရုံများစီမံကိန်း | ၅၁.၄၃၂ | ၅၇၃.၅၆၁ | ၁၁၁၅.၁၈ | ၂,၀၁၄ |
| | | ၃ | ၆၆ကေဗွီ ဟားခါး-ဖလမ်း-သိုင်းငင် ဓာတ်အားလိုင်းစီမံကိန်း | ၂,၅၆၀.၄၁၁ | ၇၉၄.၀၈၇ | ၃၁.၀၁ | ၂,၀၁၄ |
| | | ၄ | ၆၆ ကေဗွီ တောင်ကုတ်-မအီ ဓာတ်အားလိုင်း စီမံကိန်း | ၂၀၉.၈၇၁ | ၁၀၇.၆၅၇ | ၅၁.၃၀ | ၂,၀၁၃ |
| | | ၅ | ၆၆ ကေဗွီ ကျောက်ဖြူ-ရမ်းဗြဲ ဓာတ်အားလိုင်း စီမံကိန်း | ၅၁.၈၂၉ | ၁၂.၅၇၉ | ၂၄.၂၇ | ၂,၀၁၃ |
| | | ၆ | ကျောက်ဖြူ-SEZ ၆၆ကေဗွီဓာတ်အားလိုင်းစီမံကိန်း | ၁၅၃.၇၅၃ | ၁၂.၂၀၀ | ၇.၉၃ | ၂,၀၁၄ |
| | | ၇ | ၆၆ကေဗွီ မြောက်ဦး-မင်းပြားဓာတ်အားလိုင်း စီမံကိန်း | ၂၉၄.၂၉၀ | ၁၂၀.၆၉၂ | ၄၁.၀၁ | ၂,၀၁၄ |
| | | ၈ | ကျောက်ဖြူ(GT) မှ ကျောက်ဖြူမြို့နှင့် မဒဲကျွန်းရှိ LNG စက်ရုံသို့ ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် တည်ဆောက်မည့် ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများ | ၁,၂၉၁.၆၅၀ | ၁၂၀၈.၃၅၅ | ၉၃.၅၅ | |
| | | ၉ | ၆၆ ကေဗွီ အသုတ်-ဂွ ဓာတ်အားလိုင်း စီမံကိန်း | ၂,၄၄၂.၈၃၅ | ၂၀၂.၇၇၂ | ၈.၃၀ | ၂,၀၁၄ |
| | | ၁၀ | ၆၆ကေဗွီ မိုးကုတ်-မိုးမိတ် ဓာတ်အားလိုင်းနှင့်ခွဲရုံများစီမံကိန်း | ၂၀၅.၃၁၂ | ၁၁၀.၀၀၀ | ၅၃.၅၈ | ၂,၀၁၅ |
| | | ၁၁ | ၆၆ကေဗွီ ရေဘုတလင်-ကနီ-မင်းကင်း ဓာတ်အားလိုင်း စီမံကိန်း | ၇၉၂.၂၂၁ | ၂၈၃.၂၂၁ | ၃၅.၇၅ | ၂,၀၁၄ |
| | | ၁၂ | ၆၆ကေဗွီ ထီးလင်း-ဆော ဓာတ်အားလိုင်းစီမံကိန်း | ၃၂၅.၉၈၂ | ၁၀၇.၇၀၄ | ၃၃.၀၄ | ၂,၀၁၄ |
| | | ၁၃ | ၆၆ ကေဗွီ ပုသိမ်-ငါးပြေမ-ငရုပ်ကောင်း ဓာတ်အားလိုင်း စီမံကိန်း | ၄,၅၃၈.၅၄၈ | ၁၀၈၈.၂၀၅ | ၂၃.၉၈ | ၂,၀၁၄ |
| | | ၁၄ | ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ မင်းတုန်းဓာတ်အားခွဲရုံ | ၁၃.၈၇၆ | | | ၂,၀၁၄ |
| | | ၁၅ | ၆၆ကေဗွီ ကာမိုင်း-တနိုင်း ဓာတ်အားလိုင်းနှင့်ခွဲရုံများစီမံကိန်း | ၈၇.၄၃၈ | | | ၂,၀၁၅ |
| | | ၁၆ | ၆၆ကေဗွီ လှိုင်ကော်-ရှားတော ဓာတ်အားလိုင်းစီမံကိန်း | ၂၂.၉၄၇ | ၃၅.၀၀၀ | ၁၅၂.၅၃ | ၂,၀၁၄ |
| | | ၁၇ | ၆၆ကေဗွီ လှိုင်ကော်-ဘော်လခဲ ဓာတ်အားလိုင်းစီမံကိန်း | ၁၀၆.၂၁၇ | ၁၀၀.၀၀၀ | ၉၄.၁၅ | ၂,၀၁၄ |
| | | ၁၈ | ၆၆/၁၁ကေဗွီ ၅အမ်ဗွီအေ ဘုရားကုန်း(ဓာသပြင်)ဓာတ်အားခွဲရုံ စီမံကိန်း | ၂၄.၁၅၉ | | | ၂,၀၁၃ |
| | | ၁၉ | ၆၆ကေဗွီ စစ်တွေ ဓာတ်အားခွဲရုံစီမံကိန်း | ၀.၅၈၉ | | | ၂,၀၁၄ |
| | | ၂၀ | ၆၆ကေဗွီတောင်ကုတ်-တောင်ကုတ်မြို့ ဓာတ်အားလိုင်း စီမံကိန်း | ၂၀.၂၆၃ | ၁.၁၀၁ | ၅.၄၃ | ၂,၀၁၄ |
| | | ၂၁ | ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ကျောက်တော် ဓာတ်အားလိုင်း စီမံကိန်း | ၅.၃၉၈ | | | ၂,၀၁၄ |
| | | ၂၂ | ၆၆ကေဗွီ သံတွဲ-ကျိန္တလီ ဓာတ်အားလိုင်း စီမံကိန်း | ၁၅.၈၉၃ | ၂၅.၀၀၀ | ၁၅၇.၃၀ | ၂,၀၁၄ |
| | | ၂၃ | ၆၆ ကေဗွီ ခိုလန်-ကွန်ဟိန်း ဓာတ်အားလိုင်း | | | | ၂,၀၁၄ |
| | | ၂၄ | ၆၆ ကေဗွီ သိန္နီ-ကွတ်ခိုင် ဓာတ်အားလိုင်းစီမံကိန်း | ၅၃.၂၄၂ | | | ၂,၀၁၄ |

ဇယား (၃-၄) အဆက်

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ဒုတိယ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | | | လုပ်ငန်းစီမံ ကိန်းစတင်သည့်နှစ် |
|---|---|---|---|---|---|
| | | လျာထားချက် (BE) | (အောက်တိုဘာလမှတ်လ) | သုံးစွဲပြီးရာခိုင်နှုန်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၂၅ | ၆၆ကေဗွီ တာမိုးညဲ ဓာတ်အားခွဲရုံPABX အသစ်တပ်ဆင်ခြင်း | ၁.၀၁၁ | | | ၂,၀၁၄ |
| ၂၆ | ၆၆ ကေဗွီ ချောင်းကူး-ပေါက်ဓာတ်အားလိုင်းစီမံကိန်း | ၃၆.၂၆၁ | ၁၈၈.၁၇၉ | ၅၁၈.၉၆ | ၂,၀၁၄ |
| ၂၇ | ၃၃ကေဗွီ မြို့ကြီး-တောင်တော်ကွင်းဓာတ်အားလိုင်းစီမံကိန်း | ၁၄.၇၇၄ | ၂.၉၆၆ | ၂၀.၀၈ | ၂,၀၁၄ |
| ၂၈ | ၆၆ကေဗွီ မင်းတပ်-မတူပီ ဓာတ်အားလိုင်းစီမံကိန်း | ၅၀.၀၀၀ | ၉၀၀.၀၀၀ | ၁၈၀၀.၀၀ | ၂,၀၁၅ |
| ၂၉ | ၆၆ကေဗွီ ကျောက်တော်-ပလက်ဝ ဓာတ်အားလိုင်းစီမံကိန်း | ၅၀.၀၀၀ | ၂၀.၀၀၀ | ၄၀.၀၀ | ၂,၀၁၆ |
| ၃၀ | ၆၆ကေဗွီ သိုင်းငင်-တီးတိန် ဓာတ်အားလိုင်း(၂၅)မိုင်နှင့်ခွဲရုံများ | ၅၀.၀၀၀ | ၂၄.၂၇၃ | ၄၈.၅၅ | ၂,၀၁၆ |
| ၃၁ | ၆၆ကေဗွီ မော်လမြိုင်-သံဖြူဇရပ် ဓာတ်အားလိုင်းစီမံကိန်း | ၁၀၀.၀၀၀ | ၁၆၀၀.၀၀၀ | ၁၆၀၀.၀၀ | ၂,၀၁၅ |
| ၃၂ | ၆၆ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်းစီမံကိန်း/ခွဲရုံတည်ဆောက်ခြင်း | ၅၀.၀၀၀ | ၄၀၄၉.၉၉၉ | ၈၁၀၀.၀၀ | ၂,၀၁၅ |
| ၃၃ | ၆၆ကေဗွီ မိုင်းနောင်-မိုင်းရှူး ဓာတ်အားလိုင်းစီမံကိန်း | ၅၆၈.၅၇၅ | ၅၃၆.၇၇၇ | ၉၄.၄၁ | ၂,၀၁၄ |
| ၃၄ | ၆၆ကေဗွီ မိုင်းနောင်-ကျေးသီး ဓာတ်အားလိုင်းစီမံကိန်း | ၁,၀၂၁.၀၉၃ | ၁၀၂၁.၀၉၁ | ၁၀၀.၀၀ | ၂,၀၁၄ |
| ၃၅ | ၆၆ ကေဗွီ သိန္နီ-ကွမ်းလုံဓာတ်အားလိုင်း(၂၄)မိုင် နှင့် ခွဲရုံများ | ၅၀.၀၀၀ | ၅၀.၀၀၀ | ၁၀၀.၀၀ | ၂,၀၁၇ |
| ၃၆ | ၆၆/၃၃ကေဗွီ၊၁၀အမ်ဗွီအေ ကွန်ဟိန်းဓာတ်အားခွဲရုံတိုးချဲ့တည်ဆောက်ခြင်း | ၅၀.၀၀၀ | | | ၂,၀၁၇ |
| ၃၇ | ၆၆ကေဗွီကျိုင်းတုံ-မိုင်းခုတ်-မိုင်းဆက်ဓာတ်အားလိုင်း(၁၀၅)မိုင်နှင့်ခွဲရုံများ | ၁၀.၀၀၀ | ၉.၉၂၃ | ၉၉.၂၃ | ၂,၀၁၇ |
| ၃၈ | ၆၆ ကေဗွီ ရာဇဂြိုလ်-မော်လိုက် ဓာတ်အားလိုင်း စီမံကိန်း | ၅၀.၀၀၀ | | | ၂,၀၁၅ |
| ၃၉ | ၆၆ ကေဗွီ ရာဇဂြိုလ်-ကလေး-ကလေးဝ ဓာတ်အားလိုင်း (၃၉)မိုင် | ၅၀.၀၀၀ | ၉၅၀.၀၀၀ | ၁၉၀၀.၀၀ | ၂,၀၁၅ |
| ၄၀ | ၆၆/၃၅ကေဗွီ၊ ၂x၄၀ အမ်ဗွီအေ ပေါက်ခွဲရုံ တိုးချဲ့ခြင်း စီမံကိန်း | ၅၀.၀၀၀ | ၁၄၆၃.၆၂၃ | ၂၉၂၇.၂၅ | ၂,၀၁၆ |
| ၄၁ | ၆၆/၁၁ကေဗွီ၊၅အမ်ဗွီအေကျောက်ထု ဓာတ်အားခွဲရုံ SB(4)Nos တိုးချဲ့ခြင်း | ၃၄၅.၀၀၀ | ၂၂၄.၆၀၅ | ၆၅.၁၀ | ၂,၀၁၇ |
| ၄၂ | ၆၆ကေဗွီ ပေါက်-မင်းတပ် ဓာတ်အားလိုင်းစီမံကိန်း | ၃၀၅.၄၄၄ | ၃၀၅.၄၄၄ | ၁၀၀.၀၀ | ၂,၀၁၄ |
| ၄၃ | ၆၆ ကေဗွီ မြင်းခြံ-ငါန်းဇွန် ဓာတ်အားလိုင်း(၁၀)မိုင်နှင့်ခွဲရုံများ | ၅၀.၀၀၀ | ၇၀၀.၀၀၀ | ၁၄၀၀.၀၀ | ၂,၀၁၆ |
| ၄၄ | ၆၆ကေဗွီငရုပ်ကောင်းတောင်-ငရုပ်ကောင်းမြို့ဓာတ်အားလိုင်း(၁၅.၅၄)မိုင်စီမံကိန်း | ၅၀.၀၀၀ | ၂၀၂၄.၉၉၉ | ၄၀၅၀.၀၀ | ၂,၀၁၅ |
| ၄၅ | ၆၆ကေဗွီ ပုသိမ်(မြက်တို)-ငွေဆောင် ဓာတ်အားလိုင်းစီမံကိန်း | ၅၀.၀၀၀ | ၆၀၀.၀၀၀ | ၁၂၀၀.၀၀ | ၂,၀၁၄ |
| ၄၆ | ၆၆ကေဗွီ ဘော်လခဲ-ဖားဆောင်း ဓာတ်အားလိုင်းစီမံကိန်း | | ၈.၉၃၀ | | |
| ၄၇ | ၆၆ ကေဗွီ ကျောက်ဖြူ-မဒဲ ဓာတ်အားလိုင်း စီမံကိန်း | | ၆၀.၀၀၀ | | |
| ၄၈ | ၆၆ကေဗွီ အရှေ့ဒဂုံ-ဒီဇင်ဘာ ဓာတ်အားလိုင်း စီမံကိန်း | | ၁၉.၆၄၄ | | |
| ၄၉ | ၆၆ကေဗွီ အသုတ်-ပုသိမ်(မြတ်တို) ဓာတ်အားလိုင်း စီမံကိန်း | | ၂၉.၃၀၅ | | |
| ၅၀ | သီးနှံနှင့်မြေယာလျော်ကြေး | ၂,၀၀၀.၀၀၀ | ၉၁၅.၉၉၃ | ၄၅.၈၀ | |
| ၅၁ | အခွန်အခ | ၅၀၀.၀၀၀ | ၁၀၅၆.၉၈၅ | ၂၁၁.၄၀ | |
| ၂ | **မဟာဓာတ်အားလိုင်းစနစ်တိုးချဲ့ရေးစီမံကိန်း** | **၂၂၃,၃၇၅.၃၁၆** | **၉၆,၅၃၃.၉၈၅** | **၄၃.၂၃** | |
| ၁ | ၂၃၀ကေဗွီ ဖန်းမော်-နဘား-ရွှေဘို-အုန်းတောဓာတ်အားလိုင်း (၂၅၅)မိုင်နှင့် ခွဲရုံများ | ၁၄,၆၄၀.၀၅၈ | ၁၉၂၉၉.၀၇၈ | ၁၃၁.၈၂ | ၂,၀၁၅ |
| ၂ | ၁၃၂/၆၆/၁၁ကေဗွီ ၁၀၀အမ်ဗွီအေ လှိုင်ကော်ပင်မဓာတ်အားခွဲရုံ | ၁,၂၆၁.၅၉၄ | ၆၁၅.၆၈၇ | ၄၈.၈၀ | ၂,၀၁၄ |
| ၃ | ၂၃၀ ကေဗွီ မော်လမြိုင်-မြဝတီ မဟာဓာတ်အားလိုင်း | ၆,၃၂၉.၅၀၀ | ၅၂၀၇.၅၀၅ | ၈၂.၂၇ | ၂,၀၁၄ |
| ၄ | ၂၃၀ကေဗွီ မန်း-အမ်းဓာတ်အားလိုင်း စီမံကိန်း | ၁,၄၈၁.၀၄၄ | ၂၆.၉၃၇ | ၁.၈၂ | ၂,၀၁၃ |
| ၅ | ၂၃၀ကေဗွီ နမ့်စန်-မိုင်းပြင်း-ကျိုင်းတုံဓာတ်အားလိုင်းစီမံကိန်း | ၂၀,၄၉၂.၀၄၃ | ၂၀၈၄၅.၃၁၁ | ၁၀၁.၇၂ | ၂,၀၁၆ |
| ၆ | ၂၃၀ကေဗွီ ဂန့်ဂေါ-ကလေး ဓာတ်အားလိုင်းစီမံကိန်း | ၁၀,၈၄၆.၄၇၉ | ၁၆၈၂.၂၉၄ | ၁၅.၅၁ | ၂,၀၁၄ |
| ၇ | ၂၃၀ ကေဗွီ တောင်တွင်းကြီး-ရွှေတောင် ဓာတ်အားလိုင်း | ၃,၅၂၄.၇၅၁ | ၁,၀၉၄.၄၂၅ | ၃၁.၀၅ | ၂,၀၁၄ |
| ၈ | ၅၀၀ ကေဗွီ တောင်ငူ-ကမာနတ်ဓာတ်အားလိုင်း | ၁၂,၂၃၄.၀၀၃ | ၇၈၁.၂၂၃ | ၆.၃၉ | ၂,၀၁၄ |
| ၉ | ၂၃၀ကေဗွီ အထက်ရဲရွာ-ရွှေစာရံ ဓာတ်အားလိုင်းစီမံကိန်း | ၄,၀၀၄.၁၄၀ | ၁၃၉၈.၉၄၉ | ၃၄.၉၄ | ၂,၀၁၄ |
| ၁၀ | ၅၀၀ကေဗွီ မိတ္ထီလာ-တောင်ငူ ဓာတ်အားလိုင်းစီမံကိန်း | ၂၇,၉၃၂.၀၁၅ | ၁၁၄၄၈.၄၈၇ | ၄၀.၉၉ | ၂,၀၁၄ |
| ၁၁ | ၂၃၀ ကေဗွီ သာကေတ-အရှေ့ဒဂုံ မဟာဓာတ်အားလိုင်း | ၆,၀၃၁.၀၈၃ | ၁,၈၀၉.၇၄၉ | ၃၀.၀၁ | ၂,၀၁၄ |
| ၁၂ | ဘုရင့်နောင်ခွဲရုံတွင် ၂၃၀/၆၆/၁၁ကေဗွီ၊ ၁၀၀ အမ်ဗွီအေ အား၂၃၀/၆၆/၁၁ ကေဗွီ (၂ x ၁၂၅) အမ်ဗွီအေ ဓာတ်အားခွဲရုံအဖြစ်အဆင့်မြှင့်တင်တည်ဆောက်ခြင်း | ၂,၈၈၈.၅၇၅ | ၁,၃၉၃.၉၅၁ | ၄၈.၂၆ | ၂,၀၁၅ |

**ဇယား (၃-၄) အဆက်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ဒုတိယ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လျာထားချက် (BE) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လ) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံ ကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁၃ | Infrastructure Development Project in Thilawa Area | ၁၅,၁၇၂.၂၉၄ | ၁၁,၂၀၂.၁၁၉ | ၇၃.၈၃ | ၂,၀၁၅ |
| | (Phase-I) (Japan ODA Loan) | | | | |
| ၁၄ | Power Transmission Improvement Project (ADB Loan) | ၁၅,၃၀၅.၁၂၂ | | | ၂,၀၁၇ |
| | (က) ၂၃၀ကေဗွီ သီတာ-သာကေတ ဓာတ်အားလိုင်း (၅.၂) မိုင် | | | | |
| | (ခ) ၂၃၀ကေဗွီ သာကေတ-ကျိုက္ကဆံ ဓာတ်အားလိုင်း (၅.၂) မိုင် | | | | |
| | (ဂ) ၂၃၀ကေဗွီ သာကေတ ဓာတ်အားခွဲရုံ တိုးချဲ့ခြင်း | | | | |
| | (ဃ) ၂၃၀ကေဗွီ (၂x၁၅၀)အမ်ဗွီအေ ကျိုက္ကဆံ ဓာတ်အားခွဲရုံ | | | | |
| | (င) ၂၃၀ကေဗွီ (၂x၁၅၀)အမ်ဗွီအေ တောင်ဥက္ကလာပ ဓာတ်အားခွဲရုံ | | | | |
| | (စ) ၂၃၀ကေဗွီ (၂x၁၅၀)အမ်ဗွီအေ အနောက်ပိုင်းတက္ကသိုလ် ဓာတ်အားခွဲရုံ | | | | |
| ၁၅ | National Power Transmission Network Development Project | ၂၀,၃၇၈.၅၈၈ | ၅၃၈.၅၉၁ | ၂.၅၂ | ၂,၀၁၇ |
| | (Phase-II) (Japan ODA Loan) | | | | |
| | (က) ၅၀၀ကေဗွီ ဘုရားကြီး-လှိုင်သာယာ ဓာတ်အားလိုင်း | | | | |
| | (ခ) ၅၀၀ကေဗွီ ဘုရားကြီး ဓာတ်အားခွဲရုံ | | | | |
| | (ဂ) ၅၀၀ကေဗွီ လှိုင်သာယာ ဓာတ်အားခွဲရုံ | | | | |
| ၁၆ | National Power Transmission Network Development | ၄၂,၄၃၄.၉၉၆ | ၁,၆၀၃.၂၇၀ | ၃.၇၈ | ၂,၀၁၆ |
| | Project (Phase-I) (Japan ODA Loan) | | | | |
| | ၅၀၀ကေဗွီ မိတ္ထီလာခွဲရုံနှင့် ၅၀၀ကေဗွီ တောင်ငူခွဲရုံ | | | | |
| ၁၇ | ၂၃၀ ကေဗွီ လှိုင်သာယာ-ကျိုက်လတ် မဟာဓာတ်အားလိုင်း | ၇,၂၂၄.၈၂၃ | ၅,၇၀၀.၁၉၆ | ၇၈.၉၀ | ၂,၀၁၅ |
| ၁၈ | ၂၃၀ကေဗွီ ဘီလူးချောင်း(၂)-ရွှေမြို့ ဓာတ်အားလိုင်းစီမံကိန်း | ၁၁၀.၈၄၀ | ၄၃.၃၇၁ | ၃၉.၁၃ | ၂,၀၁၃ |
| ၁၉ | ၂၃၀/၆၆/၁၁ ကေဗွီ ၊ ၁၀၀အမ်ဗွီအေ သထုံဓာတ်အားခွဲရုံတွင် | ၇.၂၅၅ | | | ၂,၀၁၂ |
| | Shunt Reactor တိုးချဲ့တပ်ဆင်ခြင်း | | | | |
| ၂၀ | ၂၃၀ကေဗွီ အမ်း-မအီ ဓာတ်အားလိုင်းစီမံကိန်း | ၈၆.၂၅၅ | | | ၂,၀၁၃ |
| ၂၁ | ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်းစီမံကိန်း | ၀.၇၃၂ | | | ၂,၀၁၃ |
| ၂၂ | ၂၃၀ကေဗွီ ဥသျှစ်ပင်-တောင်ကုတ်ဓာတ်အားလိုင်း | ၅၇.၄၆၃ | ၅၀.၉၆၄ | ၈၈.၆၉ | ၂,၀၁၃ |
| ၂၃ | ၂၃၀ကေဗွီ မအီ-ကျောက်ဖြူဓာတ်အားလိုင်း | ၁၁၁.၆၆၃ | ၅၈.၉၈၁ | ၄၄.၈၀ | ၂,၀၁၆ |
| ၂၄ | ၁၃၂/၆၆/၁၁ ကေဗွီ,၂ x ၅၀ အမ်ဗွီအေ တောင်ကြီးဓာတ်အားခွဲရုံ | | ၂၇၅.၉၀၅ | | |
| | အဝင်/အထွက်လိုင်းစီမံကိန်း | | | | |
| ၂၅ | ၁၃၂ ဗုဒ္ဓကုန်းဓာတ်အားခွဲရုံစီမံကိန်း | | ၂၃.၈၆၃ | | |
| ၂၆ | ၂၃၀ ကေဗွီ ရွှေတောင်-မြောင်းတကာ ဓာတ်အားခွဲရုံစီမံကိန်း | | ၀.၀၅၂ | | |
| ၂၇ | မော်တော်ယာဉ်အကြီးစားပြုပြင်ခြင်း | | ၂၀.၀၀၀ | | |
| ၂၈ | သီးနှံနှင့်မြေယာလျော်ကြေး | ၃,၀၀၀.၀၀၀ | ၄၃၂၆.၇၅၈ | ၁၄၄.၂၃ | |
| ၂၉ | အခွန်အခ | ၅,၀၀၀.၀၀၀ | ၇၀၀၆.၃၁၉ | ၁၄၀.၁၃ | |
| ၃၀ | ဘဏ်စရိတ် | ၁,၈၀၀.၀၀၀ | ၁၀၀.၀၀၀ | ၅.၅၆ | |
| **၂** | **လုပ်ငန်းစီမံကိန်းသစ်များ** | **၅၄၅.၀၀၀** | **၂,၂၄၃.၃၆၄** | **၄၁၁.၆၃** | |
| **၁** | **စက်မှုလက်မှုလုပ်ငန်းသစ်များအတွက်ဓာတ်အားလိုင်း** | **၂၀၀.၀၀၀** | **၁၅၈.၃၆၄** | **၇၉.၁၈** | |
| | **တည်ဆောက်ရေးစီမံကိန်း** | | | | |
| ၁ | ၆၆ကေဗွီ မူဆယ်-၁၀၅မိုင်(နမ့်ဖတ်ကာ)ဓာတ်အားလိုင်း(၃၀)မိုင်နှင့်ခွဲရုံများ | ၂၀၀.၀၀၀ | ၁၅၈.၃၆၄ | ၇၉.၁၈ | ၂,၀၁၇ |
| **၂** | **မဟာဓာတ်အားလိုင်းစနစ်တိုးချဲ့ရေးစီမံကိန်း** | **၃၄၅.၀၀၀** | **၂,၀၈၅.၀၀၀** | ၆၀၄.၃၅ | |
| ၁ | ရွာမဓာတ်အားခွဲရုံတွင် ၂၃၀/၆၆/၁၁ကေဗွီ၊ ၁၀၀အမ်ဗွီအေ | ၃၄၅.၀၀၀ | ၈၅.၀၀၀ | ၂၄.၆၄ | ၂,၀၁၇ |
| | ထရန်စဖော်မာတိုးချဲ့ခြင်း၊စက်တပ်ဆင်မှုစရိတ်စကများနှင့် | | | | |
| ၂ | ၂၃၀ ကေဗွီ(ရွာမ-လှိုင်သာယာ)-ဝါးတရာဓာတ်အားလိုင်း | | ၂,၀၀၀.၀၀၀ | | |

ဇယား (၃-၄) အဆုံး

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ဒုတိယ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လျာထားချက် (BE) | (အောက်တိုဘာလမှ မတ်လ) | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံ ကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၃ | | | **လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း** | **၇၂,၀၁၆.၇၁၀** | **၄၀,၅၃၁.၉၄၉** | **၅၆.၂၈** | |
| | | | **လုပ်ငန်းစီမံကိန်းများ** | **၇၂,၀၁၆.၇၁၀** | **၄၀,၅၃၁.၉၄၉** | **၅၆.၂၈** | |
| | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၇၀,၄၈၀.၇၁၀** | **၃၉,၅၉၅.၇၅၄** | **၅၆.၁၈** | |
| | | | **ဓာတ်အားပေးစက်ရုံများ** | | | | |
| | | ၁ | World Bank ချေးငွေဖြင့် သထုံတွင်ဆောင်ရွက်မည့် 118.9 MW power plant စက်ရုံစီမံကိန်း | ၆၆,၆၉၆.၈၃၅ | ၃၉,၃၇၁.၆၈၅ | ၅၉.၀၃ | ၂,၀၁၇ |
| | | | (a) စက်ပစ္စည်းများ | ၅၉,၂၅၀.၀၀၀ | ၃၂,၇၅၂.၆၅၄ | ၅၅.၂၈ | |
| | | | (b) Consulting Service နှင့် နည်းပညာအကူအညီ အထောက်အပံ့ စရိတ်စက | ၆,၉၆၇.၉၉၀ | ၆၁၀.၇၃၉ | ၈.၇၆ | |
| | | | (c)သယ်ယူပို့ဆောင်ရေးစရိတ်စက | ၈.၂၉၅ | ၈.၂၉၂ | ၉၉.၉၆ | |
| | | | (d) Commercial Tax ပေးချေရန် | ၄၇၀.၅၅၀ | ၆,၀၀၀.၀၀၀ | ၁၂၇၅.၁၀ | |
| | | ၂ | JICA ODA ချေးငွေဖြင့် သီလဝါတွင်ဆောင်ရွက်မည့် 50 MW Power Plant စက်ရုံစီမံကိန်း | ၃,၆၉၀.၃၇၅ | | | ၂,၀၁၇ |
| | | | (a) စက်ပစ္စည်းများ | ၂,၇၉၄.၀၄၇ | | | |
| | | | (b) ပိုက်လိုင်းသွယ်တန်းခြင်းတွင် အသုံးပြုရန်ပစ္စည်းများ | ၈၉၆.၃၂၈ | | | |
| | | ၃ | အပူစွမ်းအင်သုံးစက်ရုံများအတွက်စက်ရုံစီမံကိန်းများ၏စက်ပစ္စည်းများ တပ်ဆင်ခြင်းနှင့်သယ်ယူပို့ဆောင်မှုစရိတ်စကများ၊အခွန်အခများ (အကောက်အခွန်၊လိုင်စင်ခွန်၊ ဆိပ်ကမ်းနှင့် ရောင်တခင်ကုန်ကျစရိတ်များ) | ၅၅.၀၀၀ | ၂၂၄.၀၆၉ | ၄၉၇.၉၃ | |
| | | ၄ | ဘဏ်စရိတ်များ | ၄၈.၅၀၀ | | | |
| | ၂ | | **လုပ်ငန်းစီမံကိန်းသစ်များ** | **၁,၅၃၆.၀၀၀** | **၉၃၆.၁၉၅** | **၆၀.၉၅** | |
| | | ၁ | ပုထိုးလုံ (GEG) စီမံကိန်း Gas Pip Line သွယ်တန်းခြင်း | ၁,၅၂၉.၅၀၀ | ၉၃၅.၉၃၁ | | ၂,၀၁၇ |
| | | | (a) ( ၁၂) မီတာ ရှည်သော 6" Gas Pipe (၁၁၀၇ လုံး)နှင့် ပိုက်ဆက်ပစ္စည်းများ၊ Gas Skid (1)Set ဝယ်ယူခြင်း | ၈၂၉.၅၀၀ | ၉၃၅.၉၃၁ | | |
| | | | (b)MOGE GRS မှ ကျောဓာတ်အားခွဲရုံသို့ ၆" သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ၈.၂၅ မိုင်ပိုက်လိုင်းသွယ်တန်းခြင်းနှင့် GRS တပ်ဆင်မှုစရိတ်စကများ | ၇၀၀.၀၀၀ | | | |
| | | ၂ | အပူစွမ်းအင်သုံးစက်ရုံများ၏စက်ပစ္စည်းများတပ်ဆင်ခြင်းနှင့် သယ်ယူပို့ဆောင်မှုစရိတ်စကများ၊အခွန်အခများ | ၅.၀၀၀ | ၀.၂၆၄ | ၅.၂၈ | |
| | | ၃ | ဘဏ်စရိတ်များ | ၁.၅၀၀ | | | |
| | | | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန စုစုပေါင်း** | **၄၀၃,၃၁၁.၃၆၁** | **၂၂၇,၃၃၁.၃၅၂** | **၅၆.၃၇** | |

## ဇယား (၃-၅)

## စက်မှုဝန်ကြီးဌာန

## ဒုတိယ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | အကြောင်းအရာ | ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် | | | လုပ်ငန်းစီမံကိန်းစတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| | | | | လျာထားချက် (BE) | အောက်တိုဘာလမှ မတ်လ | သုံးစွဲပြီးရာခိုင်နှုန်း | |
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | **အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း လုပ်ငန်းစီမံကိန်းများ** | | | | |
| | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | | | | |
| | | ၁ | အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) | ၅၄,၀၅၂.၉၈၅ | ၄၁,၆၇၁.၁၆၉ | ၇၇.၀၉ | Phase 2-2011 Phase 2A-2012 Phase 3-2012 |
| | | ၂ | အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) | | ၅၈.၅၈၄ | | |
| ၁ | | | **အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း လုပ်ငန်းစီမံကိန်းများ** | | | | |
| | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | | | | |
| | | ၁ | စက်မှုနယ်မြေ(သထုံ) | ၁,၇၃၂.၅၈၉ | ၁,၀၈၃.၉၆၇ | ၆၂.၅၆ | ၂၀၁၄-၂၀၁၅ |
| | | ၂ | သတင်းစာစက္ကူစက်ရုံ(သာပေါင်း) | ၆,၁၇၀.၁၇၁ | ၆,၃၇၉.၀၁၁ | ၁၀၃.၃၈ | ၆-၈-၂၀၀၈ |
| | | | **စက်မှုဝန်ကြီးဌာန စုစုပေါင်း** | ၆၁,၉၅၅.၇၄၅ | ၄၉,၁၉၂.၇၃၁ | ၇၉.၄၀ | |

* အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) ဖြည့်စွက်ရန်ပုံငွေ အပါအဝင်ဖြစ်ပါသည်။

## ဇယား (၃-၆)

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## ဒုတိယ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

( ကျပ်သန်း )

| အမှတ်စဉ် | | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | | | လုပ်ငန်းစီမံကိန်းစတင်သည့်နှစ် |
|---|---|---|---|---|---|---|
| | | | လျာထားချက် ( BE ) | (အောက်တိုဘာလမှ မတ်လ ) | သုံးစွဲပြီးရာခိုင်နှုန်း | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | **ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန လုပ်ငန်းစီမံကိန်းများ** | **၆၉၀၂.၆၂၅** | **၁၄၂.၇၀၂** | **၂.၀၇** | |
| | ၁ | လုပ်ငန်းစီမံကိန်းသစ်များ ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် FinancialSector Development Project (FSDP) စီမံကိန်း | ၆၉၀၂.၆၂၅ | ၁၄၂.၇၀၂ | ၂.၀၇ | ၂၀၁၇-၂၀၁၈ |
| | | **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စုစုပေါင်း** | ၆၉၀၂.၆၂၅ | ၁၄၂.၇၀၂ | ၂.၀၇ | |

# ဇယား (၃-၇)
# ဆောက်လုပ်ရေးဝန်ကြီးဌာန
## ဒုတိယ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| စဉ် | | | စီမံကိန်းအမည် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လျာထားချက် (BE) | (အောက်တိုဘာလမှ မတ်လ) | သုံးစွဲပြီး % | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | **မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန** | **၁၁၉၀၅.၉၁၁** | **၁၁၃၁၆.၃၁၁** | **၉၅.၀၅** | |
| | | | **လုပ်ငန်းစီမံကိန်းများ** | **၁၁၉၀၅.၉၁၁** | **၁၁၃၁၆.၃၁၁** | **၉၅.၀၅** | |
| | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၆၄၈၁.၂၁၁** | **၅၈၃၉.၈၇၁** | **၉၀.၁၀** | |
| | | ၁ | **ရောဝတီ၊ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း(Infrastructure)** | **၂၃၈၇.၅၁၁** | **၂၀၀၆.၈၉၉** | **၈၄.၀၆** | **၂၀၁၃-၁၄** |
| | | ၁ | ရောဝတီ၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်း Parcel-G ကွန်ကရစ်လမ်းခင်းခြင်း | ၃၀၀.၀၀၀ | ၂၈၆.၇၈၄ | ၉၅.၅၉ | ၂၀၁၃-၁၄ |
| | | ၂ | ရောဝတီ၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း အတွင်းရိုးဟောင်းရှဲခြင်း | ၄၀.၀၀၀ | ၃၈.၂၂၀ | ၉၅.၅၅ | ၂၀၁၃-၁၄ |
| | | ၃ | ရောဝတီ၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | ၄၅၀.၀၀၀ | ၄၃၉.၂၃၂ | ၉၇.၆၁ | ၂၀၁၃-၁၄ |
| | | ၄ | ရောဝတီ၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းလျှပ်စစ်ဓါတ်အား ရရှိရေးအတွက် ၂၃၀/၆၆/၁၁ ကေဗွီ၊ (၁၀၀) အမ်ဗွီအေ ဓါတ်အား ခွဲရုံတည်ဆောက်ခြင်း | ၃၀၃.၅၁၁ | | | ၂၀၁၄-၁၅ |
| | | ၅ | ရောဝတီ၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းလျှပ်စစ်ဓါတ်အား ရရှိရေးအတွက် ၂၃၀ ကေဗွီ၊ ဓါတ်အားလိုင်း တည်ဆောက်ခြင်း ခွဲရုံတည်ဆောက်ခြင်း | ၆၉၄.၀၀၀ | ၆၉၄.၀၀၀ | ၁၀၀.၀၀ | ၂၀၁၄-၁၅ |
| | | ၆ | စည်ပင်ရေပိုက်ဆက်သွယ်ခြင်း Incoming Main Pipe Line | ၆၀၀.၀၀၀ | ၅၄၈.၆၆၃ | ၉၁.၄၄ | ၂၀၁၄-၁၅ |
| | | ၂ | **ကျန်စစ်မင်းတန်ဘိုးနည်းအိမ်ရာစီမံကိန်း (Infrastructure)** | **၁၂၄၃.၇၀၀** | **၁၅၉၃.၁၇၅** | **၁၂၈.၁၀** | **၂၀၁၄-၂၀၁၅** |
| | | ၁ | လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအပိုင်း(၁) တန်ဘိုးနည်းအိမ်ရာစီမံကိန်း လျှပ်စစ်ဓါတ်အား ရရှိရေးလုပ်ငန်း (၁၁/၀.၄)ကေဗွီ ဓါတ်အားခွဲရုံနှင့် ၁၁ ကေဗွီ၊ ၄၀၀ ဗို့ ဓါတ်အားလိုင်းတည်ဆောက်ခြင်း | ၃၂၃.၇၀၀ | ၃၀၇.၈၀၉ | ၉၅.၀၉ | ၂၀၁၄-၂၀၁၅ |
| | | ၂ | လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအပိုင်း(၁) Ground Tank ဆောက်ခြင်း၊ Tube Well တူးခြင်း၊ ရေတွန်းစက်များ တပ်ဆင်ခြင်း ရေဝေပိုက်လိုင်းနှင့် လျှပ်စစ်လိုင်းများသွယ်တန်းခြင်း၊ | ၆၂၀.၀၀၀ | ၆၀၂.၈၂၀ | ၉၇.၂၃ | ၂၀၁၄-၂၀၁၅ |
| | | ၃ | ကျန်စစ်မင်းတန်ဘိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၂) Infrastructure လုပ်ငန်းများ | ၃၀၀.၀၀၀ | ၆၈၂.၅၄၆ | ၂၂၇.၅၂ | ၂၀၁၇ |
| | | ၃ | **ယုဇနတန်ဘိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၂)** | **၈၅၀.၀၀၀** | **၈၃၉.၇၉၇** | **၉၈.၈၀** | **၂၀၁၅-၂၀၁၆** |
| | | ၁ | ယုဇနတန်ဘိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၂) Infrastructure လုပ်ငန်းများ | ၁၃၀.၀၀၀ | ၁၃၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၇ |
| | | ၂ | ယုဇနတန်ဘိုးနည်းအိမ်ရာစီမံကိန်းအပိုင်း (၂) လျှပ်စစ်လုပ်ငန်း (၆၆/၁၁)ကေဗွီ (၂၀)အမ်ဗွီအေဓာတ်အားခွဲရုံ (additional work)(၁၁/၀.၄)ကေဗွီဓာတ်အားခွဲရုံနှင့် ၁၁ကေဗွီ၊ ၄၀၀ဗို့ ဓာတ်အားလိုင်းတည် ဆောက်ခြင်း | ၇၂၀.၀၀၀ | ၇၀၉.၇၉၇ | ၉၈.၅၈ | ၂၀၁၇ |
| | | ၄ | **ယုဇနတန်ဘိုးနည်းအိမ်ရာစီမံကိန်းအပိုင်း (၃)** | **၃၀၀.၀၀၀** | **၃၀၀.၀၀၀** | **၁၀၀.၀၀** | **၂၀၁၅-၂၀၁၆** |
| | | ၁ | ယုဇနတန်ဘိုးနည်းအိမ်ရာစီမံကိန်း တတိယအဆင့် Infrastructure လုပ်ငန်း | ၃၀၀.၀၀၀ | ၃၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၇ |

ဇယား (၃-၇) အဆုံး

## ဆောက်လုပ်ရေးဝန်ကြီးဌာန


## ဒုတိယ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| စဉ် | | စီမံကိန်းအမည် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လျာထားချက် (BE) | (အောက်တိုဘာလမှ မတ်လ) | သုံးစွဲပြီး % | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | ၅ | **ရိုးမတန်ဘိုးနည်းအိမ်ရာစီမံကိန်း** | **၂၀၀.၀၀၀** | **၂၀၀.၀၀၀** | **၁၀၀.၀၀** | **၂၀၁၅-၂၀၁၆** |
| | ၁ | ရိုးမတန်ဘိုးနည်းအိမ်ရာစီမံကိန်း Infrastructure လုပ်ငန်းများ | ၂၀၀.၀၀၀ | ၂၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၅-၂၀၁၆ |
| | ၆ | **မြရည်နန္ဒာအိမ်ရာစီမံကိန်း** | **၆၀၀.၀၀၀** | | | **၂၀၁၆-၂၀၁၇** |
| | ၁ | ၃၃ ကေဗွီ၊ ဓါတ်အားလိုင်းလုပ်ငန်း | ၆၀၀.၀၀၀ | | | ၂၀၁၇ |
| | ၇ | **၆၆ကေဗွီ၊ နှစ်ထပ်ဓါတ်အားလိုင်း (၂၃၀ ကေဗွီ ဒဂုံအရှေ့ ဓါတ်အားခွဲရုံမှ ဒဂုံအရှေ့စက်မှုဇုန်အထိ)သွယ်တန်းခြင်း** | **၉၀၀.၀၀၀** | **၉၀၀.၀၀၀** | **၁၀၀.၀၀** | |
| ၂ | | **လုပ်ငန်းစီမံကိန်းသစ်များ** | **၅၄၂၄.၇၀၀** | **၅၄၇၆.၄၄၀** | **၁၀၀.၉၅** | |
| | ၁ | **နေပြည်တော်ရွှေနံ့သာအိမ်ရာစီမံကိန်း** | **၄၄၈.၇၀၀** | **၂၄၈.၇၀၀** | **၅၅.၄၃** | ၂၀၁၇-၂၀၁၈ |
| | ၁ | နေပြည်တော်၌ ပြည်သူများနှင့် အငြိမ်းစားဝန်ထမ်းအတွက် အတွက် ရွှေနံ့သာအိမ်ရာစီမံဝန်းအတွင်း Infra လုပ်ငန်းများ ဆောင်ရွက်ခြင်း | ၂၃၇.၂၀၀ | ၁၂၇.၂၀၀ | ၅၃.၆၃ | |
| | ၂ | ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်(၈)ခန်းတွဲ (၅)ထပ် (၂)လုံး တွင်လျှပ်စစ်ဓါတ်အား ရရှိရေးအတွက် (၁၁/၀.၄) ကေဗွီဓါတ်အား ခွဲရုံ (၁)ရုံနှင့် ဓါတ်အားလိုင်းတည်ဆောက်ခြင်း | ၄၆.၅၀၀ | ၁၆.၅၀၀ | ၃၅.၄၈ | |
| | ၃ | စည်ပင်ရေပိုက်ဆက်သွယ်ခြင်း (Main Pipe Line) | ၁၆၅.၀၀၀ | ၁၀၅.၀၀၀ | ၆၃.၆၄ | |
| | ၂ | **ယုဇနဥယျာဉ်မြို့တော်အိမ်ရာ** | **၄၉၇၆.၀၀၀** | **၄၉၅၉.၄၄၀** | **၉၉.၆၇** | ၂၀၁၇ |
| | | ယုဇနဥယျာဉ်မြို့တော်အိမ်ရာအတွင်း<br>(၁)Plain Concrete (၂၂' x ၁၂" ထု) ၃၂၀၀'၊<br>(၂)RC (၂၂' x ၈" ထု) ၅၄၅၇၀' လမ်းခင်းခြင်း<br>(၃)အုတ်ရေမြောင်း(၂' x ၃')၂၆၇၀၀ နှင့် (၁' ၅" x ၂' ၅")<br>၈၅၆၄၀' တည်ဆောက်ခြင်း<br>(၄)Box Culvert (၃၈)စင်း တည်ဆောက်ခြင်း | ၄၉၇၆.၀၀၀ | ၄၉၅၉.၄၄၀ | ၉၉.၆၇ | |
| | ၃ | **နေပြည်တော်လွှတ်တော်အိမ်တော် အထူးမွမ်းမံခြင်း** | | **၂၆၈.၃၀၀** | | |
| | ၁ | လွှတ်တော်ဝင်းအမျိုးသားဝန်ထမ်းအိမ်ရာသို့သွားသည့်လမ်းတွင် တည်ရှိသည့်(၅၀ပေ)သံဘောလီတံတားနေရာတွင်(၂)လမ်းသွား သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း | | ၁၃၈.၅၅၀ | | |
| | ၂ | ပြည်သူ့လွှတ်တော်တွင်ကားပါကင်ပြုလုပ်ခြင်းလုပ်ငန်း | | ၉၂.၉၂၀ | | |
| | ၃ | လွှတ်တော်ဝင်းအတွင်းရေဆေးခုံအနီး(၂၄ပေအကျယ်စလက်မထု) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | | ၃၆.၈၃၀ | | |
| | | **ဆောက်လုပ်ရေးဝန်ကြီးဌာန စုစုပေါင်း** | **၁၁၉၀၅.၉၁၁** | **၁၁၃၁၆.၃၁၁** | **၉၅.၀၅** | |

# အခန်း ( ၄ )
# ဒေသန္တရစီမံကိန်းများ ဆောင်ရွက်မှုအခြေအနေ

## ကချင်ပြည်နယ်





| | |
|---|---|
| တည်နေရာ | = မြောက်လတ္တီတွဒ်-၂၃ ဒီဂရီ ၃၈မိနစ် မှ ၂၈ဒီဂရီ ၁၅မိနစ် အတွင်း။ အရှေ့လောင်ဂျီတွဒ်-၉၅ ဒီဂရီ၁၂ မိနစ် မှ ၉၈ ဒီဂရီ ၄၅ မိနစ် အတွင်း |
| အကျယ်အဝန်း | = (၃၄,၃၇၉.၂၂)စတုရန်းမိုင် (၂၂,၀၀၂,၇၀၃)ဧက |
| လူဦးရေ | = ဦးရေ - ၁,၈၃၀ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်လယ် လူဦးရေ) |
| မြို့တော် | = မြစ်ကြီးနားမြို့ |
| ထူးခြားသည့် အမှတ်အသား | = ကျောက်စိမ်းပြတိုက် (ဖားကန့်) အင်းတော်ကြီးရွှေမဥ္ဇူဘုရား (မိုးညှင်း) လန်န ရေတံခွန် (ဝိုင်းမော်) မေခ. မလိခ မြစ်ဆုံ ၊(မြစ်ကြီးနား) ရေခဲတောင်များ၊ (ပူတာအို) ကောင်းမှုလုံဘုရား (ပူတာအို) |
| ခရိုင် | = ၄ ခရိုင် |
| မြို့နယ် | = ၁၈ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍများ | = လယ်ယာကဏ္ဍ ၊ သတ္တုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ |
| ဆက်စပ်သည့်ဒေသများ | = အရှေ့- ရှမ်းပြည်နယ် ၊တရုတ်နိုင်ငံ အနောက် -အိန္ဒိယနိုင်ငံ၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ တောင် - စစ်ကိုင်းတိုင်း ဒေသကြီး ၊ မြောက် - တရုတ်နိုင်ငံ |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စီမံကိန်းတွင် ကချင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၆၅၃,၉၆၂.၇ သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)





ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ကချင်ပြည်နယ်)

ကချင်ပြည်နယ်၏ ဒုတိယ (၆) လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၂၃၉,၃၇၂.၂ သန်း ဖြစ်ပေါ်ခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၇၄.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၅.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၃)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (ကချင်ပြည်နယ်)

### သုံးသပ်ချက်


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ကချင်ပြည်နယ်သည် **ပုံမှန်ဈေးနှုန်းများ** အရ ၅.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ သားငါးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ တို့တွင် တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် ငွေရေးကြေးရေးကဏ္ဍများတွင် တိုးတက်မှုနှုန်း လျော့နည်းခဲ့ပါသည်။

လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းအနေဖြင့် ဝိုင်းမော်မြို့နယ်၊ ခတ်ချိုကျေးရွာအုပ်စုတွင် ဧက ၁၀၀၊ မိုးညှင်းမြို့နယ် ရွာသစ်ကြီးကျေးရွာအုပ်စုတွင် ဧက ၁၀၀၊ ဗန်းမော်မြို့နယ် ခိုကျင်ကျေးရွာအုပ်စုတွင် ဧက ၁၀၀၊ စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းအနေဖြင့် တနိုင်းမြို့နယ် တလုံ၊ တခတ်ကျေးရွာတွင် ဧက ၃၀၀၊ တရုံကျေးရွာတွင် ဧက ၃၀၀၊ ဆွမ်ပရာဘွမ်မြို့နယ်၊ အင်ဆိုင်ကျေးရွာတွင် ဧက ၂၀၀ ဆောင်ရွက် နိုင်ခဲ့ပါသည်။

တိရစ္ဆာန်အစာစိုက်ပျိုးခြင်းအနေဖြင့် နေဇီယာမြက် ၅၀.၈၂ ဧက၊ နပ်ယူးဇီလန်မြက် ၁၃.၃၅ ဧက တို့ကိုလည်း တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိက ရိုးရာရက်ကန်းလုပ်ငန်းများဖြစ်သော ဒေါ်လုမိုင်၊ ဦးမြင့်ဆွေ၊ ဦးပြူး ရိုးရာရက်ကန်းလုပ်ငန်းများမှ ရိုးရာချည်ထည်၊ လုံချည်၊ လွယ်အိတ်များကို တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပူတာအိုမြို့နယ်ရှိ ၃.၂ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် နမ့်ထွမ်ရေအားလျှပ်စစ် စီမံကိန်းအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ကချင်ပြည်နယ် နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ လုပ်ငန်းအတွက် ရင်းနှီးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ကျပ် ၄,၉၁၉,၃၅၇ ထောင်ပေါင်းနှင့် ဒေါ်လာ ၃,၀၀၄ ထောင်ပေါင်း တင်သွင်းနိုင်ခြင်း၊ လယ်ယာ ထွက်ကုန်၊ သစ်တောထွက်ကုန်နှင့် သတ္တုတွင်းထွက်များ ကျပ် ၃,၀၀၆,၉၂၅ ထောင်ပေါင်းနှင့် ဒေါ်လာ ၁၁,၁၀၂ ထောင်ပေါင်း တင်ပို့နိုင်ခြင်း၊ ကန်ပိုက်တီးစခန်းမှ ရင်းနှီးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ကျပ် ၁၀,၅၄၁,၆၃၄ ထောင်ပေါင်းနှင့် ၃,၉၆၁ ထောင်ပေါင်း တင်သွင်းနိုင်ခြင်း၊ လယ်ယာထွက်ပစ္စည်းဖြစ်သော ပြောင်း၊ အခြားလယ်ယာကိုင်းကျွန်း ထွက်ပစ္စည်းများဖြစ်သော တစ်သျှူးငှက်ပျောနှင့် ဆန် ကျပ် ၃၃,၉၉၄,၅၇၁ ထောင်ပေါင်း၊ ဒေါ်လာ ၁,၀၇၀ ထောင်ပေါင်း တင်ပို့နိုင်ခဲ့ပါသည်။

## ကယားပြည်နယ်





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၀ မိနစ် ၀၀ စက္ကန့်မှ ၁၉ ဒီဂရီ ၅၉ မိနစ် ၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၁ မိနစ် ၁၂ စက္ကန့်မှ ၉၇ ဒီဂရီ ၅၄ မိနစ် ၁၀ စက္ကန့်အတွင်း |
| အကျယ်အဝန်း | = | ၄,၅၂၉.၅၆ စတုရန်းမိုင်၊ ၁၁,၇၃၀.၇ စတုရန်းကီလိုမီတာ၊ ၂,၈၉၈,၉၂၁ဧက |
| လူဦးရေ | = | ဦးရေ ၃၁၀ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | လွိုင်ကော်မြို့ |
| ထူးခြားသည့် အမှတ်အသား | = | တောင်ကွဲစေတီ |
| ခရိုင် | = | ၂ ခရိုင် |
| မြို့နယ် | = | ၇ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍ | = | လယ်ယာ၊ သားငါး၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ |
| ဆက်စပ်ဒေသများ | = | မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်နှင့်အနောက်ဘက်တွင် ကရင်ပြည်နယ် |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ကယားပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃၀၁,၉၉၁.၅ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၅) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ကယားပြည်နယ်)

ကယားပြည်နယ်၏ ဒုတိယ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၂၀၀,၁၉၈.၀ သန်းရရှိခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၆၆.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်းများ**အရ ၂.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဇယားဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၆)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

## (နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ကယားပြည်နယ်)


### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ကယားပြည်နယ်သည် **ပုံမှန်ဈေးနှုန်းများအရ** ၂.၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှု၊ ငွေရေးကြေးရေး၊ အခြားဝန်ဆောင်မှုနှင့် ကုန်သွယ်ရေးကဏ္ဍတို့တွင် တိုးတက်ခဲ့သော်လည်း ကျန်ကဏ္ဍများတွင် တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး လယ်ယာ၊ သစ်တောနှင့် ဆက်သွယ်ရေးကဏ္ဍတွင် လျော့နည်းခဲ့ပါသည်။

စပါးမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း မြေကြီးမြေပုံမှန်ကန်ရေး ကွင်းတိုင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် စိုက်ဧကနှင့်အထွက်များ လျော့နည်းခဲ့ရခြင်းဖြစ်ပါသည်။ ဘိန်းအစားထိုးဒေသများတွင် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် တိုင်းရင်းကြက် ၅၀၀ ကောင် ဖြန့်ဖြူးပေးခဲ့ပါသည်။ ပုဂ္ဂလိကကုမ္ပဏီများမှ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာ သတ္တုထုတ်လုပ်မှုအနေဖြင့် တိုးတက်ထုတ်လုပ်လာနိုင်ခဲ့ပါသည်။ 66KV၊ 33KV၊ 11KV၊ 0.4KV ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံသစ် တည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ဓာတ်အားစနစ်ဖြင့် ကျေးရွာပေါင်း ၃၅၇ ရွာ မီးပေးနိုင်ခဲ့ပြီး၊ ဆိုလာဖြင့် ၈၉ ရွာ၊

ဒီဇယ်ဖြင့် ၂ ရွာနှင့် အသေးစားရေအားဖြင့် ၁ ရွာ ဖြန့်ဖြူးပေးလျက် ရှိပါသည်။ လမ်းလုပ်ငန်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကတ္တရာလမ်း၊ ကျောက်လမ်း၊ BOX CULVERT များ ဆောင်ရွက်ခဲ့ပါသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှတဆင့် ပြည်သူများအတွက် ငွေကြေးအရင်းအနှီး လက်လှမ်းမီနိုင်ခဲ့ပြီး အတိုးရရှိမှုလည်း တိုးတက်ခဲ့ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း၊ ခရီးသွား ကန့်သတ်ဒေသဖြေလျှော့ပေးခဲ့ခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများနှင့် ပြည်တွင်းခရီးသွားများ တိုးတက်ခဲ့ပါသည်။ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့် ကယားမျိုးနွယ်စုများ၏ ကျေးလက် လူနေမှုဘဝကို လေ့လာနိုင်ရန် ထေခိုကျေးရွာနှင့် ဒေါတမကြီးကျေးရွာတို့တွင် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများကို ထပ်မံဖော်ထုတ်နိုင်ခဲ့ပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်၊ မြဝတီနှင့် မယ်စဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းများကြောင့် ကုန်စည်စီးဆင်းမှုများ တိုးတက်ခဲ့ပါသည်။

## ကရင်ပြည်နယ်





| | | |
|---|---|---|
| တည်နေရာ | = | အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀မိနစ်မှ ၉၈ ဒီဂရီ ၅၅ မိနစ် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၉ မိနစ်မှ ၁၉ ဒီဂရီ ၂၅ မိနစ်အကြား |
| အကျယ်အဝန်း | = | ၁၁,၇၃၀.၈၅ (စတုရန်းမိုင်) ၇,၅၀၇,၇၃၃ (ဧက) |
| လူဦးရေ | = | ဦးရေ ၁,၅၉၃ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နှစ်လယ် လူဦးရေ) |
| မြို့တော် | = | ဘားအံမြို့ |
| ထူးခြားသည့် အမှတ်အသား | = | ဖွဲကပင်တောင်(ဘားအံမြို့နယ်) |
| ခရိုင် | = | ၄ ခရိုင် |
| မြို့နယ် | = | ၇ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ |
| ဆက်စပ်သည့်ဒေသများ | = | အရှေ့ဘက်တွင်ထိုင်းနိုင်ငံ၊အနောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်၊ တောင်ဘက်တွင် မွန်ပြည်နယ်၊ မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ် |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ကရင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၆၅၅,၆၀၃.၉ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ


ပုံ(၄-၇) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၈) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ကရင်ပြည်နယ်)

ကရင်ပြည်နယ်၏ ဒုတိယ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၁၇၈,၇၇၁.၉ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၇၁.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ** အရ ၉.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၉)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ကရင်ပြည်နယ်)

### သုံးသပ်ချက်


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ကရင်ပြည်နယ်သည် **ပုံမှန်ဈေးနှုန်းများအရ ၉.၇** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်းနှေးကွေးခဲ့ပြီး၊ သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍတို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)မှ နုန်းသွင်းမြောင်းများ ပြင်ဆင်ခြင်း၊ ရေသွင်း/ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ သဘာဝချောင်း/ရိုးဟောင်း ပြန်လည် တူးဖော်ခြင်း၊ ရေထိန်းတံခါးတည်ဆောက်ခြင်း၊ ချောင်းပိတ်/မြောင်းပိတ်လုပ်ငန်းများ၊ သဲအိတ်ချ ယာယီရေတားတမံများ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ၇,၀၉၇ ဧက ရေဘေးကာကွယ်နိုင်ခဲ့ပြီး၊ စိုက်ပျိုးရေရရှိရေးအတွက် ၁၃,၂၂၂ ဧကကို အကျိုးပြုနိုင်မည် ဖြစ်ပါသည်။ ငြိမ်းချမ်းရေးအရ ပြန်လည် ဝင်ရောက်လာသည့် အဖွဲ့အစည်း ၁၃ ခုမှ အိမ်ထောင်စုများအား မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်နိုင်ရန် ပြည်နယ်ဘတ်ဂျက်ဖြင့် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ လျှပ်စစ်ဓာတ်အားကဏ္ဍတွင်

JICA ချေးငွေဖြင့် ၆၆ ကေဗွီလိုင်း၊ ၃၃ ကေဗွီလိုင်း၊ ၁၁ ကေဗွီလိုင်းများ သွယ်တန်းခြင်း၊ ၆၆/၃၃ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ၊ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံများနှင့် ထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှလည်း အသစ်မှတ်ပုံတင်ထားသော ကားစီးရေ ၆၂ စီး တိုးတက်လာခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ဘဏ်များဖြစ်သော မြန်မာ့အရှေ့တိုင်းဘဏ်၊ မြဝတီဘဏ်၊ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်များ ဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့်အတူ ဝန်ဆောင်မှုများ တိုးမြှင့်ပေးနိုင်ခဲ့ပါသည်။ နယ်မြေအေးချမ်းလာသည်နှင့်အမျှ ပြည်နယ်အတွင်း လာရောက်လည်ပတ်သည့် နိုင်ငံခြားသားဦးရေမှာ ဒုတိယ(၆)လပတ်အထိ တစ်သိန်းကျော် ဝင်ရောက်ခဲ့ပါသည်။

## ချင်းပြည်နယ်





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် - ၂၀ ဒီဂရီ ၄၀ မိနစ် နှင့် ၂၄ ဒီဂရီ ၀၉ မိနစ် အကြား၊<br>အရှေ့လောင်ဂျီတွဒ် - ၉၂ ဒီဂရီ ၃၆ မိနစ် နှင့် ၉၄ ဒီဂရီ ၀၈ မိနစ်အကြား |
| အကျယ်အဝန်း | = | ၁၃,၉၀၆.၉၇ - စတုရန်းမိုင်ပေါင်း<br>၈,၉၀၀,၄၅၉ - ဧက |
| လူဦးရေ | = | ဦးရေ - ၅၀၈ (ထောင်ပေါင်း)<br>(၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊နှစ်လယ်လူဦးရေ) |
| မြို့တော် | = | ဟားခါးမြို့ |
| ထူးခြားသည့် အမှတ်အသား | = | ရိဒ်ရေကန် |
| ခရိုင် | = | ၄ ခရိုင် |
| မြို့နယ် | = | ၉ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | စိုက်ပျိုးမွေးမြူခြင်း |
| ဆက်စပ်သည့် ဒေသများ | = | အရှေ့ဘက် - စစ်ကိုင်းတိုင်းဒေသကြီး ၈၀.၄မိုင်၊<br>မကွေးတိုင်းဒေသကြီး ၁၆၅.၂ မိုင်<br>အနောက်ဘက် - အိန္ဒိယနိုင်ငံ ၁၇၃.၂ မိုင်<br>ဘင်္ဂလားဒေ့ရှ် ၄၆.၀ မိုင်<br>တောင်ဘက် - ရခိုင်ပြည်နယ် ၁၂၄.၀ မိုင်<br>မြောက်ဘက် - အိန္ဒိယနိုင်ငံ ၁၀၄.၀ မိုင် |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ချင်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃၉၃,၂၀၁.၄ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၄.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ


ပုံ(၄-၁၀)အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၁၁)တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ချင်းပြည်နယ်)

ချင်းပြည်နယ်၏ ဒုတိယ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၂၆၃,၀၆၉.၆ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၆.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၄.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၁၂)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ချင်းပြည်နယ်)

### သုံးသပ်ချက်


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ချင်းပြည်နယ်သည် **ပုံမှန်ဈေးနှုန်းများအရ** ၄.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပြီး ကျန်ကဏ္ဍများတွင် တိုးတက်မှုနှုန်း နှေးကွေးခဲ့ပါသည်။

သစ်တောကဏ္ဍတွင် ကျွန်း၊ မီးသွေး၊ ကြိမ်နှင့်ချိပ် စသည်တို့၏ ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာ ပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ လူထုမှ ပါဝင်စိုက်ပျိုးသည့် လူထုဖြန့် ပျိုးပင်များဖြန့်ဝေစိုက်ပျိုးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ဆဲလုပ်ငန်းဖြစ်သော ရန်းတောင်မြေယာထိန်းသိမ်းရေး ဧက ၅၀ (ရန်းတောင်ရေဝေရေလဲ) ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ လမ်းဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ဟားခါး-ဂန့်ဂေါလမ်း၊

ကလေး-ဖလမ်း-ဟားခါးလမ်းအပါအဝင် လုပ်ငန်း ၇ ခုနှင့် တံတားလုပ်ငန်း ၃ ခု၊ ပြည်နယ်ရန်ပုံငွေဖြင့် ဟားခါးမြို့ပတ်လမ်း အပါအဝင် လုပ်ငန်းပေါင်း ၃၄ ခုကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဒေသထွက်ကုန်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့ တင်ပို့ရောင်းချပြီး၊ မန္တလေး-ဂန့်ဂေါ-ဟားခါးလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ကလေး-တီးတိန်လမ်း၊ ပခုက္ကူ-မင်းတပ်လမ်းများဖြင့် ဒေသတွင်းကုန်စည်များ ဖြန့်ဖြူးပေးခဲ့ပါသည်။ အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ ကုန်စည်များကို ချင်းပြည်နယ်ရှိ ရိခေါဒါရ် နယ်စပ်ကုန်သွယ်ရေးစခန်းမှတဆင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်နှင့် ကူးသန်းရောင်းဝယ်လျက်ရှိပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး





| | |
|---|---|
| တည်နေရာ | = မြောက်လတ္တီတွဒ်- ၂၁ ဒီဂရီ ၃၅ မိနစ် မှ ၂၇ ဒီဂရီ ၂၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ်- ၉၄ ဒီဂရီ ၀၀ မိနစ် မှ ၉၇ ဒီဂရီ ၀၈ မိနစ်၊ |
| အကျယ်အဝန်း | = ၃၆,၁၇၈.၇၂ စတုရန်းမိုင် ၂၃,၁၅၄,၃၈၂ ဧက |
| လူဦးရေ | = ဦးရေ- ၅,၄၉၁ (ထောင်ပေါင်း) (၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ နှစ်လယ်ရှိ လူဦးရေ) |
| မြို့တော် | = မုံရွာမြို့ |
| ထူးခြားသည့်အမှတ်အသား | = ကောင်းမှုတော်စေတီ |
| ခရိုင် | = ၁၀ ခရိုင် |
| မြို့နယ် | = ၃၇ မြို့နယ် |
| ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | = နာဂဒေသ |
| အဓိကစီးပွားရေးကဏ္ဍ | = လယ်ယာကဏ္ဍ |
| ဆက်စပ်သည့်ဒေသများ | = အရှေ့ဘက်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ အရှေ့တောင်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ်၊ တောင်ဘက်တွင် မကွေးတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ချင်းပြည်နယ်၊ မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၀,၈၂၁,၂၁၁.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၈.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ


ပုံ(၄-၁၃) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၁၄) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံး (စစ်ကိုင်းတိုင်းဒေသကြီး)

**စစ်ကိုင်းတိုင်းဒေသကြီး၏ ဒုတိယ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး** သည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၇,၆၅၄,၁၅၈.၁ သန်းရရှိ ခဲ့သဖြင့် **စီမံကိန်းရည်မှန်းချက်အပေါ်** ၇၀.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်းများ**အရ ၇.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၁၅)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံး(စစ်ကိုင်းတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးသည် **ပုံမှန်ဈေးနှုန်း**များအရ ၇.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်းမြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်းနှေးကွေးခဲ့ပြီး၊ လယ်ယာကဏ္ဍနှင့် စွမ်းအင်ကဏ္ဍသည် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် လယ်ယာမြေဖော်ထုတ်ပြီးစီးမှုမှာ တမူးမြို့နယ် ဝိတုတ်ကျေးရွာတွင် ၃၄၁ ဧက၊ ခန္တီးမြို့နယ် နာတိုက်ကျေးရွာတွင် ဧက ၃၀၀ စုစုပေါင်း ၆၄၁ ဧကကို အကောင်အထည်ဖော်ခဲ့ပါသည်။ ဆည်ရေရရှိမှုအတွက် ဆည်၊ ကန်၊ တာတမံ ၄၄ ခုရှိပြီး အကျိုးပြုဧကမှာ ၆၉၇,၅၈၇ ဧကရှိပါသည်။ တာတမံတောင့်တင်းခိုင်မာအောင် ပြုပြင်ခြင်းလုပ်ငန်း ၆၀ ခုကို ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ လူထုဖြန့်ပျိုးပင် ဖြန့်ဝေစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ခဲ့

ပါသည်။ ပုဂ္ဂလိကပိုင်ကုမ္ပဏီ ၂၂ ခု ဖြင့် ကြေးနီသတ္တုစင်၊ ဖယ်ရိုနီကယ်၊ ကျောက်မီးသွေး၊ မီးခံရွှံ့စေး၊ ထုံးကျောက်(အာရှဖြူ)နှင့် အခြားကျောက်များ တိုးတက်ထုတ်လုပ်ခဲ့ပါသည်။ မီးခံရွှံ့စေး ထုတ်လုပ်မှုမှာ စဥ့်ထည်ပစ္စည်းများ ပြုလုပ်ရာတွင် အသုံးပြုသည့် မြေစေးများဖြစ်ပါသည်။ စဥ့်ထည်ပစ္စည်းများကို ပြည်ပထိ တင်ပို့ပေးနေရပါသည်။ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုနှင့် ကလေးစက်မှုဇုန် တို့အပါအဝင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော စုစုပေါင်းလုပ်ငန်းဦးရေ ၄,၅၄၂ ခု ရှိပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြို့နယ် ၃၇ မြို့နယ်၊ မြို့နယ်ခွဲ ၈ ခုတွင် အော်တိုအိတ်ချိန်း စခန်း ၄၂ ခု၊ Mc Will စခန်းပေါင်း ၉ ခု နှင့် မိုဘိုင်းစခန်းပေါင်း ၉၆၁ စခန်း တည်ဆောက်ပေးနိုင်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍတွင် ပုဂ္ဂလိကဘဏ်ခွဲ ၈၁ ခုဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။ ဆောင်းရာသီချေးငွေအတွက် မြို့နယ် ၃၄ မြို့နယ်၊ ကျေးရွာအုပ်စု ၅၃၈ မှ တောင်သူ ၈၆,၅၀၆ ဦးတို့အား ချေးငွေကျပ် ၃၄,၃၅၂.၅၅ သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။ ခရီးသွားဇုန် ၆ ဇုန် ခရီးစဉ်အား ရိုက်ကူးထုတ်လွှင့်ခြင်း၊ ခရီးစဉ်လမ်းညွှန်ပြဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များ သွားရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ကုန်သွယ်မှုကဏ္ဍတွင် အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှုတံခါးပေါက်နှစ်ခုဖြစ်သည့် တမူး၊ ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းများထားသဖြင့် နယ်စပ်ကုန်သွယ်မှုလမ်းများမှလည်း ကုန်သွယ်မှုပြုနိုင်ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး




တည်နေရာ = မြောက်လတ္တီတွဒ်- ၉ ဒီဂရီ ၅၈ မိနစ်နှင့် ၁၅ ဒီဂရီ ၆၀ မိနစ်အတွင်း အရှေ့လောင်ဂျီတွဒ်- ၉၇ ဒီဂရီ ၄၆ မိနစ်နှင့် ၉၉ ဒီဂရီ ၄၀ မိနစ်အတွင်း

အကျယ်အဝန်း = ၁၆,၇၃၅.၅၆ စတုရန်းမိုင် ၁၀,၇၁၀,၇၅၇ ဧက

လူဦးရေ = ဦးရေ- ၁,၄၆၀ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ )

မြို့တော် = ထားဝယ်မြို့

ထူးခြားသည့် အမှတ်အသား = ထားဝယ်အထူးစီးပွားရေးဇုန်၊ မောင်းမကန်ကမ်းခြေ

ခရိုင် = ၃ ခရိုင်

မြို့နယ် = ၁၀ မြို့နယ်


အဓိကစီးပွားရေး ကဏ္ဍာ = လယ်ယာကဏ္ဍ၊သားငါးကဏ္ဍ

ဆက်စပ်ဒေသ = အရှေ့ဘက်နှင့်တောင်ဘက်တွင်ထိုင်းနိုင်ငံ၊အနောက်ဘက်တွင်ကပ္ပလီပင်လယ်၊ မြောက်ဘက်တွင် မွန်ပြည်နယ်


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် တနင်္သာရီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၆၄၇,၂၄၉.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၄.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၁၆) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၁၇) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (တနင်္သာရီတိုင်းဒေသကြီး)

တနင်္သာရီတိုင်းဒေသကြီး၏ ဒုတိယ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၂၆၀,၀၂၉.၂ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၂.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၉.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၁၈)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (တနင်္သာရီတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် တနင်္သာရီတိုင်းဒေသကြီးသည် **ပုံမှန်ဈေးနှုန်းများ** အရ ၉.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် ကုန်သွယ်ရေးကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်းနှေးကွေးခဲ့ပြီး စွမ်းအင်ကဏ္ဍတွင် ယခင်နှစ်ထက်လျော့နည်းခဲ့ပါ သည်။

စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကြီးဖြင့် ထွန်ယက်ကေလွာ ၁၁,၈၁၀၊ လက်တွန်းထွန်စက်ဖြန့်ဖြူးရောင်းချခြင်း ၂ စီးနှင့် New Holland ၃ စီး တို့ကို အရစ်ကျစနစ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကာကွယ်ကုသခြင်းလုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်း၊ ကျေးရွာများတွင် အခြေခံမွေးမြူရေးသင်တန်းများ ပို့ချပေးခြင်း၊ ငါးပုစွန် ထုတ်လုပ်မှုတွင် ငါးဖမ်းလှေများမှ ငါးအထိအမိ ပိုမိုရရှိခြင်းကြောင့် ဖြစ်ပါသည်။ ပုဂ္ဂလိကအခန်းတွင် ထုံးကျောက်မှာ ယခင်နှစ်ထက် တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး အခြားကျောက်နှင့်တွင်းထွက်ပစ္စည်း ထုတ်လုပ်မှုမှာ ပုဂ္ဂလိကပိုင်လူနေအိမ်များ၊ ကွန်ဒိုများဆောက်လုပ်ခြင်း၊ ဘုရားစေတီ၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံများ၊

ရေတွင်းရေကန်များ အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ကျောက်ချောလမ်းများ ပြုပြင်ခြင်းတို့ကြောင့်ဖြစ်ပါသည်။ ဒေသထွက် မုန့်မျိုးစုံ၊ မျှင်ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်၊ မုန့်ဟင်းခါး၊ ငါးအအေးခန်းလုပ်ငန်းများ၊ အခြားသော ရေထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ပြည့်ဖြိုးထွန်းကုမ္ပဏီနှင့် ဟောင်ကောင် Sea View ကွန်ဒိုတည်ဆောက်ခြင်း၊ လူနေအိမ်များ၊ ဆိုင်ခန်းများ ဆောက်လုပ်ခြင်းတို့ကြောင့် တိုးတက်ရခြင်းဖြစ်ပါသည်။

ပုဂ္ဂလိကလေကြောင်းလိုင်းဖြစ်သော New Gen Airway နှင့် FMI လေကြောင်းလိုင်း(၂)လိုင်း မတ်လအတွင်းတွင် စတင်ပြေးဆွဲလာခြင်း၊ ရှင်ကိုးရှင်ဘုရားနှင့်မောင်းမကန်ကမ်းခြေသို့ လာရောက်သည့် ခရီးသည်များ များပြားလာခြင်းကြောင့် တိုးတက်ခဲ့ပါသည်။ တယ်လီဖုန်းခေါ်ဆိုခ၊ တပ်ဆင်ခ (ငှားရမ်းခ)များ၊ Fax အမြန်ကြေးနန်းလုပ်ငန်း၊ စာပို့တံဆိပ်ခေါင်း ရောင်းချခြင်း၊ အမြန်ချောပို့လုပ်ငန်း၊ ငွေပို့လွှာလုပ်ငန်း(ရိုးရိုး/အမြန်ချော)တို့မှ ဝင်ငွေရရှိခြင်းကြောင့်ဖြစ်ပါသည်။ မြန်မာ့စီးပွားရေးဘဏ်မှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ထုတ်ချေးငွေများပြားလာ၍ အတိုးပိုမိုရရှိလာခြင်း၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် ချေးငွေတို့မှအတိုးရငွေ များပြားလာခြင်း၊ ငွေလွှဲခရငွေ တိုးလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

# ပဲခူးတိုင်းဒေသကြီး





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်<br>မှ ၁၈ ဒီဂရီ၂၀မိနစ်အတွင်း<br>အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၈ မိနစ်<br>မှ ၉၇ ဒီဂရီ ၁၂ မိနစ် အတွင်း |
| အကျယ်အဝန်း | = | ၁၅,၂၁၄.၁၃ စတုရန်းမိုင်<br>၉,၇၃၇,၀၄၃ ဧက |
| လူဦးရေ | = | ဦးရေ - ၄,၉၁၉(ထောင်ပေါင်း)<br>(၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊<br>နှစ်လယ်လူဦးရေ) |
| မြို့တော် | = | ပဲခူးမြို့ |
| ထူးခြားသည့် အမှတ် အသား | = | ကမ္ဘောဇသာဒီ နန်းတော်ရာ<br>မိုးယွန်းကြီးအင်း ဘောမဲ့တော<br>သရေခေတ္တရာပျူမြို့ဟောင်း |
| ခရိုင် | = | ၄ ခရိုင် |
| မြို့နယ် | = | ၂၈ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | လယ်ယာ၊ သားငါး၊ စက်မှုလက်မှု၊<br>ပို့ဆောင်ရေးကဏ္ဍ |
| ဆက်စပ်သည့် ဒေသများ | = | အရှေ့ဘက်-ကရင်ပြည်နယ်၊မွန်ပြည်နယ်<br>အနောက်ဘက်-ဧရာဝတီတိုင်းဒေသကြီး၊<br>မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်<br>တောင်ဘက်- ရန်ကုန်တိုင်းဒေသကြီး၊<br>ဧရာဝတီတိုင်းဒေသကြီး<br>မြောက်ဘက်-မကွေးတိုင်းဒေသကြီး၊<br>နေပြည်တော်ကောင်စီ |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ပဲခူးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၇,၅၁၅,၇၂၄.၅ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ


ပုံ(၄-၁၉) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၀) တိုးတက်မှုနှုန်း


(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ပဲခူးတိုင်းဒေသကြီး)

ပဲခူးတိုင်းဒေသကြီး၏ ဒုတိယ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၅,၆၃၆,၂၂၂.၁ သန်း** ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၇၅.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ** အရ ၆.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၂၁)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
## (နှစ်အလိုက်စျေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ပဲခူးတိုင်းဒေသကြီး)


### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ပဲခူးတိုင်းဒေသကြီးသည် **ပုံမှန်စျေးနှုန်းများအရ** ၆.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်းနှေးကွေးခဲ့ပြီး သစ်တောကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

နှမ်းစပါးမျိုးကောင်းမျိုးသန့် ၂၉၅,၆၁၈.၅ တင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မိုးစပါး ၁၁,၃၂၅ ဧက၊ နွေစပါး ၂၂၇,၆၀၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ နွေစပါးစိုက်ပျိုးရိတ်သိမ်းမှုတွင် ဘက်စုံအဆင့်မြင့်နည်းပညာအသုံးပြု၍ တစ်ခရိုင် စံပြကျေးရွာတစ်ရွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် နွေစပါးရေရရှိရေးနည်းလမ်းအလိုက် စိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့် ပိုမိုခဲ့ပါသည်။ နိုင်ငံပိုင်ကျောက်မာအနေဖြင့် ကျင်း ၅,၆၈၀ ထုတ်လုပ်နိုင်ခဲ့ပါသည်။ နိုင်ငံတော်မှ သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ အရင်းအနှီးများထုတ်ချေးခြင်းနှင့် အထောက်အပံ့များ ဆောင်ရွက်ပေးခြင်းကြောင့် ပုဂ္ဂလိကပိုင် စက်ရုံ/ အလုပ်ရုံများ၏

ထုတ်လုပ်မှုများတိုးတက်ခဲ့ပါသည်။ ဓာတ်အားစနစ်ဖြင့် ပဲခူးအရှေ့၌ ၈ ရွာ၊ ပဲခူး အနောက်၌ ၁၆၉ ရွာ၊ စုစုပေါင်း ၁၇၇ ရွာတို့အား မီးလင်းရေးဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ တံတားတည်ဆောက်ရေးပိုင်းတွင် တာဖြတ်တံတား၊ သားပြတံတား၊ ဘုတလင်တံတား၊ လှည်းလမ်းကူးတံတား တို့အား ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ မြို့ပြရေပေးရေးအနေဖြင့် တွင်းနက် ၇ တွင်း၊ တွင်းတိမ် ၃ တွင်း၊ ရေကန်အဆင့်မြင့် ၁ ခု၊ အခြား ၂၅ ခု၊ စုစုပေါင်း ၃၆ ခု ကိုဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များ၏ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှုများ တိုးတက်ခဲ့ပါသည်။ အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အသေးစားချေးငွေ လုပ်ကိုင်ခွင့်လိုင်စင်ရ အသင်း NGO၊ INGO အသင်း ၄၀ သင်း မှ ချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့ပါသည်။ တောင်ငူမြို့၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာကျောင်းတွင် အမျိုးသမီးများအတွက် သင်တန်း ၈ မျိုးဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းသား ၁,၄၀၁ ဦးအား သင်ကြားပေးနိုင်ခဲ့ပါသည်။ ကုန်သွယ်ရေးနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်တစ်ဦး အလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့လိုက်သော်လည်းကောင်း တွေ့ဆုံ၍ လုပ်ငန်းကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

## မကွေးတိုင်းဒေသကြီး





| | | |
|---|---|---|
| တည်နေရာ | = | အရှေ့လောင်ဂျီတွဒ် - ၉၃ဒီဂရီ၅၂မိနစ်နှင့် ၉၅ ဒီဂရီ ၅၁ မိနစ်အတွင်း<br>မြောက်လတ္တီတွဒ် - ၁၈ဒီဂရီ ၅၂မိနစ်နှင့် ၂၂ဒီဂရီ ၄၃ မိနစ် အတွင်း |
| အကျယ်အဝန်း | = | ဧရိယာ ၁၇,၃၀၅.၃၂ (စတုရန်းမိုင်)<br>၁၁,၀၇၅,၄၀၅ (ဧက) |
| လူဦးရေ | = | ဦးရေ ၃,၉၄၂(ထောင်ပေါင်း)<br>(၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊<br>နှစ်လယ်လူဦးရေ ) |
| မြို့တော် | = | မကွေးမြို့ |
| ထူးခြားသည့် အမှတ်အသား | = | မကွေးမြသလွန်၊<br>မင်းဘူးရွှေစက်တော်ဘုရား |
| ခရိုင် | = | ၅ ခရိုင် |
| မြို့နယ် | = | ၂၅ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ |
| ဆက်စပ်သည့် ဒေသများ | = | အရှေ့ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊<br>အနောက်ဘက်တွင် ချင်းပြည်နယ်၊<br>ရခိုင်ပြည်နယ်၊<br>မြောက်ဘက်တွင်စစ်ကိုင်းတိုင်းဒေသကြီး၊<br>တောင်ဘက်တွင်ပဲခူးတိုင်းဒေသကြီး၊ |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် မကွေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၈,၂၅၆,၄၈၂.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၇.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၂၂) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၂၃) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မကွေးတိုင်းဒေသကြီး)

မကွေးတိုင်းဒေသကြီး၏ ဒုတိယ(၆) လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ** အရ ကျပ် ၄,၈၀၄,၇၀၉.၃ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၈.၂ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၂.၃ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၂၄)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မကွေးတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆) လပတ်တွင် မကွေးတိုင်းဒေသကြီးသည် **ပုံမှန်ဈေးနှုန်းများ** အရ ၂.၃ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ လယ်ယာကဏ္ဍ နှင့် ဆက်သွယ်ရေးကဏ္ဍ တို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

လယ်ယာကဏ္ဍလျော့နည်းရခြင်းမှာ နှံစားသီးနှံများအနေဖြင့် မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ အခြားနှံစားသီးနှံများ၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများ၏ စိုက်ဧကနှင့်ရိတ်သိမ်းဧက များလျော့နည်းခဲ့ပါသည်။ စိုက်ဧကလျော့နည်းရခြင်းမှာ မိုးဦးနှောက်ကျသောကြောင့် မေလစတုတ္ထပတ် ရောက်မှသာ စတင်စိုက်ပျိုးနိုင်သဖြင့် မိုးလယ်သီးနှံများ မစိုက်ပျိုးနိုင်ခြင်း၊ သီးနှံများထိခိုက်ပျက်စီးခြင်း၊ ဆောင်းသီးနှံများ စိုက်ဧရိယာလျော့နည်းခြင်း တို့ကြောင့်ဖြစ်ပါသည်။


သစ်တောကဏ္ဍတွင် ကျွန်းကုဗတန် ၁,၄၆၀၊ ကျွန်းနှင့်သစ်မာတိုင်လုံးရေ(ထောင်ပေါင်း) ၃,၀၁၉၊ မီးသွေးကုဗတန် ၁,၃၀၂ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ စွမ်းအင်ကဏ္ဍတွင် ပုဂ္ဂလိကပိုင်ရေနံစိမ်း ထုတ်လုပ်မှု တိုးတက်ရခြင်းမှာ လုပ်ငန်းသဘာဝအရ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် တရားမဝင် ရေနံစိမ်းတူးဖော်မှုများ၊ သယ်ယူပို့ဆောင်မှုများအား စစ်ဆေးကြပ်မတ်၊ ဖမ်းဆီးခြင်းများ ဆောင်ရွက်ခြင်း တို့ကြောင့် တရားဝင် မျောဖြင့် သယ်ယူပို့ဆောင်ခြင်းစာရင်းများ ပိုမိုရရှိလာသည့်အတွက် ရေနံစိမ်း အမေရိကန်စည်(ထောင်ပေါင်း) ၉၁.၈၇ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ နိုင်ငံပိုင်ဘဏ်များ၊ သမဝါ ယမ ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် အသေးစားအလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ချေးငွေများအား တိုးမြှင့်ထုတ်ချေးပေးနိုင်ခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ချေးငွေများကို ပိုမို ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေနံချောင်းမြို့၊ ချောက်မြို့၊ တောင်တွင်းကြီးမြို့ တို့တွင် ၈ ခန်းတွဲ ၆ ထပ် တစ်လုံးစီဆောက်လုပ်ခဲ့ရာ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ မကွေးမြို့တွင် ၈ ခန်းတွဲ ၆ ထပ် တစ်လုံးအား ၂၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ အိမ်ရာ ဆောက်လုပ်ခြင်း လုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇွန်လတွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်း တည်ဆောက်ခြင်းလုပ်ငန်းများ၊ မြို့ပြတံတားအနေဖြင့် ကွန်ကရစ်တံတား ၁၃၃ စင်း၊ သစ်သားတံတား ၂ စင်း၊ ရေပြွန် ၅ စင်းနှင့် အခြား ၃၈ စင်း၊ မြို့ရေပေးရေးအနေဖြင့် စက်ရေတွင်း ၂ တွင်း၊ Transformer မီးလိုင်း ၂ ခု၊ ရေပိုက်သွယ်ခြင်း ၂ ခု၊ ပြင်ထိန်းလုပ်ငန်း ၁၈ ခု၊ ပစ္စည်းဝယ်ယူခြင်း ၅ ခု နှင့် အခြား ၂၂ ခု တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွန်ကရစ်လမ်း၊ကတ္တရာလမ်း၊ကျောက်ချောလမ်း ဂဝံမြေနီလမ်း၊ မြေသားလမ်းနှင့် ကွန်ကရစ်တံတား ၂၃ စင်း၊ သစ်သားတံတား ၁ စင်း၊ ရေကျော် ၄၀ စင်း နှင့် ရေပြွန် ၇၄ စင်း၊ ဘောလီ ၁၉ စင်း၊ အခြား ၄ စင်းနှင့် ကျေးလက် ရေပေးရေးလုပ်ငန်းများ အနေဖြင့် တွင်းနက် ၅၄ တွင်း၊ တွင်းတိမ် ၁ တွင်း၊ လက်တူးတွင်း ၆ တွင်း၊ မြေသားရေကန် ၂၆ ကန်၊ စိမ့်စမ်း ၂ ခု နှင့် အခြား ၄၈ ခု တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီး





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်- ၁၉ ဒီဂရီ ၃၀မိနစ်နှင့် ၂၃ ဒီဂရီ ၄၅ မိနစ်အတွင်း<br>အရှေ့လောင်ဂျီတွဒ်- ၉၄ ဒီဂရီ ၅၀မိနစ်နှင့် ၉၆ ဒီဂရီ ၅၀ မိနစ်အတွင်း |
| အကျယ်အဝန်း | = | ၁,၁၉၂,၅.၉၅ - စတုရန်းမိုင်<br>၇,၆၃၂,၆၁၂ - ဧက |
| လူဦးရေ | = | ၆,၃၈၉ (ထောင်ပေါင်း)<br>(၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | မန္တလေး |
| ထူးခြားသည့် အမှတ်အသား | = | နန်းတော် ၊ ကျုံး |
| ခရိုင် | = | ၇ ခရိုင် |
| မြို့နယ် | = | ၂၈ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ခရီးသွားလုပ်ငန်း |
| ဆက်စပ်သည့် ဒေသများ | = | အရှေ့ဘက်-ရှမ်းပြည်နယ်၊<br>တောင်ဘက်-နေပြည်တော်၊<br>အနောက်တောင်-မကွေးတိုင်းဒေသကြီး၊<br>အနောက်မြောက်နှင့်အနောက်-စစ်ကိုင်းတိုင်းဒေသကြီး |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၉,၇၅၉,၉၇၇.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၇.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၂၅) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၆) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မန္တလေးတိုင်းဒေသကြီး)

မန္တလေးတိုင်းဒေသကြီး၏ ဒုတိယ (၆) လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၆,၄၉၆,၁၇၈.၃ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၆.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၇.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ (၄ - ၂၇)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မန္တလေးတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် မန္တလေးတိုင်းဒေသကြီးသည် **ပုံမှန်ဈေးနှုန်းများ** အရ ၇.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မား ခဲ့ပါသည်။ ကျန်ကဏ္ဍများတွင် တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး လယ်ယာကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

သစ်တောကဏ္ဍ၌ ပုဂ္ဂလိကပိုင် အခန်းတွင် ကျွန်း၊ သစ်မာ၊ ကျွန်းနှင့် သစ်မာတိုင်စသည်တို့ ထုတ်လုပ်မှု မရှိသော်လည်း လေလံတင် ရောင်းချခြင်းနှင့် အခွန်တော်ငွေ ကောက်ခံရရှိခြင်းတို့ကြောင့် ယခင်နှစ်ထက် တိုးတက်ရခြင်း ဖြစ်ပါသည်။ စက်မှုလက်မှုကဏ္ဍတွင် နိုင်ငံပိုင်အခန်း၌ အမှတ်(၃) အကြီးစားစက်မှု လုပ်ငန်းရှိ အခင်းကျောက်ပြား၊ မြန်မာ့သစ်လုပ်ငန်းမှ ကျွန်းနှင့် သစ်မာခွဲသား၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုလုပ်ငန်းများမှ တိုင်းရင်းဆေးဝါးများ ပိုမို ထုတ်လုပ်နိုင်ခဲ့ပါသည်။ ငွေရေးကြေးရေးကဏ္ဍတွင် ကမ္ဘောဇဘဏ်ခွဲ ၄ ခု၊ ရောဝတီဘဏ်ခွဲ ၉ ခု၊ ယူနိုက်တက်အမရာဘဏ်ခွဲ ၃ ခု၊ မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ ၃ ခု၊ ရိုးမဘဏ်ခွဲ ၁ ခု၊

မြန်မာနိုင်ငံသားများဘဏ်ခွဲ ၁ ခု၊ ရတနာပုံဘဏ်ခွဲ ၁ ခု၊ အင်းဝဘဏ်ခွဲ ၁ ခု၊ ရွှေဖွံ့ဖြိုးမှုဘဏ် ၁ ခု၊ ပုဂ္ဂလိက အာမခံကုမ္ပဏီ ၉ ခု၊ စုစုပေါင်း ဘဏ်ခွဲအသစ် ၃၃ ခု ထပ်မံဖွင့်လှစ် နိုင်ခဲ့ပြီး ငွေကြေး ဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ လယ်ယာကဏ္ဍ လျော့နည်းရခြင်းမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ပဲကြီး၊ ပဲနောက်၊ မိုးမြေပဲ၊ ဆောင်းမြေပဲ၊ ဆောင်းနှမ်း၊ နေကြာ၊ မလှိုင်ဝါ၊ ကြက်သွန် နှင့် အာလူး စသည့်သီးနှံများ ယခင်နှစ်ထက် ထုတ်လုပ်မှု လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

# မွန်ပြည်နယ်





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် - ၁၄ဒီဂရီ ၅၉မိနစ်နှင့် ၁၇ဒီဂရီ၃၄မိနစ် အရှေ့လောင်ဂျီတွဒ်-၉၄ဒီဂရီ ၅၂မိနစ်နှင့် ၉၆ ဒီဂရီ၁၂မိနစ် |
| အကျယ်အဝန်း | = | ၄,၇၄၇.၇၆-စတုရန်းမိုင်ပေါင်း ၃,၀၃၈,၅၆၄- ဧက |
| လူဦးရေ | = | ဦးရေ - ၂,၀၁၂(ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | မော်လမြိုင် |
| ထူးခြားသည့် အမှတ်အသား | = | ကျိုက်ထီးရိုး |
| ခရိုင် | = | ၂ ခရိုင် |
| မြို့နယ် | = | ၁၀ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ |
| ဆက်စပ်သည့် ဒေသများ | = | အရှေ့ဘက်တွင်ကရင်ပြည်နယ်နှင့်ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင်မုတ္တမပင်လယ်ကွေ့၊ တောင်ဘက်တွင်တနင်္သာရီတိုင်း၊ မြောက်ဘက်တွင် ပဲခူးတိုင်း |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် မွန်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၅၉၃,၂၆၈.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ** အရ ၅.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၂၈) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၉) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မွန်ပြည်နယ်)

မွန်ပြည်နယ်၏ ဒုတိယ (၆) လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၂,၄၉၂,၈၂၄.၂ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၉.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၆.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၃၀)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မွန်ပြည်နယ်)

**သုံးသပ်ချက်**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် မွန်ပြည်နယ်သည် **ပုံမှန်ဈေးနှုန်းများအရ** ၆.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားပြီး ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပါသည်။


စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးမှုတွင် ဒုတိယ (၆) လပတ်အတွင်း ဆောင်းသီးနှံ ၃၇,၄၄၃ စိုက်ဧကအတွက် တောင်သူ ၇,၃၇၆ ဦးသို့ စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၄,၅၃၃.၅ သန်းနှင့် မိုးကြို(ချက်ကြဲ) စိုက်ဧက ၇၀ အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၇ သန်းကို တောင်သူ ၁၅ ဦးသို့ ထုတ်ချေးနိုင်ခဲ့ပါသည်။ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ကြက်ပေါင်စေးကို အစေးလှီးနိုင်သည့် ဧကမှာ ၂၇၆,၄၁၅ ဧက ဖြစ်ပြီး ၄၁,၂၇၂,၅၃၇ ပေါင် ထွက်ရှိခဲ့ပါသည်။ သထုံခရိုင်အတွင်း၌ ငါးမွေးကန်များ အသစ်တူးဖော်ခြင်းကြောင့် မွေးမြူရေးငါး ထုတ်လုပ်မှုတိုးတက်လာခြင်း၊ ရေစီးရေလာပြောင်းလဲမှု ကြောင့် ပင်လယ်ပြင်နှင့် ဘုံငါးဖမ်းရေပြင်တို့တွင် ငါးဖမ်းရရှိမှုကောင်းလာခြင်းကြောင့် ရေငန်ငါး/ပုစွန်

ထုတ်လုပ်မှုတိုးလာခြင်း ဖြစ်ပါသည်။ သစ်တောကဏ္ဍအနေဖြင့် ယခင်နှစ်ကထက် ကျွန်း ၂၅ ကုဗတန်နှင့် သစ်မာ ၁၈၆ ကုဗတန် ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

ပုဂ္ဂလိကပိုင်အခန်း ငွေကြေးဝန်ဆောင်မှုတွင် ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကဘဏ်ခွဲ ၄၄ ခု တို့၏ အတိုးရငွေများ၊ ငွေလွှဲခ ရငွေများ ပိုမိုခဲ့ခြင်းနှင့် Micro Finance ၁၈ ခုတို့မှ အဖွဲ့ခွဲများမှ နယ်မြေ တိုးချဲ့၍ အသင်းအသစ်များ တိုးချဲ့ဖွဲ့စည်းခြင်း၊ အသင်းသားများ တိုးလာခြင်းတို့ကြောင့် အသင်းဝင်ကြေး ပိုမိုရရှိလာခြင်း၊ အသင်းမှ ပို၍ငွေထုတ်ချေးပေးနိုင်ခြင်းတို့ကြောင့် ယခင်နှစ်ထက် တိုးတက်မှုရှိကြောင်း တွေ့ရှိရပါသည်။

မော်လမြိုင်မြို့နယ်တွင် ကုန်စည်ဒိုင်တစ်ခု၊ ရတနာထွန်းပွဲရုံ နယ်မြေတွင် ပွဲရုံ ၇၆ ခု တို့ဖြင့် မြို့နယ်အသီးသီးမှ ထွက်ရှိသော ကုန်ပစ္စည်းများကိုရောင်းဝယ် ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ သစ်သီးဝလံ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ခရမ့်ရာဘာနှင့် ရေထွက်ပစ္စည်းများကို ကုန်ချောထုတ်လုပ်ပြီး နိုင်ငံခြားသို့တင်ပို့ရောင်းချခြင်း လုပ်ငန်းများကိုဆောင်ရွက် လျက်ရှိပါသည်။

## ရခိုင်ပြည်နယ်





| | |
|---|---|
| တည်နေရာ | = မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၀ မိနစ် မှ ၂၁ ဒီဂရီ ၃၀ မိနစ်အတွင်း၊ အရှေ့ လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ်မှ ၉၃ ဒီဂရီ ၅၀ မိနစ်အတွင်း |
| အကျယ်အဝန်း | = ၁၄,၂၀၀.၁၈ စတုရန်း မိုင် ဧက ၉,၀၈၈,၀၅၃ |
| လူဦးရေ | = ဦးရေ ၃,၃၀၀ (ထောင်ပေါင်း) ( ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ နှစ်လယ် လူဦးရေ ) |
| မြို့တော် | = စစ်တွေ |
| ထူးခြားသည့် အမှတ်အသား | = View Point စစ်တွေ၊ ပေလီ(ကမ်းခြေ)သံတွဲ |
| ခရိုင် | = ၅ ခရိုင် |
| မြို့နယ် | = ၁၇ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍများ | = လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ |
| ဆက်စပ်သည့် ဒေသများ | = အရှေ့ဘက်တွင် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ဘင်္ဂလား ပင်လယ်အော်၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် အနောက် မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ချင်းပြည်နယ် |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၉၈၇,၃၇၀.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ** အရ ၄.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ


ပုံ(၄-၃၁) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၃၂) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)





ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရခိုင်ပြည်နယ်)

ရခိုင်ပြည်နယ်၏ ဒုတိယ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၆၉၄,၂၉၈.၈ သန်း ရရှိခဲ့ပြီး စီမံကိန်းရည်မှန်းချက်အပေါ် ၆၇.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၄.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၃၃)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရခိုင်ပြည်နယ်)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ရခိုင်ပြည်နယ်သည် **ပုံမှန်ဈေးနှုန်းများ** အရ ၄.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ငွေရေးကြေးရေး ကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍတို့တွင် တိုးတက်မှု နှုန်း မြင့်မားခဲ့ပါသည်။ ဆက်သွယ်ရေးကဏ္ဍတွင် တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး လယ်ယာကဏ္ဍတွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် နယ်မြေတည်ငြိမ်မှု မရှိခြင်း၊ အချို့နယ်မြေများတွင်ရိတ်သိမ်းနိုင်မှုမရှိခြင်း၊ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင်လည်း သီးနှံ အချို့စိုက်ပျိုးနိုင်မှု မရှိခြင်းတို့ကြောင့် သီးနှံများအထွက် လျော့နည်းခဲ့ပါသည်။ စာတိုက်ဝင်ငွေ တိုးတက်လာသော်လည်း တယ်လီဖုန်းဝင်ငွေနှင့် ကြေးနန်းဝင်ငွေမှာ ယခင်နှစ်ထက် လျော့နည်းခဲ့ ပါသည်။

ထင်း၊ မီးသွေး၊ ဝါးနှင့် ခနိသက္ကယ် ထုတ်လုပ်မှုများ လျော့နည်းခဲ့သော်လည်း သစ်မာ ထုတ်လုပ်မှု ပိုလာခြင်းကြောင့် သစ်တောကဏ္ဍတိုးတက်ခဲ့ပြီး သစ်တောထွက်ပစ္စည်းများအပေါ် အခွန်ကောက်ခံမှုမှာ

ကျပ် ၁၉၆.၄၀၂ သန်း ရရှိခဲ့ပါသည်။ လက်ယက်တွင်းများမှ ရေနံစိမ်း အမေရိကန်စည်ပေါင်း (၄၂၀) ထုတ်လုပ်နိုင်ခဲ့ပြီး ကမ်းလွန်သဘာဝဓါတ်ငွေ့ ထုတ်လုပ်ရာတွင် ပြည်တွင်းပြည်ပမှ ဝယ်ယူမှုအပေါ် မူတည်၍ ထုတ်လုပ်တင်ပို့ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ စက်မှုလက်မှုကဏ္ဍတွင် အကြီးစားနှင့် အသေးစားရေယာဉ် ပြင်ဆင်ခြင်းလုပ်ငန်းများ၊ အသေးစားစက်မှုလက်မှု လုပ်ငန်းများ တိုးတက်ခဲ့ပါသည်။

မောင်တောဒေသတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကော်မတီမှ တာဝန်ယူ ဆောက်လုပ်လျက်ရှိသည့် မေယုတောင်ကျော်လမ်းများနှင့် စစ်တွေ- ရေချမ်းပြင် - အငူမော် - မောင်တော လမ်း၊ အိမ်ရာသစ်စီမံကိန်းများ၊ ကညင်ချောင်းစီးပွားရေးဇုန်၊ ဘုန်းတော်ကြီးကျောင်းနှင့် ဘာသာရေး အဆောက်အဦများကိုလည်း တည်ဆောက်ပေးလျက် ရှိပါသည်။ ပုဂ္ဂလိကအနေဖြင့်လည်း စစ်တွေမြို့တွင် အိန္ဒိယအစိုးရအကူအညီဖြင့် ရေနက်ဆိပ်ကမ်းတည်ဆောက်နေခြင်း၊ ဟိုတယ်လုပ်ငန်းများ တိုးချဲ့ပြုပြင် ခြင်း၊ သာသနာရေးအဆောက်အဦများ၊ လူနေအိမ်များ တည်ဆောက်ပြုပြင်ခြင်း၊ ဒုက္ခသည်စခန်းများ တွင် လိုအပ်သော အဆောက်အဦများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ဘဏ်လုပ်ငန်းများ၊ ချေးငွေလုပ်ငန်းများ၊ ပုဂ္ဂလိက အသေးစားငွေချေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ဝင်ငွေပိုမို တိုးတက်လာခဲ့ပါသည်။ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်များ အဆင့်မြှင့်တင်ခြင်း၊ ဟိုတယ်ဝန်ဆောင်မှု သင်တန်းများ၊ ဧည့်လမ်းညွှန်သင်တန်းများ၊ ခရီးသွားဝန်ဆောင်မှု သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ခရီးသည်များ လာရောက်လည်ပတ်မှုများပြားသဖြင့် ဟိုတယ်နှင့် ခရီးဝင်ငွေများ တိုးတက်ခဲ့သည့်အပြင် ပို့ဆောင်ရေးဝင်ငွေများလည်း တိုးတက်ခဲ့ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်၁၆ဒီဂရီ၁၅ မိနစ်မှ ၁၇ ဒီဂရီ ၅၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ်၉၅ဒီဂရီ၄၂ မိနစ်မှ ၉၆ဒီဂရီ၄၆ မိနစ်အတွင်း၊ |
| အကျယ်အဝန်း | = | ၃,၉၆၇.၈၆(စတုရန်းမိုင်) |
| လူဦးရေ | = | ဦးရေ - ၇,၉၃၆ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | ရန်ကုန်မြို့ |
| ထူးခြားသည့် အမှတ်အသား | = | ရွှေတိဂုံဘုရား |
| ခရိုင် | = | ၄ ခရိုင်၊ |
| မြို့နယ် | = | ၄၅ မြို့နယ်၊ |
| အဓိကစီးပွားရေး ကဏ္ဍများ | = | စက်မှုလက်မှုကဏ္ဍ၊ပို့ဆောင်ရေးကဏ္ဍ |
| ဆက်စပ်သည့်ဒေသများ | = | အရှေ့ဘက်နှင့်မြောက်ဘက်တွင်ပဲခူးတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ တောင်ဘက်တွင် မုတ္တမပင်လယ်ကွေ့ |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂၂,၄၀၀,၉၆၄.၁ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၈.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၃၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၃၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရန်ကုန်တိုင်းဒေသကြီး)

ရန်ကုန်တိုင်းဒေသကြီး၏ ဒုတိယ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁၄,၈၈၀,၅၁၈.၁ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၆.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၁၀.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၃၆)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရန်ကုန်တိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ရန်ကုန်တိုင်းဒေသကြီးသည် ပုံမှန်ဈေးနှုန်းများအရ ၁၀.၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သားငါး၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး နှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်းမြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး၊ သစ်တော နှင့် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

စိုက်ပျိုးစရိတ်ချေးငွေအနေဖြင့် ဆောင်းသီးနှံချေးငွေ ကျပ် ၃၃,၉၈၃.၄၅ သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။ စက်မှုကဏ္ဍတွင် အကြီးစား ၃,၀၃၀ ခု၊ အလတ်စား ၂,၁၈၄ ခု၊ အသေးစား ၁,၆၇၈ ခု နှင့် လုပ်ငန်းစုစုပေါင်း ၆,၈၉၂ ခု မှတ်ပုံတင် ထားရှိပြီးဖြစ်ပါ သည်။ သီလဝါ အထူး စီးပွားရေးဇုန်တွင် စက်ရုံ ၃၉ ရုံမှ အလုပ်သမားဦးရေ ၅,၀၀၀ ကျော်ခန့်ထားပြီး ထုတ်လုပ်မှုများ စတင်နေပြီဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီ ဖြစ်ပါသည်။ ပို့ဆောင်ရေးတွင် ယာဉ်လိုင်းပေါင်း ၉၀ ကျော်၊ ယာဉ်စီးရေ ၅,၀၀၀ ကျော်တို့ဖြင့် ပို့ဆောင်ပေးလျက် ရှိပါသည်။ မြို့နယ် ၇ မြို့နယ်ရှိ ကျေးရွာပေါင်း ၈၀ တွင် တစ်ရွာလျှင် ကျပ်သိန်း ၁၀၀ စီဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## ရှမ်းပြည်နယ်





| | |
|---|---|
| တည်နေရာ | = မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ်မှ ၂၄ ဒီဂရီ ၉ မိနစ်နှင့် အရှေ့ လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် မှ ၁၀၁ ဒီဂရီ ၁၃ မိနစ် |
| အကျယ်အဝန်း | = ၆၀,၁၅၅.၂၃ စတုရန်းမိုင်၊ ၃၈,၄၉၉,၃၄၅ ဧက |
| လူဦးရေ | = ဦးရေ ၆,၁၈၉ ထောင်ပေါင်း (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော် | = တောင်ကြီးမြို့ |
| ထူးခြားသည့် အမှတ်အသား | = အင်းလေးကန် |
| ခရိုင် | = ၁၃ ခရိုင် |
| မြို့နယ် | = ၅၅ မြို့နယ် |
| ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | = ‘ဝ’ |
| ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | = ပအိုဝ်း၊ ဓနု၊ ပလောင်နှင့် ကိုးကန့် |
| အဓိကစီးပွားရေး ကဏ္ဍများ | = လယ်ယာ၊ သားငါး၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှု၊ ပို့ဆောင်ရေး၊ |
| ဆက်စပ်သည့် ဒေသများ | = မြောက်ဘက်တွင်ကချင်ပြည်နယ်၊ အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင် လာအိုနိုင်ငံ၊ အရှေ့တောင်ဘက်တွင်ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅,၄၂၂,၁၀၀.၅ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၅.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ


ပုံ(၄-၃၇) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၃၈) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရှမ်းပြည်နယ်)

ရှမ်းပြည်နယ်၏ ဒုတိယ (၆) လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃,၅၃၅,၆၀၅.၈ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၅.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၅.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၃၉)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရှမ်းပြည်နယ်)

**သုံးသပ်ချက်**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ရှမ်းပြည်နယ်သည် **ပုံမှန်ဈေးနှုန်းများအရ** ၅.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ဆောက်လုပ်မှုကဏ္ဍမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပါသည်။ ဆက်သွယ်ရေးကဏ္ဍသည် တိုးတက်မှုနှုန်း လျော့နည်းခဲ့ပါသည်။

မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးခြင်း၊ စနစ်တကျကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ် ၃၁ မြို့နယ်ကို သီးနှံအလိုက် ချေးငွေကျပ် ၁၃,၈၂၀.၂ သန်း ထုတ်ချေး ပေးနိုင်ခဲ့ပါသည်။

တောင်ကြီးမြို့နယ်တွင် နောင်ကားမွေးမြူရေးခြံ(၂)မှ တစ်ရက်လျှင် ကြက်ဥ ၂ သိန်းခန့် ထွက်ရှိကာ ရန်ကုန်မြို့၊ ကျောက်ပန်းတောင်းမြို့၊ ကျိုင်းတုံမြို့များသို့ အများဆုံး တင်ပို့နိုင်ခဲ့ပါသည်။

သဘာဝတောတန်ဖိုးမြင့်စိုက်ပျိုးခြင်း ၄၅၀ ဧက၊ ဓမ္မတာမျိုးဆက်ခြင်း ၇,၀၆၅ ဧက၊ ပေါင်းသင်ရှင်းလင်းခြင်း ၁,၀၃၀ ဧက နှင့် မီးကာကွယ်ခြင်း ၃,၈၉၆ ဧကတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ကမ္ဘာ့ဇောဏ်ခွဲအသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်သည့်အပြင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော Mobile Banking စနစ်များ၊ Credit Card အသုံးပြုသော စနစ်များ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကုန်သွယ်ရေးကဏ္ဍတွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၂,၃၅၈.၀၄၉ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၇၈၆.၁၆၁ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃,၁၄၄.၂၁၀ သန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၆.၆၀၃ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၃၃.၈၆၈ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၀.၄၇၁ သန်းနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၃၈.၆၀၅ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၄.၆၅၄ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၃.၂၅၉ သန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး





| | |
|---|---|
| တည်နေရာ | = မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၀ မိနစ် မှ ၁၈ ဒီဂရီ ၃၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၅ မိနစ်မှ ၉၆ ဒီဂရီ ၁၅ မိနစ်အတွင်း၊ |
| အကျယ်အဝန်း | = ၁၃,၅၂၅.၈၈ စတုရန်းမိုင် ၈,၆၅၆,၅၆၄ ဧက |
| လူဦးရေ | = ဦးရေ - ၆,၂၇၁ (ထောင်ပေါင်း) (၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော် | = ပုသိမ် |
| ထူးခြားသည့် အမှတ်အသား | = ငွေဆောင်ကမ်းခြေနှင့် ချောင်းသာ ကမ်းခြေ |
| ခရိုင် | = ၆ ခရိုင် |
| မြို့နယ် | = ၂၆ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍများ | = လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ခရီးသွားလုပ်ငန်း |
| ဆက်စပ်သည့် ဒေသများ | = အရှေ့- ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီး<br>အနောက် - ဘင်္ဂလားပင်လယ်အော်<br>တောင် - ကပ္ပလီပင်လယ်<br>အနောက်မြောက် - ရခိုင်ပြည်နယ်<br>မြောက် - ပဲခူးတိုင်းဒေသကြီး |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ဧရာဝတီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁၀,၀၃၀,၂၆၃.၆ သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ** အရ ၆.၄ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၄၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၄၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ဧရာဝတီတိုင်းဒေသကြီး)

ဧရာဝတီတိုင်းဒေသကြီး၏ ဒုတိယ(၆)လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၆,၅၅၆,၄၉၉.၇ သန်း ရရှိခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၆၅.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ** အရ ၇.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၄၂)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံး(ဧရာဝတီတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်တွင် ဧရာဝတီတိုင်းဒေသကြီးသည် **ပုံမှန်ဈေးနှုန်းများ** အရ ၇.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် ငွေရေးကြေးရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး သစ်တောကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ တို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

သစ်တောကဏ္ဍတွင် နိုင်ငံပိုင်သစ်မာထုတ်လုပ်မှုမှာ ယခုနှစ်တွင် ၁၂,၆၆၀ ကုဗတန် ထုတ်လုပ်နိုင်ခဲ့သော်လည်း ပုဂ္ဂလိကပိုင် ကျွန်းနှင့်သစ်မာထုတ်လုပ်မှုမှာ လျော့နည်းခဲ့ခြင်း၊ ထင်းနှင့် မီးသွေး ထုတ်လုပ်မှုမှာ အစားထိုးလောင်စာနှင့် လျှပ်စစ်အသုံးပြုမှု များပြားလာခြင်း၊ ကြိမ်ထုတ်လုပ်မှုမှာ ယခင်နှစ်ထက် ၃၅၉ လုံးရေ (ထောင်ပေါင်း) လျော့နည်းခဲ့ရခြင်း၊ သစ်ခေါက် ထုတ်လုပ်မှုမှာလည်း လျော့ချ၍ ထုတ်လုပ်နေခြင်းတို့ကြောင့် လျော့နည်းရခြင်း ဖြစ်ပါသည်။

စွမ်းအင်ကဏ္ဍတွင် ယခင်နှစ်ကထက် သဘာဝဓါတ်ငွေ့(ကုန်းတွင်း)ထုတ်လုပ်မှု ၂၃၆ ကုဗပေသန်း တိုးတက်လာခြင်း၊ ဘူးသွင်းသဘာဝဓါတ်ငွေ့ (ကုန်းတွင်း) ထုတ်လုပ်မှုမှာ ၂၃၈ ကုဗပေသန်း


တိုးတက်လာခြင်း၊ စီအန်ဂျီ (ဂတ်စ်) ဆိုင်များသို့ ပေးပို့မှုများလာခြင်းကြောင့် တိုးတက် လာခြင်းဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ပုဂ္ဂလိကပိုင်အခန်းမှ ကျေးလက်မီးလင်းရေးအနေဖြင့် ကိုယ်ထူကိုယ်ထ ကျေးရွာမီးလင်းရေး ၁၁/၀.၄ ကေဗွီထရမ်စဖော်မာ ၂၈ လုံး၊ လျှပ်စစ်ဝန်ကြီးဌာနပိုင် ထရမ်စဖော်မာ ၃ လုံး၊ အခြားဝန်ကြီးဌာနပိုင် ထရမ်စဖော်မာ ၁၂ လုံး၊ ပုဂ္ဂလိကပိုင်ထရမ်စဖော်မာ ၃၈ လုံးဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဦးစီးဌာနမှ ကျေးရွာများတွင် ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ငွေရေးကြေးရေးကဏ္ဍတွင် သမအသင်း၏ အတိုးရငွေများနှင့် China Exim Bank ချေးငွေမှ အတိုးရငွေများ၊ ဟသ်ာတမြို့နယ်တွင် ပုဂ္ဂလိကဘဏ်ဖြစ်သော ဧရာဝတီတောင်သူလယ်သမားဖွံ့ဖြိုးရေး ဘဏ် အသစ်ဖွင့်လှစ်ခဲ့ခြင်းနှင့် စုစုပေါင်းပုဂ္ဂလိကဘဏ် ၉၁ ဘဏ်တို့၏ အတိုးရငွေများနှင့် အသေးစား ငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသော NGO၊ INGO အဖွဲ့အစည်း ၃၄ ဖွဲ့မှ မြို့နယ် ၂၆ မြို့နယ်၊ ရပ်ကွက် ၂၅၁ ရပ်ကွက်၊ ကျေးရွာပေါင်း ၅,၅၇၁ ရွာ တို့တွင် ချေးငွေ ထုတ်ချေးနိုင်ခဲ့၍ ၄င်းချေးငွေများအပေါ်မှ အတိုးရငွေများသည် ယခင်နှစ်အလားတူကာလထက် ပိုမို ရရှိခြင်းကြောင့် ဖြစ်ပါသည်။

ခရီးသည်ဝင်ရောက်မှုမှာ ပြည်တွင်းခရီးသည် ၈၂,၃၅၈ ဦး၊ ပြည်ပခရီးသည် ၂၄,၄၃၄ ဦး လာရောက်လည်ပတ်ပြီး ပြည်တွင်းခရီးသွားများသုံးစွဲသည့်ငွေ ကျပ် ၆,၅၁၄.၈ သန်း၊ ပြည်ပခရီးသွားများ သုံးစွဲသည့်ငွေ ဒေါ်လာ ၃.၁၂ သန်း ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း အပန်းဖြေဟိုတယ်ဇုန် ၂ ခု သတ်မှတ်ဆောင်ရွက်ထားရှိရာ အဆိုပါကမ်းခြေဒေသများကို အမှီပြု၍ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၈မိနစ်မှ ၂၀ ဒီဂရီ ၂၅ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၉၆ မိနစ်မှ ၉၆ ဒီဂရီ ၄၅ မိနစ်အတွင်း |
| အကျယ်အဝန်း | = | ၁,၇၄၃,၈၄၄ဧက၊ ၂,၇၂၄.၇၆ စတုရန်းမိုင် |
| လူဦးရေ | = | ဦးရေ - ၁,၂၃၈ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နှစ်လယ်ရှိ လူဦးရေ) |
| မြို့တော် | = | နေပြည်တော် |
| ထူးခြားသည့် အမှတ်အသား | = | ပြည်သူ့လွှတ်တော်အဆောက်အဦ၊ ရေပန်းဥယျာဉ် |
| ခရိုင် | = | ၂ ခရိုင် |
| မြို့နယ် | = | ၈ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | လယ်ယာ၊စက်မှုလက်မှု၊ ဝန်ဆောင်မှု |
| ဆက်စပ်သည့် ဒေသများ | = | မြောက်ဘက်တွင် –မန္တလေးတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် –ရှမ်းပြည်နယ်၊ တောင်ဘက်တွင် –ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အနောက်ဘက်တွင်–မကွေးတိုင်းဒေသကြီး |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ **စီမံကိန်းတွင်** ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၈၈၀,၀၅၀.၀ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၅.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်း ခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ


ပုံ(၄-၄၃) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၄၄) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)





ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁၂၉,၄၃၃,၃.၃ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၈.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၅.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၄၅)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပြည်ထောင်စုနယ်မြေ၊နေပြည်တော်)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ဒုတိယ(၆)လပတ်တွင် **ပုံမှန်ဈေးနှုန်းများအရ** ၅.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သစ်တောကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍ တို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများဖြစ်သည့် သားငါး၊ စက်မှု၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေးနှင့် လူမှုစီမံကဏ္ဍတို့မှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပါသည်။ လယ်ယာကဏ္ဍတွင် ယခင်နှစ်ကထက် လျော့နည်းခဲ့ပါသည်။

စက်မှုလယ်ယာဦးစီးဌာနမှ ထွန်ယက်ရေးလုပ်ငန်းအနေဖြင့် ၅၁၆,၁၆၇ ဧက ကို ထွန်ယက်နိုင်ခဲ့ပြီး လယ်ယာသုံးစက်ကိရိယာ ဖြန့်ဖြူးရောင်းချမှုတွင် ၄၂ စီးရောင်းချနိုင်ခြင်း၊ ရိတ်သိမ်း ခြွေလှေ့ခြင်း လုပ်ငန်းတွင် ၇,၂၇၈ ဧက ဆောင်ရွက်နိုင်ခဲ့ပါသည်။

သားငါးကဏ္ဍအနေဖြင့် မျိုးမြင့်သားစပ်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မျိုးမြင့် သားစပ်ပေးနိုင်မှု အခြေအနေမှာ ခိုင်းနွား ၃၃၉ ကောင်၊ နို့စားနွား ၁၉၁ ကောင်၊ အသားစားနွား ၁၂၆ ကောင်၊ စုစုပေါင်း ၆၅၆ ကောင်အား မျိုးမြင့်သားစပ် ပေးနိုင်ခဲ့ပါသည်။

သစ်တောကဏ္ဍတွင် သဘာဝတောမှ သစ်ထုတ်လုပ်မှု ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးအကျိုးအမြတ် ရရှိနိုင်ရန် အဖိုးတန်သစ်မျိုးများဖြစ်သော ကျွန်းစိုက်ခင်း ၂၀၀ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍတွင် မြို့တွင်းယာဉ်လိုင်း ၅ လိုင်းနှင့် နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) သည် နေပြည်တော်အခြေပြု အသင်း ၂၅ သင်းမှ ယာဉ်လိုင်း ၇၅ လိုင်း ယာဉ်လိုင်း စုစုပေါင်း ၈၀ လိုင်းမှ မော်တော်ယာဉ်များ ပြေးဆွဲခြင်းကြောင့် ခရီးသည် ဝင်ငွေ နှင့် ကုန်စည်များ ပို့ဆောင်ခြင်းမှ ဝင်ငွေများ ရရှိခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍတွင် ပုဂ္ဂလိကဆောက်လုပ်မှုလုပ်ငန်းများဖြစ်သည့် Orginal high Way Company မှ BOT လမ်းနှင့် တံတားများတည်ဆောက်ခြင်း၊ ယူနိုက်တက် ပဲလေ့စ်ဟိုတယ်၊ Rose Land ဟိုတယ်၊ Star World စသည့် ဟိုတယ်များ အဆင့်မြှင့်အလှဆင်မှုများပြုလုပ်ခြင်း၊ ဇမ္ဗူသီရိမြို့နယ် အဆင့်မြင့်ဈေး၊ သပြေကုန်းနှင့် ရွှေကြာပင်ရပ်ကွက်များတွင် လုံးချင်း အိမ်ရာများ ဆောက်လုပ်ခြင်း၊ လယ်ဝေးမြို့နယ် ဝိသာခါဖောင်ဒေးရှင်းမှ ပုဏ္ဏမိဂုဏ်ဝေ ကျောင်းတိုက်အတွင်း လေးထပ်ကျောင်းဆောင် ထပ်မံ ဆောက်လုပ်လှူဒါန်းခြင်းနှင့် KBZ ဘဏ် အဆောက်အဦအသစ် ဆောက်လုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ကုန်သွယ်ရေးကဏ္ဍတွင် အဓိကထွက်ကုန်များဖြစ်သော စပါး၊ မြေပဲ၊ နေကြာ၊ ပဲမျိုးစုံ တို့အားပွဲရုံများမှ တစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့များသို့တင်ပို့ပြီး လူသုံးကုန်ပစ္စည်းများကို တင်သွင်း ရောင်းချလျက်ရှိပါသည်။

## အခန်း(၅)

## ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအခြေအနေများ

### ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကကဏ္ဍဖြစ်သည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ပါ အစီအစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် "ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ"ကို ဖွဲ့စည်းပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ကို မဏ္ဍိုင်(၅)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မူဘောင်ပါအစီအစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် မဏ္ဍိုင်အလိုက် အကောင်အထည်ဖော်မည့် လုပ်ငန်းကော်မတီ(၅)ရပ်ကိုလည်း ဖွဲ့စည်းဆောင်ရွက် လျက်ရှိပါသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လုပ်ငန်းကော်မတီ များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ၂ လလျှင် ၁ ကြိမ်တွေ့ဆုံပြီး ကုန်သည်လုပ်ငန်းရှင်များမှတင်ပြ သည့်ကိစ္စရပ်များအား သက်ဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ Ease of Doing Business အဆင့်တက်လာရေး ဆက်လက်ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များအား လုပ်ငန်းကော်မတီများနှင့် ဆွေးနွေးညှိနှိုင်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ကဏ္ဍအလိုက်ရွေးချယ်စုစည်းထားသည့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက် ပေးရန် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန် တွေ့ဆုံဆွေးနွေးပွဲများကို ကော်မတီဥက္ကဋ္ဌမှ ဦးဆောင် ၍ ဆောင်ရွက်ခဲ့ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များမှ အကြံပြုတင်ပြချက်များအား မြန်မာနိုင်ငံကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကဏ္ဍအလိုက်စုစည်း၍ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသို့ ပေးပို့လာသည့်အကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးများနှင့် လုပ်ငန်းကော်မတီများ၏ ပြန်ကြားချက်များကို UMFCCI မှတစ်ဆင့် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍ၊ အသင်းအဖွဲ့များသို့ ပြန်ကြားပြီးဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လစဉ်တွေ့ဆုံညှိနှိုင်း အစည်းအဝေးပွဲများမှ စီးပွားရေး လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖြေရှင်းဆောင်ရွက်မှု ပြုခဲ့သော် လည်း အချို့ကိစ္စရပ်များတွင် အပြည့်အဝပြီးပြတ်သည်အထိ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ကဏ္ဍအလိုက်

လုပ်ငန်းကော်မတီ ၅ ရပ်မှ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တင်ပြသူလုပ်ငန်းရှင်များကို Public Private Dialogue (PPD) ပြုလုပ်၍ ပြီးပြတ်သည်အထိ ဆောင်ရွက်ပေးလျက်ရှိပါသည်။

**Doing Business Report အပေါ်ဆောင်ရွက်မှုအခြေအနေများ**

ကမ္ဘာ့ဘဏ်မှ နိုင်ငံများ၏ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရန် လွယ်ကူမှုအဆင့် အခြေအနေ အစီရင်ခံစာ (Doing Business Report)ပါ မှတ်ကျောက်များတွင် မြန်မာနိုင်ငံအနေဖြင့် တိုးတက်မှုများ ရရှိစေပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင်လည်း လွယ်ကူချောမွေ့အဆင်ပြေစေရန် ရည်ရွယ်၍ (Doing Business Report) အား ၂၀၁၄ ခုနှစ်မှ စတင်၍ နှစ်စဉ် ထုတ်ပြန်လျက်ရှိပါသည်။

ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် Doing Business အစီရင်ခံစာပါ လုပ်ငန်းစဉ်များမှာ စီးပွားရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်စေမှု အခြေအနေကို တိုင်းတာ၍ အဆင့်သတ်မှတ်ဖော်ပြ ခြင်းဖြစ်ရာ မြန်မာနိုင်ငံသည်စစ်တမ်းကောက်ယူခဲ့သည့် နိုင်ငံပေါင်း ၁၉၀ အနက် ၂၀၁၇ ခုနှစ်တွင်အဆင့် ၁၇၀ ၌ ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အဆင့် ၁၇၁ သို့ ရောက်ရှိလာခဲ့ပါသည်။

ကမ္ဘာ့ဘဏ်အုပ်စုမှ Doing Business ပါ Indicator များအရ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် Ease of Doing Business Ranking အဆင့်ပြောင်းလဲတိုးတက်မှုနှင့် ညွှန်းကိန်းတစ်ခုချင်းအလိုက် ပြောင်းလဲမှုရမှတ်များအား နှိုင်းယှဉ်ဖော်ပြအပ်ပါသည် -

## ဇယား (၅-၁)

## ကမ္ဘာ့ဘဏ်အုပ်စုမှ Doing Business ပါ အကဲဖြတ်ချက်များအပေါ် မြန်မာနိုင်ငံ၏ တိုးတက်မှုအခြေအနေများ

| စဉ် | အကြောင်းအရာ | DB 2017 | DB 2018 | Change in Rank | DB 2017 | DB 2018 | Change in DTF (% points) |
|---|---|---|---|---|---|---|---|
| | | Rank | Rank | | DTF(%) | DTF(%) | |
| | **စုစုပေါင်းအဆင့် Rank** | 170 | 171 | ↓ 1 | 43.91 | 44.21 | ↑ 0.30 |
| ၁ | စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း ( Starting a Business ) | 146 | 155 | ↓ 9 | 75.29 | 75.42 | ↑ 0.13 |
| ၂ | ဆောက်လုပ်ခွင့်ရယူခြင်း (Dealing with Constuction Permits) | 66 | 73 | ↓ 7 | 69.98 | 70.33 | ↑ 0.35 |
| ၃ | လျှပ်စစ်ဓါတ်အားရရှိနိုင်မှု (Getting Electricity) | 149 | 151 | ↓ 2 | 52.17 | 52.52 | ↑ 0.35 |
| ၄ | ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း ( Registering Property ) | 143 | 134 | ↑ 9 | 50.62 | 52.3 | ↑ 1.68 |
| ၅ | ချေးငွေရရှိနိုင်မှု ( Getting Credit) | 175 | 177 | ↓ 2 | 10.00 | 10.00 | — |
| ၆ | အနည်းစု ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း (Protecting Minority Investors ) | 179 | 183 | ↓ 4 | 25.00 | 25.00 | — |
| ၇ | အခွန်ပေးဆောင်မှု ( Paying Tax ) | 119 | 125 | ↓ 6 | 63.68 | 63.94 | ↑ 0.26 |
| ၈ | ပြည်ပကုန်သွယ်မှု ( Trading across Borders ) | 159 | 163 | ↓ 4 | 47.40 | 47.67 | ↑ 0.27 |
| ၉ | ပဋိညာဉ်များအတည်ပြုဆောင်ရွက်ခြင်း ( Enforcing Contracts) | 188 | 188 | — | 24.53 | 24.53 | — |
| ၁၀ | လူမွဲခံယူခြင်းလုပ်ငန်းစဉ်ဖြေရှင်းဆောင်ရွက်ပေးနိုင်မှု (Resolving Insolvency) | 164 | 164 | — | 20.39 | 20.39 | — |

source ; Doing Business 2018

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့၏ Ease of Doing Business Ranking တိုးတက်ရေးဆိုင်ရာကိစ္စများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့မှ Doing Business အစီရင်ခံစာပါ ညွှန်းကိန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခြင်း၊ ၂၀၁၉ ခုနှစ် Questionnaire များနှင့်ပတ်သက်၍ Ranking မြှင့်မားရေးအတွက် ညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ဝင်များနှင့် ဆွေးနွေးမှုများ

ပြုလုပ်ခြင်းနှင့် မြန်မာနိုင်ငံ၏ Ease of Doing Business မြင့်မားရေးအတွက် ကမ္ဘာ့ဘဏ်မှ ပေးပို့သည့် Trading Across Borders, Dealing with Construction Permit, Paying Taxes Indicators များနှင့် ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

**အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ**

အမျိုးသားပို့ကုန်မဟာဗျူဟာရှိ ကဏ္ဍအလိုက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) အတွင်း ကျင်းပနိုင်မှုမှာ-

(က) ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေး စီမံကိန်းအတွက် TcC များနှင့် အသေးစိတ် ညှိနှိုင်း အစည်းအဝေး၊

(ခ) ဆီထွက်သီးနှံကဏ္ဍ Collector များအတွက် လက်စွဲစာအုပ် ပြုစုထုတ်ဝေရေးဆိုင်ရာ ပညာရှင်အဖွဲ့ တတိယအကြိမ် အစည်းအဝေး၊

(ဂ) ခရီးသွားလုပ်ငန်းကဏ္ဍ Netherland Trust Fund IV (NTF IV) စီမံကိန်းသစ် စီမံကိန်းကြီးကြပ်မှုကော်မတီဖွဲ့စည်းရေး အစည်းအဝေး၊

(ဃ) သိုး၊ ဆိတ် ထုတ်လုပ်တင်ပို့မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရန် အကြိုညှိနှိုင်း အစည်းအဝေး၊

(င) ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီ (PSC) ၏ စတုတ္ထအကြိမ် အစည်းအဝေး၊

အမျိုးသားပို့ကုန်မဟာဗျူဟာရှိ ကဏ္ဍအလိုက် လုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) အတွင်း ကျင်းပနိုင်မှုမှာ-

(က) မြန်မာ့လက်မှုအနုပညာပစ္စည်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်မဟာဗျူဟာ ရေးဆွဲရေး ညှိနှိုင်းဆွေးနွေးပွဲ၊

(ခ) ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရေးစီမံကိန်းရှိ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Hazard Analysis and Critical Control Points-HACCP) လက်မှတ်ရရှိရေးဆိုင်ရာဆွေးနွေးပွဲ၊

(ဂ) ဧယျာကုန်သွယ်မှုဗဟိုဌာန၊ ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ၊

(ဃ) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး သဘောတူညီချက် (WTO-TFA) အရ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ ဆွေးနွေးပွဲ၊

(င) သိုး၊ ဆိတ် ထုတ်လုပ်တင်ပို့မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ၊

(စ) Non-Equity Mode (NEMs) အလုပ်ရုံဆွေးနွေးပွဲ၊

(ဆ) မနောမြေ ကုန်သွယ်မှုဇုန်ဟိုင်ဌာန၊ ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ၊

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လ)အတွင်း သင်တန်းများ ကျင်းပနိုင်မှုမှာ-

(က) ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ တန်ဘိုးကွင်းဆက်တစ်လျှောက် ပို့ကုန်ဝင်ငွေ တိုးမြှင့်လာစေရန် အစားအစာလုံခြုံစိတ်ချမှုရှိရေးနှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး GAP၊ SPS၊ MRLs ဒုတိယအဆင့် သင်တန်းများ၊

(ခ) တရုတ်နိုင်ငံဈေးကွက်သို့ လယ်ယာထွက်ကုန် (ဆန်၊ သကြား)နှင့် ရေထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေးအတွက် ပို့ကုန်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၊

(ဂ) ဥရောပသမဂ္ဂနိုင်ငံများသို့ ပို့ကုန်ပိုမိုတင်ပို့နိုင်ရေးအတွက် Myanmar-EU Trade Help desk ၏ အဓိကတာဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်စွာ ပံ့ပိုးပေးနိုင်ရန် How to Export to EU လုပ်ငန်း စီမံချက်ရေးဆွဲခြင်းသင်တန်း၊

(ဃ) နိုင်ငံတကာ ကုန်စည်ပြပွဲများတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်စေရေး သင်တန်း၊

(င) ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေး စီမံကိန်းအရ တောင်သူများအတွက် (GAP၊ SPS၊ MRLs ) ရိတ်သိမ်းချိန်လွန်ပိုင်းဆိုင်ရာ စတုတ္ထအကြိမ်သင်တန်း၊

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များတွင် အဓိကစီးပွားရေးအင်အားစုဖြစ်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဒေသထွက်ကုန်များ ဈေးကွက်ရရှိနိုင်ရေးရည်ရွယ်၍ ဧယျာကုန်သွယ်မှုဇုန်ဟိုင်ဌာနနှင့် မနောမြေကုန်သွယ်မှုဇုန်ဟိုင်ဌာန ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ကြီးမှူး၍ ဗြိတိန်နိုင်ငံ UK-DFID လက်အောက်ရှိ Dana Facility ၏ပံ့ပိုးကူညီမှုဖြင့် ကျင်းပခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲများမှ ဆွေးနွေးရရှိခဲ့သည့် ကဏ္ဍအလိုက်ဆွေးနွေးဖော်ထုတ်ချက်များ၊ ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ (Action Plan)များကို ပြုစု၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ(၁) နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်လက်တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

## အခန်း ( ၆ )

## ပြည်ပအကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီရရှိမှု

ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့သည် နိုင်ငံတကာမှပေးအပ်သော ဖွံ့ဖြိုးမှုအကူအညီများကို အသုံးပြုရာတွင် ပြည်သူများ ထိရောက်စွာအကျိုးရှိစေရေးအတွက် မြန်မာနိုင်ငံနှင့်မိတ်ဖက်အဖွဲ့အစည်းများအချင်းချင်း ညှိနှိုင်းခြင်း၊ ဖွံ့ဖြိုးမှုအကူအညီရယူခြင်းနှင့် အသုံးပြုခြင်းတို့ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊ ထိရောက်စွာအသုံးပြုခြင်းနှင့် တာဝန်ခံခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit-DACU) ၏ အတွင်းရေးမှူးရုံးအနေဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် ပြည်ပငွေကြေးနှင့်နည်းပညာအကူအညီ၊ အထောက်အပံ့များရရှိရေး၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။


ထိုသို့ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန်နှင့် နိုင်ငံအချင်းချင်း (Bilateral)၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ (Multilateral) ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများအကြား ညှိနှိုင်းမှုများပြုလုပ်ခြင်းနှင့် အမျိုးသားဦးစားပေးအစီအစဉ်များ၊ မဟာဗျူဟာများနှင့် အကူအညီအရင်းအမြစ်များ သဟဇာတဖြစ်စေရေးအတွက် စီမံဆောင်ရွက်ပါသည်။

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွင်း နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့နှင့် နည်းပညာစီမံချက်များရရှိရန် သဘောတူညီချက် မူဘောင်စာချုပ်များ၊ နားလည်မှုစာလွှာများ လက်မှတ်ရေးထိုးနိုင်သကဲ့သို့ ပြည်ထောင်စုဝန်ကြီးဌာနများ နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများမှ အဆိုပြုလိုသော စီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အလှူရှင်နိုင်ငံ အဖွဲ့အစည်းများသို့ အဆိုပြုလွှာများ ပေးပို့နိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကုန်အထိ ပြည်ပအကူအညီအထောက်အပံ့ရရှိရန် ဆောင်ရွက်မှုအခြေအနေများ၊ နိုင်ငံ/အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့နှင့် နည်းပညာအကူအညီ ရရှိမှုအခြေအနေများကို အောက်ပါ အတိုင်းဖော်ပြအပ်ပါသည်-

## ပုံ (၆-၁)


## ပြည်ပအကူအညီအထောက်အပံ့ရရှိရန် ဆောင်ရွက်မှုအခြေအနေ




နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီ အထောက်အပံ့နှင့် နည်းပညာစီမံချက်များကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စီမံချက်အရေအတွက် (၅၂) ခု၊ အမေရိကန် ဒေါ်လာ (၈၀၄.၈၉) သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ပေးခဲ့ပါသည်။


## ပုံ (၆-၂)

## နိုင်ငံနှင့် အဖွဲ့အစည်းများမှ ပြည်ပအကူအညီအထောက်အပံ့



## ပုံ (၆-၃)

## ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ရရှိမှု




ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ ရရှိမှုတွင် လူမှုစီးပွားကဏ္ဍမှ (ပညာရေး၊ လူမှုရေး၊ မီဒီယာ၊ ငွေရေးကြေးရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေး) ၆၆%၊ အခြေခံအဆောက်အအုံကဏ္ဍမှ (ဆောက်လုပ်ရေး) ၁၉%၊ သဘာဝသယံဇာတကဏ္ဍမှ ၅%၊ သဘာဝဘေးအန္တရာယ်ကဏ္ဍမှ ၄%၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍမှ ၄%၊ စိုက်ပျိုးရေးကဏ္ဍမှ ၂% ဖြစ်ပါသည်။

**နိဂုံး**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေး မူဝါဒများနှင့်အညီ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ဒုတိယ(၆)လပတ်အတွင်း လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ဒုတိယ(၆)လပတ်ကာလသည် လယ်ယာကဏ္ဍ မိုးစိုက်နှင့် ဆောင်းသီးနှံ များ စိုက်ပျိုးထွက်ရှိချိန်ဖြစ်၍ လယ်ယာအခြေခံ စက်မှုလုပ်ငန်းများဖြစ်သည့် ကြိတ်ခွဲမွမ်းမံလုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများ လုပ်ငန်းလည်ပတ်မှုများပြားခြင်း၊ ပွင့်လင်းရာသီဖြစ်သဖြင့် ဆောက်လုပ် ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ချိန်ဖြစ်ခြင်းနှင့် ပြည်သူများ ပြည်တွင်းခရီးသွားလာမှု အများဆုံးကာလဖြစ်ခြင်းတို့ကြောင့် ဒုတိယ(၆)လပတ်တွင် စီးပွားရေးတိုးတက်မှုနှုန်း မြန်ဆန်ပြီး ၇.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒုတိယ(၆)လပတ်အတွင်း ပညာရေးကဏ္ဍတွင် အခြေခံပညာသင်ကျောင်းများကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း၊ ကျောင်းသား၊ ဆရာအချိုး မျှတရေး အတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်သင် သင်တန်းဆင်းဆရာများနှင့် ပညာရေးတက္ကသိုလ်ဆင်း ဆရာများ၊ နေ့စားဆရာ၊ ဆရာမများကို မူလတန်းပြဆရာ၊ ဆရာမများအဖြစ် ခန့်ထားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေးကဏ္ဍတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်စေရန်အတွက် တိုက်နယ် ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် တိုင်းရင်းဆေးရုံတို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပြီး ပိုမိုစိတ်ချလုံခြုံမှုရှိသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အား ဖန်တီးပေးနိုင်ရန်နှင့် ပြည်တွင်းပြည်ပရှိ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်း၍ မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတကာမှပေးအပ်သော ဖွံ့ဖြိုးမှုအကူအညီများကို အသုံးပြုရာတွင် ပြည်သူများ ထိရောက်စွာ အကျိုးရှိစေရေးအတွက် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့မှ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ ထုတ်ပြန်ပြီး စနစ်တကျဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် မြန်မာပြည်သူ့ရင်းနှီးမြှုပ်နှံမှုအစီအစဉ်(မူကြမ်း) နှင့် Myanmar Sustainable Development Plan တို့ကိုလည်း ရေးဆွဲလျက်ရှိပါသည်။

နိုင်ငံတော်၏ စီးပွားရေးတွင် အဓိကကျသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် မူဘောင်များအား မဏ္ဍိုင်အလိုက် လုပ်ငန်းကော်မတီ ၅ ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို လစဉ်တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။

ပြည်ပကုန်သွယ်ရေးတွင် ပြည်တွင်းထွက်ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်တွင်းလိုအပ်ချက်အား ပြည်တွင်းမှာပင် ထုတ်လုပ်ရေးတို့ကို အလေးထားဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ကုန်ကြမ်းသာမက တန်ဖိုးမြှင့်ထုတ်ကုန်အမယ်သစ်များပါ ထုတ်လုပ်တင်ပို့နိုင်ရေးနှင့် ဈေးကွက်ချဲ့ထွင်ရေးတို့ ဆောင်ရွက်ခဲ့သဖြင့် ပြည်ပကုန်သွယ်မှုပမာဏ သိသာစွာ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်ရာတွင် လိုအပ်ချက်များ ပိုမိုဖြည့်ဆည်းဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအား ထိရောက် အကျိုးရှိစွာ သုံးစွဲနိုင်ရန်အတွက် ပြောင်းလဲကျင့်သုံးမည့် ဘဏ္ဍာရေးနှစ်မတိုင်မီ ကြားကာလဖြစ်သည့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လကို ပေါင်းကူးအဖြစ် ဆောင်ရွက်နိုင်ရန် လိုအပ်သည့်အစီအမံများ ချမှတ် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့်ပြည်သူများ၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို အလေးထားဆောင်ရွက်ရင်း ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ရရှိခြင်းမှတစ်ဆင့် ဝင်ငွေ တိုးမြှင့်ရရှိစေရေးတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။